
ဆင်တဲကဖေး
ဝတ္ထုတိုများ
စုစည်းမှု
လှိုက်လှဲစွာကြိုဆိုပါ၏
ဆင်တဲ
ပန်းတောင်းမြို့နယ်
BLACK ကော်ဖီ
sindecafe.com
ပုံမှန်
ကျဆိမ့်
Ice Coffee
ရေသန့်
ရေနွေးကြမ်း
ပေါ့ဆိမ့်
၂၀၀၉.၁၀
SINDECAFE.COM

မာတိကာ

၁။ ရေနွေးကြမ်း - တိမ်ညိုလေးရဲ့ မြစ်တစ်စင်း

၂။ ရေသန့် - ပျင်းတောင်ပျင်းသေးတယ်

၃။ ပုံမှန် - ဖိုးခွေးမဝင်ရ

၄။ ပုံမှန် - ရတနာအိမ်မက်

၅။ ပုံမှန် - ဆရာကြီးဒါပဲလား

၆။ ပုံမှန် - ဒေါသ၏ သင်္ကေတများ

၇။ အိုက်ကော်ဖီ - နေမြင့်လေ အရှူးရင်လေ

၈။ အိုက်ကော်ဖီ - မိဘနှင့်သားသမီး

၉။ အိုက်ကော်ဖီ - ပုပ္ပားတောင်နှင့် ပုဂံခရီး

၁၀။ ချိုကျ - ခိုဖြူတွေ ခင်းတဲ့ဇာတ်

၁၁။ ချိုကျ - နိစ္စဓူဝထဲက … ကကြိုးရုပ်

၁၂။ ချိုကျ - မြေခွေးကိုက်ခံရတဲ့ ပန်းသီး

၁၃။ ချိုကျ - ကျောင်းသူလေးအတွက်

၁၄။ ဘလက်ကော်ဖီ - ကျောင်းသားဘဝ အမှတ်တရ ဖြစ်ရပ်ကလေးတစ်ခု

၁၅။ ဘလက်ကော်ဖီ - အားလုံးပျော်ဖို့ နင်ငိုပါ

၁၆။ ဘလက်ကော်ဖီ - စင်္ကာပူမြေပေါ်မှ အလွဲများ ( ၁ )

၁၆။ ဘလက်ကော်ဖီ - စင်္ကာပူမြေပေါ်မှ အလွဲများ ( ၂ )

၁၇။ ပေါ့ဆိမ့် - ကောင်မလေးအတွက် တကယ်ပုံပြင်

၁၈။ ပေါ့ဆိမ့် - အိမ်မက်ချိုလေး

# တိမ်ညိုလေးရဲ့ မြစ်တစ်စင်း

တနေ့ မနက်စောစော ကျနော် ပျင်းပျင်းလေး ရှိတာနဲ့ အပြင်ကို ထွက်ခဲ့တယ် ။ ရပ်ကွက်ထဲက လူတွေလဲ တယောက်မှ မနိုးကြသေးလို့ရပ်ကွက်လေးကလဲ တိတ်ဆိတ်ငြိမ်သက်လို့ နေတယ်လေ ။ ဘယ်ကိုရယ် မသိပဲ သွားမိသွားရာ လျှောက်သွားလာလိုက်တာ တဖြေးဖြေးနဲ့ ရပ်ကွက်လေးနဲ့အဝေးကို ရောက် လာတယ် ။ဘေးနားမှာလဲ ဘာ သက်ရှိ /သက်မဲ့ ပစ္စည်းတခုမှ မတွေ့ရတော့ပဲ ဟင်းလင်းပြင်ကြီး တခုထဲကို ရောက်လာခဲ့တယ် ။ ဟိုဟိုဒီဒီကြည့်ရင်း စကားပြောသံကြားလို့ လှည့်ကြည့်လိုက်တော့ ဘေးနားမှာ တိမ်တအုပ် ပျံသန်းလွင့်မျောနေကြတယ်လေ....။ သူတို့က ကျနော့်ကို " *ဘယ်ကိုသွားမှာလဲလို့* " လဲ မေးကြတယ် ။ " *ဘယ်ရယ်မဟုတ် ပါဘူး ၊ မျောချင်ရာ မျောလွင့်နေတာပါလို့* " ပြောလိုက်တော့ သူတို့ထဲက တချို့က " *ဟာဒါဆို အတော်ပဲ ၊ ငါတို့နဲ့လမ်းကြောင်းသင့်တယ်တဲ့လေ* " ။



ဒါနဲ့ တယောက်ထဲ မျောချင်ရာ မျောနေမဲ့အတူ အဖော်တွေနဲ့ မျောနေရတာ ပိုကောင်းတာပေါ့လို့ စဉ်းစားမိပြီး သူတို့နဲ့အတူ လိုက်ပါလွင့်မျောပြီး နေလိုက်တာ တဖြည်းဖြည်း သူတို့တွေနဲ့ ပိုမိုခင်မင်လာတယ်လေ ။ အဲဒီတိမ်တွေနဲ့အတူ ပျံသန်းလွင့်မျောရင်း တိမ်အုပ်ထဲက အညိုရောင် မိုးတိမ်လေးကို မထင်မှတ်ပဲ စွဲလန်းသွားခဲ့တယ် ..။ သူ့ကို ရင်ထဲကနေ တိမ်ညိုရောင် ညီမလေးလို့ အမည်ပေးထားဖြစ်ခဲ့တယ် ။တိမ်ညိုရောင် ညီမလေးနဲ့ အတူ လွင့်မျောနေရတဲ့ အချိန်မျိုးတွေမှာ အားလုံးကို မေ့လျော့လို့နေတတ်ခဲ့တယ်လေ..။ ဒီလိုနဲ့စီးမျောနေလိုက်ကြတာ ညီမလေးဘေးနားမှာ အတူတူရှိနေရတာကို အရမ်းကို ပျော်ရွှင်ကျေနပ်နေခဲ့တယ် ။

တခါတလေကြရင် သူကကျနော်ကို စကားတွေ အများကြီးပြောပြီး ၊ကျနော် ပြန်ပြောရင်တော့ သူကနားထောင်ချင်မှ နားထောင်တတ်တယ်လေ ။ဘယ်လောက်တောင် ကြည်နူးမိနေသလဲဆိုရင် သူ့ဘဝကိုသူ မေ့နေတဲ့အထိပေါ့..။

တိမ်ညိုလေးနဲ့ တဖွဲ့တည်း လွင့်မျောနေတဲ့ တိမ်နွယ်မမ တချို့က သူ့ကိုသတိပေးတယ်။ " *တိမ်သစ်လေးတဲ့ ... မင်းတိမ်ညိုလေးကို အဲဒီလောက်အထိစွဲလန်းနေရင် တချိန်မှာ မင်းအရမ်းခံစားရလိမ့်မယ်တဲ့* " လေ ..။သူ...မချိပြုံးလေး ပြုံးနေလိုက်မိတယ် ထင်တယ်..။တခါတလေ ..သူနဲ့ညီမလေးတို့ စကားတွေပြောရင်း အဆင်မပြေဖြစ်လာ တဲ့အခါမျိုးတွေဆိုလဲ သူအမြဲတမ်း အလျော့ပေးခဲ့တယ်..။နင်နော်တဲ့...ငါငိုချလိုက်မှာတဲ့ ...။ **ငိုတော့ မချလိုက်ပါနဲ့.. ငါရဲ့တိမ်ညိုရောင် ညီမလေးရယ်**...။နင်ငိုချလိုက်ရင် နင် ငါ့ရှေ့ကနေ ထာဝရ ပျောက်ကွယ်သွားမှာပေါ့..။ အဲလိုမျိုးတွေ ငါမဖြစ်ချင်ဘူး..။နင်ငါနဲ့ အခုလိုမျိုး အမြဲတမ်း စီးမျောနေပေးပါဟာ....။သူ တိုးတိုးတိတ်တိတ်လေး တောင်းပန်ခဲ့ရတယ်လေ...။

လွင့်မျောနေဆဲ တနေ့မှာ တိမ်ညိုလေးရဲ့မျက်နှာ အရမ်းကြည်လင် လန်းဆန်းနေတဲ့ နေ့တနေ့ကို သူအံ့သြတကြီးတွေ့လိုက်တယ်..။သူ့ဘေးနားက တိမ်သူငယ်ချင်း တချို့ကို မေးကြည့်တော့ သူတို့လဲမသိဘူးတဲ့ ..။သူကိုယ်တိုင် တိမ်ညိုလေးကိုမေးကြည့်တော့မှ ဟိုအရင်တချိန် ကျနော်တိမ်အဖြစ်နဲ့ ဟင်းလင်းပြင်ကြီးထဲမှာ မလွင့်မျောခင် ကတည်းက သူနဲ့အတူလွင့်မျောခဲ့ဖူးတဲ့တိမ်ဖြူလေးကို သူပြန်တွေ့လိုက်မိလိုတဲ့လေ..။ သြော်..တိမ်ညိုရောင် ညီမလေးရယ်...။ဒါဆို တိမ်ဖြူလေးနားကို နင်ဒီကနေ အပြီးအပိုင်ထွက်သွားတော့မှာပေါ့နော်....။ ငါဟာ.....ငါ..။သူမှာပြန်ပြောစရာ စကားလုံးမရှိတော့လောက်အောင် ဆွံ့အနေခဲ့ရပြီပေါ့...။သူရဲ့ မျက်ဝန်းထဲမှာလဲ မီးခိုးတွေဝင်လာသလိုမျိုး အနည်းငယ် စွတ်ဆိုထိုင်းမှိုင်းသွားခဲ့တယ်...။ရင်ဘတ်ထဲမှာလဲ အောင့်လာတယ်လေ..။ " ပြော ..ငါ့ကိုမုန်းတယ်ဆိုလဲ ပြော...ငါကိုမချစ်တော့ရင်ပြော...အရာရာဟာ မင်းအတွက် နောက်မကျသေးဘူး..ပြော...မင်းရင်ထဲကအမှန်အတိုင်းပြော... " ဆိုတဲ့ဘယ်သူဆိုထားမှန်းမသိတဲ့ အလွမ်းသံစဉ်တပုဒ်ကိုလဲ နားထဲမှာကြားမိလိုက်တယ်လေ..။

တကယ်တော့
ညီမလေးရေ
မြစ်တစင်းဆိုတာ
တောင်တန်းတွေရဲ့ မျက်ရည်စီးကြောင်းတခုပါကွဲ့..။
အဲသလိုမြစ်တစင်း
နင်ဆိုတဲ့ကောင်မလေးတယောက်ကြောင့်
ငါရင့်မှာစီးဆင်းခဲ့ ငါ့ရင်ကမ်းပါတစုံကိုတိုက်စားလို့

ရင်တွေပြိုကျနေတဲ့အသံ
ဝုန်းဒိုင်းကြဲဆူညံလွန်းလို့
ဒီညလဲငါ အိပ်မပျော်သေးပါဘူး.. မြစ်တစင်း
ငါရဲ့ခံစားချက်တွေကို
တိုက်စားသယ်ဆောင်လို့
တနေရာမှာ အနယ်ချ..
အလွမ်းနည်းပါတဲ့ရာသီ
အနယ်ကျတဲ့တနေ့မှာ
ငါရဲ့ဒဏ်ချက်တွေကို
သဲသောင်ပြင်အဖြစ်နဲ့
အသွင်ပြောင်း မြင်ကြရလိမ့်မယ်.
အဲဒါသဲသောင်ပြင်မဟုတ်ဘူး..
အဲဒါငါရဲ့...ငါရဲ့
ကျိုးပျက်ကြွေမွခဲ့တဲ့
ရင်တွင်းအစိတ်အပိုင်းတွေ....

နောင်တချိန် ငါအခုလို နင်နဲ့အတူ လွင့်မျောနေခွင့်မရတော့တဲ့အချိန်မျိုးမှာ နင်ငါ့ကို တခါတလေတော့ သတိရနေပေးပါ ငါရဲ့တိမ်ညိုရောင် ကောင်မလေးရယ်..။ ငါလေ ..ငါ..နင့်ကို....။

မနက်မိုးလင်းပြီးစအချိန်တွေမှာ ကောင်းကင်ပေါ်ကိုမော့ကြည့်ဖူးပါသလား..? တိမ်တွေအစုလိုက် ပျံသန်းနေကြတာကို တွေ့ရပါလိမ့်မယ်..။အဲဒီတိမ်တွေထဲကို ကျနော်တကယ် ရောက်ဖူးခဲ့တယ်လေ...။

........................................ဏ္ဏာဏ္ဏာဏ္ဏာ..............................................

## ပျင်းတောင် ပျင်းသေးတယ်



ကျမ မနက်စောစောထပြီး အေးအေးဆေးဆေး ဘုရားခန်းထဲမှာ ဘုရားဝတ် ပြုတတ်တာ အကျင့် တစ်ခုပါ ။ ဒီနေ့ ဥပုသ်နေ့ ဆိုတော့ ဘုရား ဝေယျာဝစ္စ လုပ်ရင်း နိုင်ငံခြားမှာ

အလုပ်သွားလုပ်တဲ့ ယောက်ျားဖြစ်သူ အတွက် အလုပ်အကိုင် အဆင်ပြေပါစေ ကျန်းမာပါစေလို့ ဆုတောင်း နေမိပါသေးတယ်။

အိမ်မှာ အတူတူလာ နေပေးတဲ့ မေမေညီမ ကတော့ ဘုန်းကြီးကျောင်းမှာ ဥပုသ် သွားယူတယ်လေ၊ ကျမရဲ့ မောင်ကတော့ လွှက်ရည်ဆိုင် သွားလေရဲ့ ကျမကတော့ ဆယ်နှစ် အရွယ်သားလေး နဲ့ အိမ်မှာပဲပေါ့။

"မအေးအေးမြင့် .... မအေးအေးမြင့် ရှိပါသလား "
အိမ်ရှေ့ မှ ကျမနာမည် ခေါ်သံကြားလို့ သွားကြည့် လိုက်ပါတယ် ၊ အသက်၄ဝကျော် အမျိုးသားတစ်ယောက် အသားလတ်လတ် အဝတ်အစားသန့်သန့် စတိုင်အပြည့် နဲ့
"မအေးအေးမြင့် မလား"
ကျမ မသိတဲ့ သူတစ်ယောက်က ကျမကို သိတဲ့ ပုံစံနဲ့ ကျမနာမည်ကို တရင်းတနှီးခေါ်လို့ အံသြနေတုန်း
"ကျနော့် နာမည် မင်းသူပါ ကိုသန့်ဇင် နဲ့ နိုင်ငံခြားမှာ အတူတူအလုပ်လုပ်တဲ့ မိတ်ဆွေပါ၊ ကိုသန့် ဇင် ဆီမှာညီမရဲ့ ဓါတ်ပုံမြင်ဘူးတယ် အပြင်မှာပိုငယ်တယ်နော်"
"ဪ ... ဟုတ်ကဲ့ ဘာကိစ္စရှိပါလို့ လဲရှင့်"
"လူကြုံ ပစ္စည်း ပေးလိုက်လို့ ပါ"
"အိမ်ပေါ်ကို ကြွပါရှင့် "
ကိုသန့်ဇင် ဆိုတာကျမရဲ့ ယောက်ျားလေ ... အိမ်ပေါ်ကို ဖိတ်လိုက်ပေမယ့် ကျမ သိပ်မယုံဘူး လူလိမ်တွေက များတယ်လေ ... သိတယ်မလား ... ကျမက ဒီလောက်ဘယ် အ မလဲ.....

အိမ်ပေါ်ရောက်တော့
"ကျနော်ခွင့် နဲ့ ပြန်လာတာ လူကြုံ ပစ္စည်းပေး လိုက်လို့ ပါ စာတော့ မပေးလိုက်ဘူး"
"ဟိုတနေ့ က ကိုသန့် ဇင် ကျမနဲ့ ဖုန်းပြောသေးတယ် ဒီအကြောင်း ဘာမှမပြောဘူး"
"ကျနော့် ကို အချိန်ရမှ သွားပါတဲ့ အချိန်မရရင်တော့ မသွားပါနဲ့တဲ့ ကျနော် အချိန်မရဘူးထင်လို့ နေမှာပါ ညီမရဲ့ အမျိုးသားက အားနာ တတ်တယ်လေ"
ကျမလည်း လူကြုံပစ္စည်းကို ယူပြီးဖွင့်ကြည့် တော့ ကလေးဝတ် အင်္ကျီ တစ်ထည်နဲ့ ကိုသန့်ဇင်ရဲ့ ဓာတ်ပုံ တစ်ပုံပါတယ်။

"ကိုသန့် ဇင်ဓာတ်ပုံထည့် ပေးလိုက်တာ ကျနော်တောင် မသိဘူး"
"ဟုတ်လား ... ကျေးဇူးပါပဲရှင်"
အကျႌလေးက သားဝတ်ရင် တော်တော်လှမှာ သေချာတယ် ဒီမှာလည်း ၃၊ ၄
ထောင်နဲ့ ဝယ်လို့ ရတာဖြစ်ပေမယ့် သားအတွက် အမှတ်ရသားဆိုပြီး ကျေနပ်လိုက် ရသေးတယ်။
ဓာတ်ပုံက မြင်ဘူး သလိုလိုပဲလို့ ကြည့် နေတုန်း
"ကိုသန့်ဇင်က အများကြီး ပေးချင်ပေမယ့် သယ်ရမယ့် ပစ္စည်းတွေက များနေလို့ ဒါပဲ ယူလာနိုင်တာ စိတ်မကောင်းပါဘူး"
" .........."

တော်တော့် ကို ဖော်ဖော်ရွေရွေ နဲ့ စကားတွေ ပြောနေတော့ ကျမလည်း
"ကိုသန့်ဇင် နေကောင်းရဲ့ လား အလုပ် ရော အဆင်ပြေရဲ့ လား"
လို့ မေးလိုက်ပါတယ်။ ကိုယ့် ယောကျ်ား ဘယ်လိုနေလဲဆိုတာ သိချင်တာကို .... သူက
"အလုပ်ကတော့ အဆင်ပြေပါတယ် ဒါပေမယ့် အခုတလော သိပ် နေမကောင်းဘူး ...
လွန်ခဲ့ တဲ့ တစ်ပတ် လောက်ကတော့ ဆေးခန်း သွားပြသေးတယ် အားနည်း တာလဲပါတယ်လို့
ဆရာဝန် ကပြောတယ် ဟိုမှာက ဆေးတွေကဈေးကြီးလို့ မဝယ်နိုင်ဘူးလေ"
"ညီမ အမျိုးသား ကလည်း အရမ်းချွေတာ ပြီး မိန်းမနဲ့ ကလေးအတွက်ပဲ ပိုက်စံပို့ နေတာဆိုတော့
ချက်ချင်း မဝယ်နိုင်ဘူးလေ ကျနော့် ကို ပြန်မပြောပါနဲ့ လို့တောင်မှာ ထားသေးတယ်"

ကျမဖြင့် စိုးရိမ်လိုက်ရတာ အခုလေးပဲ ဘုရားမှာ ဆုတောင်း သေးတယ်။ ဆုတောင်း မပြည့်လေရော့ သလား ဟိုမှာ ဆွေမျိုးလည်းမရှိ သနား လိုက်တာ အသောက်အစား မရှိပဲ လစဉ်ငွေတွေပို့ နေတဲ့ အရမ်းကို မိသားစုအပေါ် တာဝန်ကျေတဲ့ အိမ်ထောင် ဦးစီးတစ်ယောက်၊ နေမကောင်းတာတောင် ကျမတို့ စိတ်မကောင်းမှာ စိုးလို့ ဖွင့်မပြော ရှာဘူး။ ရိုးရိုး နေမကောင်း အားနည်းတာလား တခြားရောဂါတွေများ ဖြစ်နေမှဖြင့် ..... အတွေးတွေနဲ့ ကျမမှိုင်တွေ စွာနေလိုက်မိပါတယ်။

"ကျနော် မနက်ဖြန်ပြန်မှာ လူကြုံ ပစ္စည်းပေးလိုက်လို့ ရပါတယ်။ ဖြစ်နိုင်ရင်တော့ အားဆေး ဝယ်ပေးလိုက် စေချင်တယ်"
ဪ ... ကျမ ယောကျ်ားအတွက် သူလည်း စိုးရိမ်ရှာသားပဲ။
"ဒီနေ့ ဥပုသ်နေ့ ဆိုတော့ ဆေးဆိုင်တွေပိတ်မှာ ကျမဘယ်မှာ ဝယ်ရမလဲမသိဘူး"

"ကျနော် မနက်ဖြန် လေဆိပ် မဆင်းခင် ဆေးဝယ်သွားပါမယ် လိုချင်တဲ့ ဆေးကို သာပြောလိုက်ပါ"

တော်တော် သဘောကောင်းတဲ့ သူပဲ၊ ယောကျ်ားအတွက် အားဆေး ကောင်းကောင်း ဝယ်ပေးမှပါ

အားဆေးက ၈သောင်းခွဲ လောက်ကျပေမယ့် လိုနေရင် မကောင်းလို့ တစ်သိန်း ပေးလိုက်တော့
"ပိုတဲ့ ငွေကို ကိုသန့်ဇင်ကို ပြန်ပေးလိုက်မယ်"
တဲ့ နိုင်ငံခြားမှာ အလုပ်လုပ် နေတဲ့ သူဆိုတော့ မြန်မာငွေ ၂သောင်းလောက်နဲ့ အထင်သေးခံရမှ စိုးပုံရတယ်။ ကျမတော်တော် အားနာသွားတယ် စတွေ့ တုန်းက လူလိမ်လို့ ထင်မိသေးတယ် ကလေးအကျီ ကိုသန့်ဇင်ရဲ့ ဓာတ်ပုံ နဲ့ စကားပြော ကြည့်ပြီးမှ ချင့်ချိန်ပြီးယုံတာ .... သိတယ်မလား .... ကျမက လူရည်လည် တယ်လေ...

xxxxxxx xxxxxxx xxxxxxxx xxxxxxx xxxxxxx xxxxxxx xxxxxxx

" ကလင် ... ကလင် ... ကလင်"
" ဟဲလို ....ဟဲလို "
"ဟဲလို ... မိန်းမ ကိုကို ပါ"
ကျမ ယောကျ်ား အသံပါ လေသံကတော့ ဘာမှ မဖြစ်သလိုပါပဲ နေမကောင်းတာ ကို ဟန်ဆောင်နေရတဲ့ ကိုကို ကိုသနားလိုက်တာ
"ကိုကို နေမကောင်းဘူးဆို ဘာလို့ အေး ကိုမပြောတာလဲ"
"မိန်းမ ဘာတွေဖြစ် နေတာလဲ ကိုကို ဘာမှမဖြစ်ပါဘူး"
"မနက်ကပဲ ကိုကို နဲ့ အတူတူအလုပ်လုပ်တဲ့ ကိုမင်းသူ လာသွားတယ် မညာပါနဲ့ တော့ ကိုကိုရယ်"
"ငါနဲ့ အလုပ် လုပ်တဲ့ သူတွေအားလုံး ဒီမှာရှိတယ် တစ်ယောက်မှ မြန်မာပြည် မပြန်ဘူး ငါ့ မိတ်ဆွေထဲမှာလည်း မင်းသူဆိုတာမရှိဘူး"
"..........""..........."
"............."

ကျမ ဘာမှ မတွေးတတ်အောင် ဖြစ်နေပါတယ်။ မှိုင်တွေစွာနဲ့ ပဲ စာပွဲပေါ်က ကိုကို့ ဓာတ်ပုံကိုကြည့် နေမိတယ် .......... အားးး မှတ်မိပြီ ကိုကို gtalk မှာ တင်ထားတဲ့ ဓာတ်ပုံလေးပဲ .... အိုက်တင်

အပြည့် နဲ့ ကိုကို့ ရဲ့ ဓာတ်ပုံက ကျမကို ပျင်းတောင် ပျင်းသေးတယ် လို့ ပျောင်ရယ်များ နေလေရော့ သလား ......

..............................................ဣဣဣ............................................

**ဖိုးခွေးမဝင်ရ**

မိုးလေကင်း ၍ နေသာနေသော နံနက်ခင်လေး တစ်ခုတွင် ဆင်တဲ ရုံးတော်၏ ရှေ့ သစ်ပင်ကြီး တစ်ပင်အောက်တွင် ကုလားထိုင် တစ်လုံးဖြင့် အကျအနဖိမ်ယူရင်း မက်စီ၊ ရော်နယ်ဒို၊ တီဗက်၊ မော်ရင်ဟို၊ ဖာဂူဆန် ..စသည်ဖြင့် သူနှင့် တစ်ယောက်မှ အမျိုးမတော်သော ကမ္ဘာကျော် ဘောလုံး သမားများအကြောင်း ကိုရေးသားထားသော ဘောလုံးဂျာနယ် တစ်စောင်ကို ဆင်တဲ ရုံးတော် လူကြီး ဦးစိမ်းစို တစ်ယောက် စိတ်ပါဝင်စားစွာ ဖတ်ရှု့နေလေ၏။

သူနှင့် မလှမ်းမကမ်း တွင်မတော့ ပန်းပင်လေးများ ကိုရေလောင်းနေသော လက်စွဲတော် တပည့်ကျော် မောင်ဖိုးကြောင် တစ်ယောက် ရှိနေလေ၏။
"အော် ... မက်စီ.. မက်စီ.. တစ်ပါတ် တစ်ပါတ် ပေါင်ငွေ သိန်းချီ ပြီးသာ ရနေတယ် ငါနဲ့လည်း ဘာမှမတော် ပွဲလားနော်.." ဦးစိမ်းစို ၏ မင်္ဂလာ ပါးစပ်ကြီးမှ လွတ်ကနဲ ထွက်သွားသော မဆီ မဆိုင် စကားသံကို ကြားမိ၍ မလှမ်းမကမ်း မှ အပင် ရေလောင်းနေသော မောင်ဖိုးကြောင် ပင် အသာ အယာ ပြုံးလိုက်မိ၏။

သို့သော် သူတို့ နှစ်ဦး ၏ ငြိမ်းချမ်းမှု လေးမှာ ကြာရှည် မခံပဲ ရုံးတွင်းသို့ ပြာပြာ ပြာပြာ နှင့် ဝင်ရောက်လာသော ပုံမကျပန်းမကျ သူငယ်တော်ကြီး တစ်ဦးကြောင့် ရပ်တန့် သွားလေသည်။ ထို သူငယ်တော်ကြီးသည် ကုလားထိုင် တစ်လုံး ဖြင့် ထိုင်နေသော ဦးစိမ်းစို ရှိရာ အပင်အောက်သို့ အမော တကော ခြေလှမ်း များဖြင့် လျှောက်လာပြီး
"ဒီမယ် ဘကြီး.. ကျုပ် ဒီရုံးကလူကြီးနဲ့ တွေ့ချင်လို့ပါ။"
လူရွယ်ကြီး ၏ စကားကြောင့် ဦးစိမ်းစို တစ်ယောက် တအံ့ တသြ ဖြင့် စာဖတ်နေရာမှ အသာရပ်၍ လူငယ်ကြီးကို အသေအချာ လှေ့လာကြည့် မိ၏။

မဲနက်နေသော အသားအရောင်နှင့် မလိုက်ဖက်သော အပြာရောင် ခေါင်းစွပ် အနွေးထည် အပွ ကြီးကို

အပေါ်တွင် ဝတ်၍ အောက်ပိုင်းတွင်မူ သရီးကွာတား ဟု အမည်ရသည့် ဟိုမရောက် ဒီမရောက် ဘောင်းဘီ မတို မရှည် ကို ဝတ်ဆင်ထားလေသည်။ သို့သော် ဘောင်းဘီ မှာ အတော် ပင် တိုကြပ်နေသဖြင့် သမန်းဆီ တက်၍ မဲပြောင်နေသော ခြေသလုံးသား ကြီး များကို အထင်းသားတွေ့နေရလေသည်။

ခြေထောက်တွင်မူ ခြေအိပ် အတိုခံ၍ ကင်းဘတ် တစ်ရံဝတ်ဆင်ထား၏။ ခေါင်းကို မူ နွားကျောင်းသား များကဲ့ သို့ ပဝါကို နောက်ပြန် စည်းထားပြီး အပေါ်မှ လျှာပြား ဦးထုပ်ကြီး တစ်လုံးကိုဆောင်း ထားလေသည်။ ကြီးမားသော ဦးထုပ်ကြီး ကိုဆောင်းထား သော်လည်း သူ၏ ကြီးမားသော မေးရိုးကြီးနှင့် ပြူးကျယ်သော မျက်လုံးကြီး အစုံကို ဖုံးကွယ် ထားနိုင်ခြင်းမရှိပေ။

အတန်ကြာအောင် လေ့လာပြီးကာမှ ဦးစိမ်းစို တစ်ယောက် အသာပြုံးလိုက်ရင်းက
"ခုနက ဘာဖြစ်တယ် သူငယ်တော်ရီး"

လူငယ် ။ ။ အာ..ဘာရီး ကလည်း ကျုပ်နာမည် သူငယ်တော်ကြီး မဟုတ်ပါဘူး ကျုပ်နာမည် ရွာမှာတော့ မောင်ဟန်လို့ ခေါ်ပါတယ်။ ကျောင်း နေရင်ပေးဖို့ မှည့်ထားတဲ့ နာမည်က "လမင်းပြည့်ပြည့် ဟန်နိုင်" တဲ့..

စိမ်း ။ ။ ဒါနဲ့ ဒီနာမည်ကို ကျောင်းမှာရော ခေါ်ကြရဲ့လား..

လူငယ် ။ ။ ကျောင်း မနေရတာနဲ့ မခေါ် ဖြစ်လိုက်ပါဘူး တစ်ချို့ ကတော့ ငယ်နာမည် ဖိုးခွေး လို့ခေါ်ကြတာပဲ..

စိမ်း ။ ။ အော်..ဒါဆိုရင် မောင်ရင်ကြီးက သုံးမည်ရ .. ဖိုးခွေး ပေါ့နော်. ဒါနဲ့ ဒီအဝတ် အစားတွေကရော.

လူငယ် ။ ။ အို ဒါတွေက ရွာထဲကကောင်တွေ ဆီက ခဏငှားလာတာပါ .. ကဲပါ ဒါတွေ ထားပါအုံး .. ကျုပ် လူကြီးနဲ့ တွေ့ချင်တယ်.. ဘာရီးနဲ့ စကား ပြောနေလို့ မပြီးသေးပါဘူး..။

စိမ်း ။ ။ ကျုပ် နာမည် စိမ်းစို ပါ။ ဘာရီး မဟုတ်ပါဘူး လူကြီးနဲ့ တွေ့ ချင်ရင်တော့ နောက် တစ်ပါတ် လောက်မှလာခဲ့ ပါ။

လူငယ် ။ ။ ဟင်.. ခု သူ မအား ဘူးလား အစည်းဝေး သွားနေလို့လား...

စိမ်း ။ ။ နိုး နိုး.. ဒီမှာလေ နောက်တစ်နေ့ ကန်မယ့် ရာသီ ကြိုပွဲ ခြေစမ်းပွဲတွေ ရဲ့ အသင်း ခန့်မှန်းချက်တွေ ကိုကြည့် နေလို့ပါ။

လူငယ် ။ ။ အင်.. ဒါဆို ဦးကြီးက လူကြီး ပေါ့နော် ...

စိမ်း။ ။ ထားပါတော့ ကွာ ဒါနဲ့ မောင်ရင် လာရင်းကိစ္စ ကိုပြောစမ်းပါအုံး ... မောင်ရင့်ကို ကြည့်ရတာ ဒီနယ်က မဟုတ်ဖူးထင်တယ် အညာဖက်က လာတာ ဖြစ်ရမယ်။

လူငယ် ။ ။ ဗျာ.. ဟုတ်ပါတယ် ခင်ဗျာ.. ဒါနဲ့ ဦးကြီးက ဘယ်လို သိလဲဟင်..

စိမ်း။ ။ ဟင်း.. ဟင်း ဒီလိုပဲ သိတာပေါ့ကွာ လာရင်းကိစ္စ ကိုသာ ပြောပေတော့ ...

လူငယ် ။ ။ ကျုပ်က အညာဘက် ကလာတာပါ နေစရာ အိမ်ကတော့ အတည် တကျ မရှိသေးပါဘူး။ ထမင်းကျွေးပြီး နေစရာပေးတဲ့ သူရှိရင်တော့ ကြုံသလို ဝင်ခွေ လိုက်တာပါပဲ။ လက်ရှိ အလုပ် အကိုင် ကတော့ ကိုယ့်ထမင်းကို ချက်စားပြီး ကြီးတော် နွားကို အလကား လိုက်ကျောင်းပေး နေတဲ့ အလုပ်ကို အားတက် သရော လုပ်နေပါတယ်။ ခုလာရတဲ့ အကြောင်း အရင်းကတော့ ကျွန်တော့် နွားမလေး ပျောက်သွားလို့ပါ။

(နွား ပျောက်သည့် အမှုဆို၍ ဦးစိမ်းစို တစ်ယောက် ဖတ်စာအုပ်ထဲ မှာသင် ခဲ့ဖူးသည့် နွား တရား စီရင်ခန်းကို ရုတ်တရက် ပြန်စဉ်းစား နေမိ၏ ။

စိမ်း ။ ။ ဘယ်လို ကွဲ့ မောင်ရင်ရဲ့ မောင်ရင့် လို အခြေ အမြစ် မရှိတဲ့ လူ တစ်ယောက်မှာ နွားတစ်ကောင် ရှိတယ် ဆိုတာ..

လူငယ် ။ ။ အော်.. အော်.. ဒါက ဒီလိုရှိပါတယ် ကျုပ်မှာ နွားမတစ်ကောင် ရှိတယ် ဆိုပေမဲ့ လောလော ဆယ်တော့ အပိုင်မရသေးပါဘူး။ ကျုပ်ရဲ့လုပ်ရည် ကိုင်ရည် တွေကို သဘောကျနေတဲ့ ကျုပ် ဂျီးတော် ဒွေးလေး ဒေါ်အေးမိက နောင် တစ်ချိန်ကြရင် ကျုပ်ကို အပိုင်ပေးဖို့ လျှာထား တဲ့ နွားမလေးပါ။ ဒီ နွားမလေးတစ် အတွက် ကျုပ်ရည် ရွယ်ထားတဲ့ ကျုပ်ရဲ့ အနာဂါတ် ပလန်တွေ ကတော့ စပါယ်ရှယ် ပါပဲ။ ချယ်ဆီး သူဌေး မိုဗစ် ဆိုရင် သူ့နိုင်ငံ မှာ ခေတ်ပျက်တုန်း ကဘောထုပ်တွေ ရောင်းပြီး ဘဝကို စခဲ့တာလေ။

ကျုပ် မှာလည်း ဒီနွားမလေးကို အရင်းပြုပြီး ဘဝကို စတင်ဖို့ ရည်ရွယ် ထားတာပါ။ နွား မလေးကြီး လာရင် သားစပ်ပေး ပြီးရင် နွားလေးတွေ ပွားလာ နွားမလေးက နွားနို့တွေ မဟား ဒယား ရ။ ရတဲ့ငွေ တွေနဲ့ ဝိုင်းတွေလည်းဝယ်၊ ကိုင်းတွေလည်းဝယ် အို.. စိတ်ကူးယာဉ် ထားတာ တွေ အားလုံးကတော့ အကောင်းတွေ ချည်းပဲပေါ့ လေးလေး ရယ်။ ခုတော့.. ဟင့်.. ဟင့် တိုက်ဆိုင် လိုက်ပုံများ ဦးကြီးရယ် ... ဖေဖေါ်ဝါရီ ကိုးရက် နွားမလေး ကပျောက်ခဲ့ ဆိုးချက်က ရင်နင့်စရာ ... ရှို.. ရှို..

စိမ်း ။ ။ စိတ်ထိန်းပါ မောင်ဟန်ရယ် စကားပြောရင် လူလို ပြောပါ ဖိုးသူတော်တွေလို ကာရံတွေ နဘေ တွေနဲ့ မပြောပါနဲ့ နောက်ပြီးတော့ လက်ကလေး ကောက်ကောက်ပြီး တော့ တရှို့ရှို့ နဲ့ သူများတွေ မြင်ရင် နွားခေါ် နေတယ်လို့ ထင်နေ ပါအုံးမယ်။

လူငယ် ။ ။ နားလည်ပေးပါ ဦးကြီးရယ် ကျွန်တော့်ကို သနားလို့တဲ့ တိမ်တွေတောင် ငိုချလိုက်တယ် မျိုးစေ့တွေ ကို ဆုံးရောတဲ့... ရှို့..ရှို့

စိမ်း ။ ။ တော်တော် မောင်ဟန် ဒါနဲ့နေပါအုံး မင်းနွားမက အညာမှာ ပျောက်တာကို မင်းက ဘာကိစ္စ ဆင်တဲမှာ တိုင်ချက် လာဖွင့် ရတာလဲ။ ဘာလဲ ဆင်တဲက လူတွေ ခိုးတယ် ထင်လို့လား ရှင်းရှင်း လုပ်နော် မောင်ဟန် မဟုတ်ပဲနဲ့ ကျုပ်တို့ နယ်သားတွေကို လာစွပ်ဆွဲ ရင်တော့ ကျုပ်နဲ့ အရင်ဆုံးတွေ့မယ်။ ထမင်းစားဖို့ မွေးထားတဲ့ မောင်ရင့် သွားတွေ အကုန်လုံး ကျုပ်လက်သီး နဲ့ Delete လုပ် ပြစ်လိုက်မယ်။

စိတ် မထိန်းနိုင်အောင် ဒေါသထွက် လာရင်တော့ မောင်ရင့် အသက် ကိုပါ လောကကြီးထဲ ကနေ Cancel လုပ် ပြစ်လိုက်မယ်။ သိုင်းသမားတော့ မဟုတ်ဘူး နော် အဝင်အထွက်တော့ ကြမ်းတယ်.. ပြေးထိုးမှ သွေးဆိုး တယ်လို့ တော့ မပြောနဲ့ ဂုတ်ချိုးပြီး အရိုးပါ နတ်တင်လိုက်လို့ နတ်ကွန်းမှာ မာမီတွေ ထဘီလျှော် ပေးရတဲ့ ဒိုဘီသရဲ ဖြစ်သွားမယ် ... အယ်.. ကြိမ်း တာတွေများ သွားဘီ.. ကဲမှန်ရာ ကိုပြောစမ်း..

လူငယ် ။ ။ မှန်ရာကို သစ္စာဆိုပါမည်... အဲလေ.. မဟုတ်ပါဘူး ခင်ဗျာ.. ပျောက်နေတယ်လို့ ပဲ ပြောတာပါ ဘယ် သူခိုးသွား တယ်လို့ မပြောရပါဘူး။ ပြောမှားဆိုမှား ရှိရင် အညာသားလေး အမိုက် အမဲ လေးကို ခွင့်လွှတ်ပါ။ ကျုပ်မှာ ဒီနွားလေး ပျောက်သွား ကတည်းက မအိပ်နိုင် မစားနိုင် ဖြစ်နေတဲ့ နွားမရူးကြီး မောင်ဟန် ဖြစ်နေတာပါ။

ဒါကို မကြည့်ရက်တဲ့ ကျုပ်တို့ ရွာက တဂျီးက မြန်မာပြည် အနှံ့ လိုက်ရှာပြီး ရောက်လေရာ အရပ်မှာ အမှု ဖွင့်ဖို့ အကြံပေးပါတယ်။ ခုခေတ် နလုံးသမားများ လိုပေါ့ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ပတ်အာ ထားလိုက် ကံကောင်းရင် ရမှာပဲ ရရင်အမြတ် မရရင် အရင်းဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြန်မာပြည် အနှံ့ အာကြီး မောင်ဟန် လိုက်လုပ် နေတာပါ ဦးကြီးရယ်။

စိမ်း။ ။ သယ်… ရိုင်းလိုက်တဲ့ အကြံ ငါတို့ ရုံးတွေဖွင့်ထား တယ်ဆိုတာ မင်းတို့လို ရမ်းဘီလူး အမှု တွေလက်ခံဖို့ ဖွင့်ထားတာ မဟုတ်ဘူးကွ။ အခြေ အမြစ် မရှိ သူငယ် နပ်စား ဉာဏ်နဲ့ စကောလောက်မှ စောက်မနက် တယ်ရီယာ လောက်မှ သွား မထက်တဲ့ ငတိ ရိုင်းလိုက်လေ။ **"အေး"** မင်းကို နောက်ဆုံး သတိ ပေးလိုက်မယ် မင်းဘာသာ အာချင်သေး သပ ဆိုရင်လည်း ကျန်တဲ့ နေရာမှာ သွားအာပေတော့ ဆင်တဲမှာတော့ ဘယ်တော့ မှလာမအာနဲ့ ဆင်တဲ မှာက အာကြီးဆိုရင် အာဆင်နယ် နဲ့ Rဇာနည် ကလွဲရင် ဘယ် အာကြီးမှ လက်မခံဘူး။ ဒီတော့ လစ်ပေတော့ ကိုယ့်လူ မီးရာ ကားနဲ့သာ လာရာလမ်းကို ပြန်လစ်ပေတော့။ နောင်လည်း ဘယ်တော့ မှ မလာနဲ့တော့ … ဟူး..။

ဦးစိမ်းစို ၏ စကားဆုံး သည်နှင့် ထို မောင်ဟန်ဟု အမည်ရသော်လည်း အတော် ပင်မဟန်သည့် သုံးမည်ရ ဖိုးခွေး တစ်ယောက် ဆင်တဲ ရုံးတော် အတွင်းမှ ငိုက်စိုက် ငိုက်စိုက် နှင့် ထွက်ခွာ သွား လေတော့သည်။

သို့နှင့် တရွေ့ရွေ့ ထွက်ခွာသွားသော အညာသား မောင်ဟန်ကို ကြည့်၍ ဦးစိမ်းစို တစ်ယောက် အတွေး များစွာ ရလိုက်တော့၏။ လောကတွင် ဖိုးခွေး ကဲ့သို့ပင် လောက အတွက်လည်း အကျိုးမပြု သူတစ်ပါး အတွက်လည်း စိတ်အနှောက်ယှက် ဖြစ်ရ လောက်အောင်လုပ် လေ့ရှိသူတို့ မည်မျှ ရှိသနည်း…

နောက်ဆို ရင်တော့ ဆင်တဲ ရုံးတော် အဝင်ဝ တွင် ဆိုင်းဘုတ် တစ်ခု ချိတ်ဆွဲ ထားရတော့မည်။

**… ဖိုးခွေး မဝင်ရ …**

……………………………………………ဏ္ဏဏ္ဏဏ္ဏ…………………………………………………….

## ရတနာအိမ်မက်

ဧပြီလ၏ နံနက်ခင်းလေးတစ်ခု ဘေးအိမ်ကဖွင့်နေတဲ့ ”တူးပို့””တူးပို့”…
မြူးကြွတဲ့သင်္ကြန်သီချင်းသံလေးနဲ့ အတူလန်းဆန်းတက်ကြွမှု့တွေနဲ့
ကျွန်တော်အိပ်ရာကနေနိုးထလာခဲ့ပါတယ်။ နာရီကိုလှမ်းကြည့်လိုက်တော့
မနက်ရှစ်နာရီခွဲသာသာပဲရှိသေးပေမဲ့ ကျွန်တော်တို့ အိမ်ရှေ့ပြည်လမ်းမကြီးထက်မှာတော့
လမ်းသွားလမ်းလာ စက်ဘီး၊ဆိုင်ကယ်၊ ကားမျိုးစုံတို့ရဲ့လှုပ်လျှားမှု့
တွေနဲ့အတူမနက်ခင်းလေးကသက်ဝင်စည်ကားလို့နေပါတယ်။ သွားတိုက်မျက်နှာသစ်
ထမင်းကြမ်လေးလွေးပြီးသကာလ လမ်းသွားလမ်းလာတွေကို ငေးမောနေရင်းက ညတုန်းကမက်ခဲ့တဲ့
အိပ်မက်ကိုခုမှပြန်တွေးရင်း ရီချင်လာမိပါတယ်။

အိပ်မက်လေးကဒီလိုပါ သင်္ကြန်ရက်နားနီးလာတာနဲ့ သင်္ကြန်တွင်းလည်ပတ်ဖို့အတွက်
အရေးပေါ်ရန်ပုံငွေရှာဖွေနေသောကျွန်ုပ်ကို ကျွန်ုပ်၏ မိဘနှစ်ပါးမှ အထူးကြပ်မတ်၍စောင့်
ကြည့်နေကြလေသည်။ ကျွန်ုပ်၏မိဘနှစ်ပါးက ကျွန်ုပ်ရန်ကိုကြောက်၍
သူတို့ပိုင်ငွေကြေးများအားလုံးကို ဆွတ်ဖာလန် နိုင်ငံရှိကမ္ဘာ့ ဘဏ်ကြီးများတွင်သွားရောက်၍
အပ်နှံထားကြလေသည်။အိမ်တွင်းပစ္စည်းများကိုမူ အာမခံကုမ္ပဏီများတွင် အာမခံထား၍
အထူးအလွတ်စုံထောက်များငှားရမ်း၍ ကျွန်ုပ်ကိုလည်းစောင့်ကြည့်နေကြလေသည်။
ထို့ကြောင့်ကျွန်ုပ်မှာအိမ်တွင် ငွေကြေးများရှာမတွေ့ရုံသာမက
ပစ္စည်းများကိုပင်လျှင်ပြောပြီးမှကိုင်သုံးရသည့် ဘဝသို့ရောက်နေချေတော့သည်။

နောက်ဆုံးတွင်ကြံရာမရဖြစ်လာသော ကျွန်ုပ်မှာ ကျွန်ုပ်ဖခင်အိမ်နေရင်းစီးသည့် ရွှေဖိနပ်အစုတ်ကြီးကို
ဦးကုလားပေါင်ဆိုင်တွင် သွားရောက်ရောင်းချ၍ သင်္ကြန်လည်စရိတ်အဖြစ်ဖန်တီးလိုက်တော့သည်။
ရွှေဖိနပ်အစုတ်ကြီးရောင်းရငွေများကို ကျွန်ုပ်၏ သူငယ်ချင်းသင်္ကြန်မင်းသားကြီး ရေပက်ခံကားထာဝရ
စီစဉ်သူကြီး ဂျိုကာကြက်ရိုး လက်သို့အပြီးပိုင်လွှဲအပ်၍ ကျွန်ုပ်၏နေအိမ်သို့
ပေါ့ပါးသွက်လက်သောခြေလှမ်းများဖြင့်ပြန်လာခဲ့သည်။ အိပ်သို့ပြန်ရောက်သော် ရွှေဖိနပ်အစုတ်ကြီးကို
သမသွား၍ ဒေါသအလွန်ထွက်နေသော မိခင်ကြီးက ကျွန်ုပ်ခေါင်းကို
စိန်လက်စွပ်များပြည့်နေအောင်ဝတ်ထားသော လက်ဖြင့် “ခွပ်” ကနဲနေအောင်ခေါက်၍
တံတောင်ဆစ်အထိရောက်အောင် လက်ကောက်များဝတ်ထားသောလက်ဖြင့် ကျွန်ုပ်၏ကျောကို “ ဘုန်း”
ကနဲနေအောင်ထုပြန်၏။

ထိုမှူဖြင့်အားမရသေးသဖြင့် ကွန်ပြူတာနစ်လုံးဖြင့် ကုမ္ပဏီလုပ်ငန်းများကို စီမံခန့်ခွဲနေသောကျွန်ုပ်၏ဖခင်ကိုပါ လှမ်း၍ခေါ်ချေသေး၏။ ဒေါသထွက်နေသော ကျွန်ုပ်၏ဖခင်က သူအလုပ်လုပ်နေရာ အဲယားကွန်းခန်းထဲမှ ပြေးထွက်လာပြီးလက်ထဲမှ စကားပြောလက်စ" အိုင်ဖုန်း "အသစ်စက်စက်ကြီးဖြင့် ကျွန်ုပ်ကိုလှမ်းပေါက်၏ ကျွန်ုပ်ကလည်းလျှင်မြန်စွာရှောင်တိမ်း၍ ဖုန်းကိုဖမ်းယူထားလိုက်ရာ ဒေါသပိုထွက်လာသောဖခင်က သူ့လက်တွင်ပတ်ထားသော စိန်နှင့် ပတ္တမြား စီထားကာရွှေဖြင့်အတိပြီးသော" ရိုးလက်နာရီကြီးဖြင့်ချွတ်ပေါက်လိုက်ပြန်၏ ကျွန်ုပ်ကလည်းမပျက်စီးသင့်တာမပျက်စီးရလေအောင် လျှင်မြန်စွာဖမ်းပြီးကျွန်ုပ်၏ လက်တွင်ပတ်ထားလိုက်သည်။

ထိုအချိန်တွင် ထမင်းချက်တမ်းကစားနေသော ကျွန်ုပ်၏ အဒေါ်ကလည်း"ကျောက်စိမ်းယောက်မကြီး"ကိုကိုင်၍ ကျွန်ုပ်ကိုရောသမမွှေလုပ်ရန်အတွက် တိုက်ပွဲစည်းအတွင်းသို့ပြေးဝင်လာ၏ အဒေါ်ပြေးလာသည့် တစ်ချိန်ထဲမှာပဲ အပြင်မှရုတ်တရက်ပြန်လာသောကျွန်ုပ်၏။ အမကလည်းစွဲကိုင်စရာလက်နက်တစ်စုံတစ်ရာမတွေ့ရသဖြင့် သူမ၏ စိန်နားကပ်ကြီးကိုချွတ်၍ လက်နက်ပုန်းသဖွယ်ကိုင်ဆောင်၍ ကျွန်ုပ်ကိုပြစ်ရန်ချိန်ရွယ်ထားလေ၏။ ကျွန်ုပ်လည်း မိသားစု စုပေါင်းတိုက်ကွက်ဆန်းကို ရေရှည်ခုခံနိုင်ရန်လမ်းမမြင်တော့သဖြင့် ထွက်ပြေးတိမ်းရှောင်ကွက်ကိုသုံး၍ ခြေကုန်သုတ်ရချေတော့သည်။

ပြေးရင်းလွှားရင်းကမှ နံရံတွင်ချိတ်ထားသော ကျွန်ုပ်အိမ်နေရင်းဆောင်းသည့် "နယူးအေရီယာဦးထုပ် (အစစ်) "ကိုဆောင်း၍ အိမ်ရှေ့တွင်အလွယ်တကူချွတ်ထားပြီးခြံထဲလမ်းလျှောက်ရင်းစီးလေ့ရှိသည့် "အဲယားဖို့(စ်)ဝမ်း (အစစ်)" ကိုလျှင်စွာစီးပြီး ထမင်းချက်လင်မယား ဈေးဝယ်ထွက်ရာတွင်သုံးလေ့ရှိသည့် "လင်ခရူဇာ" ကားအသစ်စက်စက်ကြီးပေါ်တက်၍ အရှိန်ဟုန်ပြင်းထန်စွာထွက်လာခဲ့ရာ ကျွန်ုပ်တို့အိမ်ပေါက်ဝမှ ခြံဝင်းဂိတ်တံကားသို့ သုံးနာရီခန့်ကြာအောက်မောင်းခဲ့ရ၏။ အပြင်လမ်းမကြီးသို့ရောက်လတ်သော် စိတ်ပြေလက်ပျောက် ကွမ်းစားရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေကြီး " အောင်ကိုသိန်း"၏ကွမ်းဆိုင်သို့ မောင်းထွက်လာခဲ့သည်။ ဆိုင်ရှေ့တွင်ကားရပ် ကားပေါ်မှ ခန့်ခန့်ထည်ထည်ကြီးဆင်းလာသောကျွန်ုပ်ကို ကျွန်ုပ်၏ဘော်ဒါကြီးအောင်ကိုသိန်းတစ်ယောက် ထုံးစံအတိုင်းမျက်လုံးပြူးကြီးဖြင့် ကြိုဆိုလေ၏။

ကျွန်ုပ်လည်း ဟန်ပါပါဖြင့်ဘေးအိပ်ထဲမှ အသေးသုံးငွေအချို့ကိုထုတ်ယူလိုက်သောအခါမှ ကျွန်ုပ်အိပ်ထဲတွင်

မြန်မာငွေသားမပါပဲ ယူအက်(စ်)ဒေါ်လာ တစ်ရာတန်များနှင့်ပြည့်နေသည်ကိုတွေ့၍ သက်ပြင်းတစ်ချက်ချ ချင်ယောင်ဆောင်ပြီး

ငွေအားလုံးကိုအိပ်ထဲပြန်ထည့်ကာ အောင်ကိုသိန်း ၏မျက်နှာကြီးကိုခပ်တည်တည်တစ်ချက်ကြည့်လိုက်ပြီး ရှေ့မျက်နှာနောက်ထားပြီး ကွမ်းယာငါးဆယ်ဖိုး အကြွေးဝယ်ယူအားပေးရာ အောင်ကိုသိန်း၏ မျက်လုံးကြီးများကျွတ်ကျမတတ်ပြူးလာ၍ အံကြီးကိုကြိတ်ထားသည်မှာ အထင်းသားမြင်နေရသည်။ ကျွန်ုပ်လည်းမမြင်ဟန်ပြု၍ လင်ခရူဇာ ပေါ်သို့မာန်ပါပါတက်ပြီး ကားပြုတင်းပေါက်မှရိုးလက်နာရီပတ်ထားသောလက်ကို မြင်သာအောင်ထုတ်ပြီးလက်ပြနှုတ်ဆက်ခဲ့လေရာ အောင်ကိုသိန်း၏ မိုးအုံ့လေထန်မျက်နှာကြီးမှာ ဖုန်ငွေ့တို့နှင့်အတူကျန်ခဲ့လေ၏။

ကားကြီးဖြင့်ဆက်ထွက်လာခဲ့ရာ သိပ်မကြာခင်မှာပဲ မြို့ထဲမှနာမည်ကျော်ဦးရွှေသီး ၏မန်ကျည်းဖျော်ရည်ဆိုင်ရှေ့သို့ရောက်သော် ကားကိုစက်မသတ်ပဲရပ်၍ ကားပေါ်မှမဆင်းပဲ ကောင်တာတွင်မိန့်မိန့်ကြီးထိုင်နေသော ဆိုင်ရှင် "ဦးရွှေသီး" ကိုကျွန်ုပ်က "ခပ်စုတ်စုတ်လက်ဖက်ရည်ဆိုင်မှ" " ခပ်နွံနွံ" စားပွဲထိုးလေးတစ်ဦးပမာသဘောထား၍ လက်ယပ်ခေါ်လိုက်သည် ဦးရွှေသီး တစ်ယောက်အပြေးတစ်ပိုင်းဖြင့် ကားနားသို့ရောက်လာသော် မန်ကျည်းဖျော်ရည်နစ်ခွက် ပါဆယ်ထုတ်ပေးရန်အမိန့်ပေးလိုက်ပြီး လာပို့သောအခါဦးရွှေသီးကိုယ်တိုင်လာရန်မလိုပဲ" ဦးရွှေသီး၏သား" " မောင်ရွှေကျီး" ကိုလာရောက်ပို့ပေးရန်ပါထပ်လောင်းပြောကြားလိုက်၏။

ဦးရွှေသီး ၏စိတ်ထဲတွင်ကား ကျွန်ုပ်ကစိတ်ကောင်းရှိ၍ သူ့ကိုညာတာကာ နောက်တစ်ခေါက်မလာခိုင်းတော့တာဟု ထင်သွားပုံရသည်။ အမှန်ကဒီလိုမဟုတ်ပါ ကျွန်ုပ်၏စိတ်တွင် ဦးရွှေသီး ၏မျက်နှာကြီးကို တစ်နေ့ထဲတွင်နစ်ခါမမြင်တွေ့လိုသောကြောင့် လူလဲ ပို့ရန်စေခိုင်းလိုက်ခြင်းဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ဦးရွှေသီး တစ်ယောက်ကျွန်ုပ်၏ အပါးမှ ပြတ်ဝပ်ရိုကျိုးသောအမူအရာဖြင့် ထွက်ခွာသွား၏။

သိပ်မကြာမီ အချိန်မှာပဲ မန်ကျည်းဖျော်ရည်ပါဆယ်ထုပ်နစ်ထုပ်ကို ဆွဲ၍ ခေါင်းမွေးစုတ်ဖွား နားရွက်ကားကားနှင့် ကျီးကန်း တစ်ကောင်နှင့်လွန်စွာတူ၍ သရီးကွာတားဘောင်းဘီကို မချွတ်တမ်းဝတ်လေ့ရှိသော ဦးရွှေသီး ၏ ရှုမငြီးလှသော သားလုရတနာ "မောင်ရွှေကျီး "ဟုအမည်တွင်သည့်ခပ်ညံ့ညံ့ချာတိတ်ကြီး ကျွန်ုပ်၏ ကားအနီးသို့ရောက်လာလေသည်။မောင်ရွှေကျီး

တစ်ယောက်ကျွန်ုပ်၏ ကားနားသို့ ရောက်လာသည်နှင့် ကျွန်ုပ်ကအနီ ချာတိတ်ကြီးကို အဖက်မတန်၍ မဆက်ဆံ ချင်ဟန်ပြု၍ သူလှမ်းပေးလိုက်သော ပါဆယ်ထုတ်ကိုယူပြီး ကျွန်ုပ်အိပ်ထဲမှ ဒေါ်လာတစ်ရာတန်ကြီးကိုမြင်သာအောင်ထုတ်ပြ၍ ဒါလေး အမ်းပေးလို့ရမလားဟုမေးလိုက်ရာ ထိုငတိခမျာ ကျွန်ုပ်ကိုတစ်စုံတစ်ရာ ဘာမှမပြောနိုင်ပဲ အကြောင်သားကြည့်နေသဖြင့် အကြွေမရှိသေးရင်တော့ စောရီးပဲကွာ ဟုဟန်ပါပါပြော၍ ကားမျက်နှာကြက်နား နေကားပြားအောက်တွင်ထိုးထားသော ပုလစ်ရေသဘင် မျက်မှန်ကြီးကို ခန့်ခန့်ကြီးထုတ်တပ်၍ ကျွန်ုပ်၏လှုပ်လျှားမှု့များကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေရှာသော ထိုအူကြောင်ကြောင်ငတိကို မခိုးမခန့်တစ်ချက်ပြုံးပြလိုက်ပြီး ကျွန်ုပ်၏ကားကြီးကိုမောင်းထွက်လာခဲ့လေသည်။

ကျွန်ုပ်၏ ဦးတည်ရာလမ်းကြောင်းကတော့ ကျွန်ုပ်မိတ်ဆွေကြီး "ဂျိုကာကြက်ရိုး "၏အိမ်ဂေဟာသို့ဖြစ်ပါသည်။ ဂျိုကာကြက်ရိုး ကိုတင်ဆောင်လာပြီးနောက် ကျွန်ုပ်တို့ဦးတည်ရာအရပ်သည်ကား ကျွန်ုပ်တို့အချစ်တော်ရပ်ကွက်လူကြီး" ဦးစိမ်းစို" ၏နေအိမ်ရှိရာ ဆင်တောင်ကြား လမ်းသို့ဖြစ်ပါတယ်။ ဆင်တောင်ကြားလမ်းသို့ ရောက်သော် ဦးစိမ်းစို ၏အိမ်ရှေ့တွင်ကားကိုရပ်ကာ အိမ်ထဲသို့လှမ်းကြည့်လိုက်တော့ ရပ်ကွက်လူကြီး ဦးစိမ်းစို ကို သူ့အိမ်ရှေ့ မြေကွက်လပ်တွင်ပက်လက် ကုလားထိုင် တစ်လုံးဖြင့်စည်းစိမ်ယူရင်း လွန်စွာထူထဲကြီးမားလှသော ဘုတ်အုတ်ကြီး တစ်အုပ်ကိုဖတ်နေသယောင်ပြုနေသော မွဲချောက်ချောက် မျက်နှာပိုင်ရှင်" ဦးစိမ်းစို " ကိုအခန့်သင့်ပင်တွေ့ရလေသည်။

ကျွန်ုပ်၏ကားစက်သံကိုကြား၍ ထိုပုဂ္ဂိုလ်ကြီးအိမ်ဝသို့ ဘာပါလိမ့် ဟူသောမျက်နှာပေးနှင့်လှမ်းကြည့်ရှာလေသည် ကျွန်ုပ်က ထိုပဂ္ဂိုလ်ကြီးကို စိုးစဉ်းမျှ ဂရုစိုက်ဟန်မပြပဲ ကျွန်ုပ်ဖခင် လက်ဆောင်ပေးလိုက်သော အိုင်ဖုန်း ကြီးကိုထုတ်၍ ဟန်ရေးတပြပြလုပ်နေရာ ထိုလူကြီးလည်း လွန်စွာအားကျလှသောမျက်နှာဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီး သူ့ဘုတ်အုတ်ကြီးကိုပြန်ကြည့်နေ၏။ ထိုအခါမှကျွန်ုပ်တို့လည်း " အောင်ကိုသိန်း " ဆိုင်မှယူလာသော ကွမ်းယာထုတ်ကို ထုတ်၍ကွမ်းယာများကို စက်ဖြင့်ကြိတ်နေသလိုတရပ်စပ်ဝါးကြနေရင်း ကားထဲမှသီချင်းသံ ကိုအမြင့်ဆုံးတင်ထားပြီး နှစ်ယောက်စလုံး စည်းချက်နှင့် အညီလှုပ်နေကြ၏။ ထိုအခါကျွန်ုပ်တို့ကားထဲ မှဆူညံလှစွာသော သီချင်းသံကြောင့် ဇဝေဇဝါ ဖြစ်လာသောမျက်နှာဖြင့်ထိုလူကြီးကျွန်ုပ်တို့ကိုထပ်ကြည့်ပြန်ရှာသည်။

ထိုလူကြီး ကျွန်ုပ်တို့ကိုလှမ်းကြည့်လိုက်သည့် အခိုက်တွင်မှ ကျွန်ုပ်တို့နှစ်ယောက်လည်း Uploaded by

မော်တာဖြင့်ကြိတ်ဝါးထားသလို ဝါးထားသည့်ကွမ်းယာမှ ကွမ်းတံတွေးများကို ထိုလူကြီးအိမ်ရှေ့လမ်းပေါ်မြေပြောင်ပြောင်ပေါ်သို့ နိုင်နိုင်ကြီးထွေးချလေတော့သည်။ ထိုအခါမှ ထိုဝတုံးကြီးသည် ဒေါသထွက်ရကောင်းမှန်းသိလာ၍ လွန်စွာပေါက်ကွဲနေလေတော့သည်။

ကျွန်ုပ်တို့မြန်မာပြည်တွင် လမ်းပေါ်ကွမ်း တံတွေးမထွေးရသည့် ဥပဒေက မရှိသဖြင့် ထိုလူကြီးမှာဒေါသထွက်လာရုံမှတပါး တစ်ခြားနည်းလမ်း မရှိလေတော့ဟန်ဖြင့် သူတို့ အိမ်ထဲမှ သူ့ကတော်ကြီးကိုလှမ်းခေါ်လေတော့သည်။ ဖြစ်နိုင်ချေက်တော့ ကျွန်ုပ်တို့ကို သမ ရန်စစ်ကူခေါ်ခြင်းပါ အိမ်ထဲမှ သူ့ကတော်ကြီး ထွက်လာသည်နှင့် ကျွန်ုပ်တို့ကလည်း တစ်ဆင့်တက်၍" ဦးရွှေသီး" ဆိုင်မှ ပါဆယ်ထုတ်လာသောမန်ကျည်းဖျော်ရည်ထုပ်ကိုထုတ် ပိုက်ဖြင့်စုပ်၍ ပလုတ်ကျင်းပြီး ထုံးများဖွေးနေအောင်သုတ်ထားသော သူတို့အိမ်ရှေ့ခြံစည်းရိုးကို လှမ်း၍ထွေးကြလေ၏။

ထိုအချင်းအရာကို မြင်နေသော အဖွားကြီးလည်း တစ်ကိုယ်လုံးနတ်ကျသလို တစ်ဆတ်ဆတ် တုန်ရင်လာရုံသာမက တရုတ်သရဲ ကားထဲမှ သရဲများလိုပါ ခုံဆွခုံဆွဖြင့် လက်နှစ်ဖက်ကိုဆန့်တန်း၍ ကြောက်မက်ဖွယ်မျက်နှာထားကြီးဖြင့် မသာတွေ မသာတွေ ဟူသောဂါထာကို အသံနက်ကြီးဖြင့်တွင်တွင်ကြီးရွတ်၍ လေအဟုန်ဖြင့်ကားနားသို့ချီတက်လာလေသည်။

ကားနားသို့ အဖွားကြီးရောက်လာသောအခါ ကျွန်ုပ်က အဖွားကြီးလင်မယား၏ ဒေါသထွက်နေကြခြင်းကို အနည်းငယ်မျှအသိအမှတ် မပြုသောမျက်နှာထားဖြင့် ရော့ အန်တီ ကွမ်းတံတွေးပေသွားတဲ့နေရာ ကိုထုံးပြန်သုတ်ဖို့ ဟုပြော၍ တရုတ်သရဲကားထဲတွင် သရဲနိုင်ဂါထာစာရွက်ကို သရဲနဖူးတွင်ကပ်ပေးလိုက်သကဲ့သို့အဖွားကြီး၏ နဖူးတွင်ဒေါ်လာတစ်ရာတန် တစ်ရွက်ကိုတံတွေးဆွတ်၍ ကပ်ပေးလိုက်ရာ အဖွားကြီးလည်းဘာတစ်ခွန်းမှ ဆက်မပြောနိုင်တော့ပဲ ကြောင်စီစီမျက်နှာလေးနှင့် အိမ်ထဲသို့ပြန်ဝင်သွားလေသည်။ကျွန်ုပ်လည်း အဖွားကြီးထွက်သွားသည်နှင့် ကျွန်ုပ်တို့၏လုပ်ရပ်များကို မျက်လုံးအကြောင်သားလေးနှင့်ကြည့်နေရှာသော ဦးစိမ်းစိုကိုတစ်ချက်ကြည့်လိုက်ပြီး ကျွန်ုပ်ပတ်ထားသော ရိုးလက်နာရီ ကြီးကို ဟန်ပါပါနှင့်ကြည့်၍ အချိန်ပုပ်သည်ဟူသောအမူအရာကိုပြ၍ ကျွန်ုပ်ကပမာမခန့် အလေးပြုသလိုလုပ်ပြပြီး ကားကိုမောင်းထွက်လာခဲ့တော့သည်။

ဤတွင် ကျွန်ုပ်၏ ဆွတ်ပျံ့ကြည်နူး လွမ်းမောဖွယ်ရာအတိနှင့် ရတနာအိပ်မက်
ကြီးကားပြီးဆုံးခြင်းသို့ရောက်ခဲ့ချေတော့သည်။ အင်း....မြိန်ပေစွ....မြိန်ပေစွ
..သက်ပြင်းတစ်ချက်ကိုအသာထုတ်လိုက်ပြီး လမ်းပေါ်တွင်ဥဒဟိုသွားလာ နေသောယာဉ်ကြီး၊
ယာဉ်ငယ် အပေါင်းကို လက်နှစ်ဖက်ကိုအသာနောက်ပြစ်၍ စတိုင်ထုတ်၍ကြည့်နေရင်းမှ
ညကအိပ်မက်ကိုပြန်စဉ်းစားမိ၍ တစ်ချက်ပြုံးမိသွားသည်။ ထိုစဉ်...ကျွန်ုပ်၏ နံဘေးမှ
ဟင်း.....ဟုသက်ပြင်းချသံမတိုမရှည်အသံကိုကြားမိ၍ လှမ်းကြည့်လိုက်ရာဘယ်အချိန်ကတည်းက
ကျွန်ုပ်နံဘေးသို့ရောက်ပြီး ကျွန်ုပ်ကိုမသိမသာအကဲခတ်နေသည်မသိ
ကျွန်ုပ်ပြုံးနေသည်ကိုမြင်လိုက်ရသည့်တခဏ တွင်ပြင်းစွာပူပန်သော မျက်နှာကိုဖြစ်ပေါ်လာပြီး
လွန်စွာစိုးရိမ်မကင်းသောဟန်ဖြင့် အိမ်ထဲသို့ လျှင်မြန်စွာဝင်၍ သွားလေတော့သည်။

ကျွန်ုပ်အတတ်သိလိုက်ပါပြီ ကျွန်ုပ်၏ မိခင်သည် ကျွန်ုပ်ပြုံးနေသည့်အကြောင်းကို
ဖခင်ကြီးကိုသတင်းသွားပို့၍ အိမ်တွင်းပစ္စည်းများကာကွယ်ရေးလုပ်ငန်းများ
အရှိန်ဟုန်မြှင့်၍ဆောင်ရွက်ကြရေးဆွေးနွေးနေကြပါပြီ။ ဘာကြောင့်မှန်းတော့မသိ သင်္ကြန်နားနီးလာ၍
ကျွန်ုပ်ပြုံးသည်ကိုမြင်ရလျှင် ကျွန်ုပ်၏ မိဘများလွန်စွာတုန်လှုပ်ကြလေ၏။ .ဘာပဲဖြစ်ဖြစ်လေ
ကျွန်ုပ်၏သင်္ကြန်အကြိုနေ့ရက်များကတော့ ညတုန်းကမက်ခဲ့ရသည့် အိပ်မက်လေးကြောင့်
စိန်ရောင်၊ရွှေရောင်တွေ တောက်ပြီး လွန်စွာသားနားနေတော့မည်ဟုထင်ပါသည်။
အင်း...ဒီနှစ်သင်္ကြန်တော့ ဇာတာတက်ပြီထင်ပါရဲ့.....။

............................................လှာလှာလှာ.......................................

**ဆရာကြီး ဒါဘဲလား**




ကျွန်တော်ကအဆဲအသန်ဆုံးပါ။ ကျွန်တော် ငယ်ငယ်က အရမ်းကိုအဆဲသန်ပါတယ်။ ကျွန်တော်တို့ဆွေမျိုးတစ်စုလုံးမှာ

ကျွန်တော်တို့ရပ်ကွက်ထဲမှာဆိုရင်လည်း…။ ကျွန်တော်တို့ရပ်ကွက်ထဲကို ဧည့်သည်တစ်ယောက်လာလို့ စပ်စပ်စုစုလုပ်ပြီး ဒီရပ်ကွက်ထဲမှာ ဘယ်ကလေးစာအတော်ဆုံးလည်းလို့ မေးလာရင် ရပ်ကွက်ထဲကလူတွေတော်ရုံနဲ့ မဖြေနိုင်ကြပါဘူး။ အဲ..ဒီရပ်ကွက်ထဲမှာ ဘယ်ကလေးအဆဲသန်ဆုံးလည်းဆိုရင်တော့ ကျွန်တော်ကိုမျက်စောင်းလေးမသိမသာထိုးပြကြပါလိမ့်မယ်။ ရောင်ပြီးလက်ညှိုးနဲ့တော့ထိုးမပြလေနဲ့ ကျွန်တော်မြင်လို့ကတော့ အဆဲခံရပြီသာမှတ်။

ကျွန်တော်ငယ်ငယ်က ဆိုးတာလည်းမပြောနဲ့ အမျိုးအင်အားကလည်းတောင့်တာကိုး ဘကြီးတစ်ယောက်ကလည်း ဟိုခေတ်ကလူကြီးပောင်း၊ ဦးကြီးကလည်း အဲဒီခေတ်အချိန်က ဘာညာ ဘာညာ အဖွဲ့အစည်းမှာလူကြီး တစ်ယောက်ဖြစ်နေတဲ့အချိန် ဆွေမျိုးအင်အားကလည်း တရုတ်သိုင်းကားရိုက်လို့ရလောက်အောင်ကို လူအင်အား တောင့်တင်းတယ် ဦးလေးတွေ၊ အကိုတွေ၊ အဒေါ်တွေ၊ အမတွေ တစ်ပြုံကြီးနဲ့ ပျော်စရာကြီးပေ့ါ။ ခုလိုတရုတ်ကားသာကြည့်ထားမိလို့ကတော့ ဦးလေး တစ်၊ ဦးလေးနှစ်၊ အကိုကြီး ၊အကိုလေး ၊ဒေါ်ဒေါ်ကြီး၊ ဒေါ်ဒေါ်လေး၊ မမလေး၊ မမကြီးနဲ့ တရုပ်ကားထဲကလိုတောင် လျှောက်ခေါ်ပြစ်လို့ရသေးတယ် ဟေးဟေး ..။

တရုပ်ကားတွေမြဝတီကလာတာ နောက်ကြသွားလို့ နို့မို့ဆိုရင် သိုင်းကားထဲကလို ဘာမိသားစု၊ ညာမိသားစုနဲ့ တောင်နာမည်တွေပေးလို့ရသေးတယ်။

ဒီမိသားစုကြီးတစ်ခုလုံးမှာ ကျွန်တော်နဲ့ ညီမဝမ်းကွဲလေးတစ်ယောက်က အငယ်ဆုံးကလေးတွေဆိုတော့ ကျွန်တော်တို့နှစ်ယောက်ကို အရမ်းချစ်ပြီး အရမ်းအလိုလိုက်ကြပါတယ်။ ကျွန်တော်ငယ်ငယ်က မိဘအိမ်မှာနေတဲ့အချိန်တော်တော်နည်းပြီး သူတို့အိမ်မှာနေတာပဲများပါတယ်။ တစ်ခါတစ်လေ မိဘတွေကအိမ်မှာနေဖို့ပြန်လာခေါ်ရင်တောင် ကျွန်တော်က ပြန်မလိုက်ချင်ပါဘူး။ အမျိုးတွေကအရမ်းချစ်ပြီးအလိုလိုက်ကြတော့ ကျွန်တော်ကလည်းတော်တော် ဆိုးပါတယ်။

ရပ်ကွက်ထဲက လူတစ်ယောက်ယောက်က ကျွန်တော့်ကိုစပြီးလာမဆဲလိုက်ပါနဲ့ ကျွန်တော်ကလည်း အထွေအထူးတောင်အားထုတ်စရာတောင်မလိုဘူး ကကြီးကနေ အ အထိအမျိုးပေါင်းတော်တော်လေးကို ဆဲနိုင်အောင်ကိုတော်ပါတယ်။ ဘယ်လောက်ထိအောင်တော်လည်းဆိုရင် ရွယ်တူကလေးချင်းကိုတောင် နွေရာသီ သုံးလပြတ် အဆဲသင်တန်းပေးလို့ ရလောက်အောင်ကို ဆဲတဲ့နေရာမှာကျွမ်းကျင်အဆင့်ပါ။ ဒါပေမဲ့ အခုအရွယ်ရောက်လာတော့ လုံးဝနီးပါးမဆဲတော့ပါဘူး။ အသက်အရွယ်ကြောင့်လည်းပါတယ်။ နောက်ပြီးတော့ကောင်းကင်ဘုံက ဘိုးဘွားတွေမျက်နှာကိုလည်းထောက်တဲ့ အနေနဲ့ မဆဲတော့တာပါ။ ခုတော့ "ပေါ့ဆိမ့်" လို အိန္ဒြေရေ ယယ လေးပဲနေတော့တယ်။

နိုင်ငံခြားမှာထွက်အလုပ်လုပ်တော့ ကျွန်တော်လုပ်ရတဲ့စက်ရုံမှာ နီပေါ၊ ဘင်္ဂလား၊ အင်ဒို၊ မြန်မာဆိုပြီး လူမျိုးပေါင်းစုံရှိပါတယ်။ လူမျိုးပေါင်းစုံဆိုတော့ သိတဲ့အတိုင်း အဆဲလေးကလည်းပေါင်းစုံဆိုပါတော့။ သူတို့ အချင်းချင်းလည်းအတော်ကိုဆဲကြပါတယ် ငယ်တဲ့လူတွေကလည်း ကြီးတဲ့လူတွေကို မအေ၊ နမတွေနဲ့ စုံနေအောင်ကိုဆဲကြတာပါ။ ကျွန်တော် လည်းဘာသာစကားစုံ ဆဲတတ်အောင်လေ့လာထားရပါတယ်။ သိပ်တော့မခက်ပါဘူး ကျွန်တော်ကပါရမီအခံ ရှိတော့အတတ်မြန်တယ်လေ သိတယ်မဟုတ်လား။ အလုပ်သဘောအရတစ်ခါတစ်လေ အဆီအငေါ်မတည့် ဖြစ်တဲ့အခါမျိုးဆိုရင် ဆဲပြီးတော့ပဲဖြေရှင်းလိုက်ရတာပါပဲ။

အဲဒီမှာထူးခြားတာတစ်ခု မြန်မာတွေက သူများဘာသာ စကားတွေနဲ့ စုံနေအောင်သာဆဲတတ်ကြတာ တစ်ခြားလူမျိုးတွေက မြန်မာလိုတစ်လုံးမှ မဆဲတတ်ကြပါဘူး။ အမြော်မြင်ရှိတဲ့လူဟောင်းတွေက သူတို့ကို မင်္ဂလာပါ နဲ့ ကျေးဇူးတင်ပါတယ်ကလွဲရင်ဘာမှသင်ပေးမထားကြပါဘူး။ သူတို့ကသိချင်လို့အတင်းလာမေးရင်တောင် မြန်မာစကားမှာ အဆဲမပါဘူးဆိုပြီး ဖြောင်လိမ်ထားကြပါတယ်။ ဒီကောင်တွေ ကလည်းမယုံပါဘူး ဘယ်တော့ ဆဲမလည်းဆိုပြီး သတိထားပြီးလေ့လာနေကြတာပါ။

ဒါပေမဲ့ ကျွန်တော်တို့မြန်မာအချင်းချင်းကလည်း တစ်ယောက်နဲ့ တစ်ယောက်လုံးဝမဆဲ ကြပါဘူး။ အရမ်း ယဉ်ကျေးကုန်ကျလို့တော့ မဟုတ်ပါဘူး။

စက်ရုံမှာမြန်မာအင်အားကအရမ်းနည်းတဲ့ အပြင်အသက်အရွယ်တွေကလည်း အရမ်းကွာကြပါတယ် အသက်ကြီးတဲ့လူတွေကို ငယ်တဲ့လူတွေက မဆဲကြသလို ငယ်တဲ့ လူတွေကလည်း ပညာတတ်တွေ ဖြစ်တော့ စက်ရုံမှာ စူပါဘိုက်ဆာ တို့ဘာတို့လူကြီးတွေဖြစ်နေတော့ လူကြီးတွေ ကလည်းလူငယ်တွေကို မဆဲသာပါဘူး ပြီးတော့တစ်ယောက်နဲ့ တစ်ယောက် သိပ်လည်းအရောတဝင်မနေကြတော့ မြန်မာလိုမဆဲ ကြတော့ဘူးပေါ့ဗျာ။ သူတို့ကမသိမသာမေးလည်း ဘယ်သူကမှမပြောပြကြပါဘူး။ကျွန်တော်လည်း ရောက်စမကြာသေးခင် လူကြီးတွေက အဆဲသင်မပေးဖို့ နဲ့ မြန်မာလိုမဆဲဖို့ မှာထားကြလို့ ကျွန်တော်လည်းမြန်မာလို လုံးဝမဆဲပဲသူတို့ဆဲနည်းလေးတွေကိုပဲ သင်ထားလိုက်တယ် မှတ်ကရော...။

တစ်နေ့တော့ နေ့လည်ပိုင်းထမင်းစားနားတဲ့ အချိန်ထမင်းစားပြီး တစ်ယောက်တည်းထိုင်နေတုန်း ဘင်္ဂလားတစ်ယောက်ရောက်လာပါတယ်။ စားပြီး ပြီလား အလုပ်အဆင်ပြေလားဘာညာနဲ့ လာဖော်နေပါတယ်။ ပြီးတော့သူ့အိပ်ထဲက စီးကရက်တစ်လိပ်ကိုထုတ်ပြီး ကျွန်တော်ကိုတိုက်ပါတယ်။ ကျွန်တော်လည်းအတော်လေး အံ့သြသွားပါတယ်။ ဘာလို့လည်းဆိုတော့ဘင်္ဂလားတွေဟာ သိပ်ပြီးကပ်စေးနဲပါတယ်။ သိပ်ကတ်သတ်တဲ့ လူမျိုးပါ ခုလိုစီးကရက်တစ်လိပ် အလကားတိုက်ဖို့ဆိုတာ အတော်လေးကိုမလွယ်ကူတဲ့ကိစ္စပါ ပြီးတော့ဒီဘင်္ဂလားကိုကျွန်တော်သိပါတယ်။ ကျွန်တော်အလုပ် လုပ်ရတဲ့နေရာနဲ့ မလှမ်းမကမ်း စက်ရှင်တစ်ခုကပါ အင်္ဂလိပ်လိုအတန်အသင့် ပြောတတ်ပြီးသူတို့ဘင်္ဂလားတွေထဲမှာတော့ လူလည်တစ်ယောက်ပေါ့။ ဒီလိုနဲ့ စပ်မိစပ်ရာလေးတွေပြောကြပြီး နားချိန်ပြည့်တော့ အလုပ်ပြန်ဝင်လုပ်ကြပေါ့။

လေးရက်လောက်ကြာတဲ့အထိတော့ပုံမှန်ပါပဲ နောက်ငါးရက်မြောက်လောက်ရောက်တော့ သူနဲ့အတူနီပေါတစ်ယောက်ပါ ပါလာပါတယ်။ ဒီနီပေါကောင်ကလည်း သူတို့နီပေါတွေထဲမှာတော့ ဆရာပါပဲ လူလည်ပေါ့။ အတော်လေးခင်လာတော့မှ သူတို့နှစ်ယောက်ကကျွန်တော်ကိုမေးပါတယ်။ မြန်မာစကားမှာ ဟိုဟာကိုဘာခေါ်လည်း ဒီဟာကိုဘာခေါ်လည်းနဲ့ မေးကြပါတယ်။ ကျွန်တော်က အကောင်းမေးတာတွေကိုတော့ အမှန်အတိုင်းပဲပြောပြပါတယ်... ဒီလိုနဲ့ အကောင်းမေးနေရင်းက သူတို့နှစ်ယောက်ကဖောက်လာပါရောဗျို့ ။ ယောကျာ်းတွေဆဲတဲ့ ဟာကို ဘယ်လိုခေါ်လည်းဆိုပြီးမေးပါလေရော။

ကျွန်တော်ကိုလူသစ်ဆိုပြီးအချဉ် လုပ်ပြီးလာမေးတာပါ။ ကျွန်တော်ကလည်းပထမရက်တွေထဲက မေးလာရင်ပြောဖို့စဉ်းစားထားပြီးသားပါ မသိဘူးလို့ပြောရင်မကောင်းဘူးလေ။ ဒါနဲ့ အဲဒါကိုမြန်မာလိုဆရာကြီးလို့ခေါ်တယ်ကွလို့ပြောလိုက်ပါတယ်။ နစ်ကောင်သားမျက်နှာတွေ ပြုံးရွှင်သွားပြီး ဆရာကြီး…ဆရာကြီးနဲ့ အစမ်းလေ့ကျင့်နေကြပါတယ်.။ ပြီးတော့နီပေါကောင်ကပါ ဒါဆိုငါတို့ နီပေါတွေအမြဲဆဲနေတဲ့ မင်းအမေ…… ကြတော့ရောဘယ်လိုပြောလည်းဆိုတော့ ကျွန်တော်ကတစ်ချက် စဉ်းစားသလိုလုပ်ပြီးကာမှ အဲဒါမြန်မာလိုပြောရင် "ဒါပဲလား" လို့ပြောရတယ်။

နစ်ကောင်စလုံးဝမ်းသာမှုတွေက သူတို့မျက်နှာမှာဖုံးမရဖိမရပေါ်နေပါတယ်။ ကျွန်တောလည်းပြောပြီးကာမှ မရယ်မိအောင် အတော်အောင့်ထားရပါတယ်။ သူ့တို့ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဆရာကြီးနဲ့ ဒါပဲလားကို အပြန်အလှန်ရွတ်နေကြပါတယ်။ ညနေအိမ်ပြန်ရောက်တော့ ဟိုငတိနစ်ကောင်ရဲ့ စက်ရှင်က စုပါဗိုက်ဇာ ကကျွန်တော်တို့အိမ်ကအကိုကြီးတစ်ယောက်ပါ။ သူကကျွန်တော်ကို ညီလေးမင်း ဟိုနစ်ယောက်ကိုဘာတွေသင်ပေးထားလည်း ငါကဒီနစ်ကောင်သူများထက်စကားများလို့ အလုပ်တွေပိုပေးလိုက်တာ ငါ့ကို ဆရာကြီး ဒါပဲလားလို့မကြားတကြားနဲ့ပြောနေတယ်။ ဆိုပြီးလာမေးတော့ ကျွန်တော်က ကျွန်တော့်လက်ချာအကြောင်းကို ရှင်းပြလိုက်တော့ အလွန်မျက်နှာတည်တဲ့ အကိုကြီးတောင်ပြုံးစေ့စေ့ ဖြစ်သွားပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ စက်ရုံမှာလည်း မိုးလင်းကနေ မိုးချုပ် ဆရာကြီး ဒါပဲလား ဆိုတဲ့ အသံတွေနေ့စဉ်ကြားနေရပါတယ်။ သူတို့အချင်းချင်း ရန်ဖြစ်ရင်တောင်ဒီလိုပဲ ပြောနေကြပါတယ်။ တစ်ခါတစ်လေ အပြင်ကစက်တွေလာပြင်တဲ့ ကုမ္ပဏီတွေက ကျွန်တော်တို့စက်ရုံကစက်တွေလာပြင်တဲ့ စက်ဆရာတွေထဲမှာ မြန်မာလူမျိုးတွေပါလာတတ်ပါတယ်။ သူတို့ကလည်းသိတော့ ဒီလူတွေသူတို့နားကဖြတ်သွားရင် မကြားတကြားနဲ့ ဆရာကြီး ဒါပဲလား ဆိုပြီးလှမ်းလုပ်လိုက်ပါသေးတယ်။ ဟိုလူတွေကြောင်တောင်တောင်ဖြစ်သွားတာပေါ့ ဒါကိုမြင်ရင်သူတို့ကအရမ်းကျေနပ်ကြပါတယ်။ သူတို့မအဘူးဆိုပြီး ဂုဏ်ယူနေကြရှာပါတယ်။ နောက်မှ စက်ပြင်ဆရာတွေကို ကျွန်တော်တို့ကဒီအကြောင်းတွေရှင်းပြပြီး ပြန်မပြောဖို့ ပိတ်ထားပါတယ် အကြောင်းစုံ သိရတော့ စက်ဆရာတွေလည်း တဟားဟားနဲ့ ပေါ့ဗျာ…

…………………………………ဣဣဣ………………………………………….

**ဒေါသ၏ သင်္ကေတများ**

ကျွန်တော်တို့ ဆင်တဲမြို့လေးမှာ နာမည်ကြီးကွမ်းယာဆိုင်တစ်ဆိုင်ရှိပါတယ်။ ဆိုင်နာမည်ကတော့ စာဆိုတော် တဲ့ ဆိုင်နာမည်ကထူးခြားနေသလို ဆိုင်ပိုင်ရှင်ကလည်း နည်းနည်းလေးထူးခြားနေပါတယ်။ ဆိုင်ရှင်နာမည်က အောင်ကိုသိန်း လို့ခေါ်ပါတယ်။



အသက် ၄၀ ဝင်းကျင်ခန့်အသားလတ်လတ် မျက်လုံးပြူးပြူး နဲ့ မကြီးမငယ်အရွယ် လူငယ်ကြီးတစ်ယောက်ပါ။ အောင်ကိုသိန်း၏ ကွမ်းယာဆိုင်မှာ မြို့လေးရှိလူစည်ကားရာ ရပ်ကွက်တစ်ခုမှာ ဖွင့်ထားတာဖြစ်သလို ထုံးအစပ် အဟပ်နှင့် ဆက်ဆံရေးကောင်းမွန်မှုတို့ကြောင့် ဆင်တဲ၏ ရောင်းအားအကောင်းဆုံး ကွမ်းယာဆိုင်တွေထဲ မှာတစ်ဆိုင် အပါအဝင်ဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာလူမျိုးတွေမှာက လူအယောက်တစ်ရာရှိရင် ငါးဆယ်လောက်က ကွမ်းစားတတ်ကြပါတယ်။အဲဒီကွမ်းစားတတ်တဲ့လူတွေထဲမှာ ကျွန်တော်လည်း အပါအဝင်ဖြစ်တာမို့ ကျွန်တော်လည်းကွမ်းသမားတစ်ယောက်လို့ပြောပါတော့။ ကျွန်တော်တို့အိမ်နဲ့ အောင်ကိုသိန်း ရဲ့ ကွမ်းယာဆိုင်က နည်းနည်းဝေးပါတယ် ဒါပေမဲ့ကျွန်တော်က ကွမ်းစားရင် အောင်ကိုသိန်း ရဲ့ ကွမ်းယာဆိုင်လေးမှာပဲ အမြဲသွားစားလေ့ရှိပါတယ်။ အောင်ကိုသိန်း နဲ့လည်းရင်းနှီးနေတဲ့ ဖောက်သည်တစ်ယောက်ပေါ့ တစ်ခါတစ်ရံ ပိုက်ဆံပြတ်နေတဲ့ အချိန်မျိုးဆိုရင်လည်း သူ့ဆိုင်မှာ ဘေထုလို့လည်းရပါတယ်။

အောင်ကိုသိန်း ရဲ့ စာဆိုတော် ကွမ်းယာဆိုင်လေး၏ အခင်းကျင်း အပြင်အဆင်မှာ တစ်ခြားဆိုင်များနဲ့ လုံးဝမတူပါဘူး ဆိုင်ခန်းကကျယ်ဝန်းသပ်ရပ်မှု ရှိတဲ့အပြင် ဆိုင်နံရံ အပြည့်မှာဆိုရင်လည်းနိုင်ငံခြား မင်းသား မင်းသမီး အဆိုတော် ပုံများနဲ့ပြည်နှက်နေပါတယ်။ အောင်ကိုသိန်း ကိုယ်တိုင်ကလည်း ဂီတာလေး မတောက် တစ်ခေါက်တီးတတ်တဲ့ ဂီတရူးတစ်ယောက်ပါ။ ကျွန်တော်သူ့ဆိုင်ကွမ်းသွားဝယ်တဲ့ အချိန်ကွမ်းလာဝယ်တဲ့သူရှင်းနေတဲ့ အချိန်မျိုးဆိုရင် ဂီတနဲ့ ပတ်သက်တဲ့ သူ့ရဲ့အမြင်နဲ့ ဂီတအပေါ်ရူးသွပ်နေမှုစတဲ့အကြောင်းတွေကို အာဘောင်အာရင်းသန်သန်နဲ့ ရှင်းပြတတ်ပါတယ်။ သူကျွန်တော်ကိုပြောလေ့ရှိတာတစ်ခုက သူ သီချင်းတစ်ပုဒ်စပ်နေတဲ့ အကြောင်းပါ ကျွန်တော်အမြဲတမ်းတွေ့နေတာကတော့ ဘာသီချင်းမှမစပ်ပဲနဲ့ နေ့တိုင်းထုံးတွေတော့ စပ်နေတာကိုပါပဲ။

သူကကွမ်းယာသာရောင်းနေတာ သူ့လက်ကလေးတွေကိုတော့ အမြဲတမ်းသန့်နေအောင်ထားလေ့ရှိပါတယ်။ သူ့လက်ကလေး တွေကို သသပြီး သူအမြဲပြောလေ့ရှိတဲ့စကားက 'ဒီလက်ကလေးတွေကပေ့ါသေးသေးလက်တွေမဟုတ်ဘူးကွ' ဂီတသင်္ကေတတွေ သီချင်းစာသားတွေ ရေးပြီး 'နောင်တစ်ချိန်အနုပညာလောက်မှာ ကျော်ကြားလာမယ့် တေးရေးဆရာရဲ့လက်တွေကွ ' ဒီလိုသူအမြဲပြောလေ့ရှိပါတယ်။ ကျွန်တော်တောင်တစ်ခါတစ်လေ သူ့ကို အော်တိုပဲကြိုထိုး ခိုင်းထားရင်ကောင်းမလားလို့ စဉ်းစားမိပါတယ်။

တစ်နေ့ကျွန်တော်သူငယ်ချင်းတစ်ယောက် သူ့ဆိုင်မှာကွမ်းသွားဝယ်ရင်းနဲ့ သတင်းတစ်ခု ပါလာပါတယ်။ အောင်ကိုသိန်း တစ်ယောက်ကွမ်းဆိုင်ပိတ်ပြီး တေးရေးဆရာလုပ်တော့မလို့ဆိုပဲ။ မကြံကောင်းမစည် အပ်ဗျာ။ တော်ရုံတန်ရုံတန်ရုံတောင် မဟုတ်ဘူး တေးရေးဆရာလောကမှာ နာမည်ကြီးနေတဲ့တေးရေး ကေအေတီ ကိုတောင်နောက်ကောက်ချပြစ်မယ်ဆိုပဲ။ သူ့နာမည် အောင်ကိုသိန်း ကို အေကေတီ လို့ပြောင်းမယ် ကေအေတီ ကတရုတ် သီချင်းတွေကို ကော်ပီလုပ်ပြီးအောင်မြင်လာသလို သူကလည်းခုတစ်လော မြန်မာပရိတ်သတ်တွေ အရမ်းကြိုက်နေကြတဲ့ ကိုရီးယားကားတွေထဲက ဇာတ်ဝင်သီချင်းတွေကို ကော်ပီလုပ်ပြီး အဆိုတော် အာကြီး (Rဇာနည်) ကိုဆိုခိုင်းလိုက်ရင်ပျက်ပီဆိုပဲ။ 'အဲ... အဲ' ပြတ်ပြီဆိုပဲ။ ကျွန်တော်တို့သိသလောက်ကတော့ အဆိုတော်အာကြီးမပြောနဲ့ ဆိုက်ကားသမားအာကြီးကတောင် အရှုံးစာရင်းအသွင်းခံရမှာစိုးလို့သူ့ သီချင်းကိုဆိုမှာမဟုတ်ပါဘူး။

ဒီလိုနဲ့ ကျွန်တော်တို့အဖွဲ့က သူ့ကိုဂုဏ်ပြုတဲ့ အနေနဲ့ ကိုရီးယားနာမည်
အသစ်လေးတစ်ခုသူ့ကိုပေးထားပါတယ်။ ကြောင်ကွက်သာ
တဲ့နေ့နံတွေဘာတွေကြည့်ပြီးပေးထားတာတော့ မဟုတ်ပါဘူး။ သူ့နာမည်က အောင်ကိုသိန်း
နောက်ပြီး ကြောင်တဲ့နေရာမှာလည်း သူများထက်အမြဲတစ်ကွက်သာနေလို့ အောင်ကို ကြောင်
လို့ပြောင်းပြီး နောက်နစ်လုံးကိုပါပြောင်းပေးလိုက်တာပါ။ ကောင်းတယ်နော် နာမည်လေးက။

ခုတစ်လော အောင်ကိုသိန်း တစ်ယောက်ဖောက်နေပါတယ် သူ့ဆိုင်မှာကွမ်း အကြွေးဝယ်ချင်ရင်
သူ့နာမည်ကို အေကေတီ ခေါ်မှရောင်းပါတယ်။ သူ့အထာမသိပဲနဲ့ သွားပြီး အောင်ကိုသိန်း
ကွမ်းတစ်ထုပ်လောက် ဘေ ယူမယ်နော်ဆိုရင်တော့ ကွမ်းအကြွေးမရောင်းဘူးလို့မျက်နှာသေကြီးနဲ့
ပြောလွှတ်ပါတယ်။ သူ့ရောဂါက မသေးပါဘူး။ ကျွန်နော်တို့ကတော့ဒါမျိုးတွေနပ်တယ်လေ
ဘယ်ရမလဲ ပိုက်ဆံမပါလို့ဘေထု ရတော့မယ်ဆိုတာနဲ့ အေကေတီ ကြီးနေကောင်းလား
ဘာသီချင်းတွေစပ်ထားသေးလည်း ဘာညာနဲ့ဖောလိုက်တာနဲ့ သူ့မျက်နှာပြုံးဖြီးဖြီးကြီး ဖြစ်သွားပြီး
ကျွန်တော်တို့လိုသလောက်ကို ထုပ်ပေးတတ်ပါတယ်။

တစ်နေ့ကဘယ်သူသွားပြောလည်း တော့မသိပါဘူး။ သူ့ကိုနာမည်အသစ်ပေးထားတာသိသွားပြီး
အရမ်းပေါက်ကွဲနေတယ်ဆိုပဲ။ ကျွန်တော်တို့လည်းသူ့ဆိုင်ကိုမသွားရဲကြပါဘူး။ ဒီနေ့တော့
ကျွန်တော် လည်းကွမ်းအရမ်းစားချင်လာတာနဲ့ အောင်ကိုသိန်း
ဆိုင်မှာကွမ်းဝယ်ဖို့ထွက်လာခဲ့ပါတယ်။ ဆိုင်ကိုရောက်တော့ လူရှင်းနေတာနဲ့ အောင်ကိုသိန်း
တစ်ယောက်ကွမ်းရွက်တွေထိုင်ညှပ်နေတာကို တွေ့ရပါတယ်။

ကျွန်တော်လည်းသူ့ကိုကွမ်းတစ်ထုပ်လှမ်းမှာလိုက်ပြီး" အေကေတီကြီး ဘာတွေလုပ်နေလည်း
သီချင်းအသစ်တွေဘာတွေ လုပ်ထားသေးလား" ဆိုပြီးဖောရှောလေးလုပ်လိုက်တော့
သူကမျက်နှာတည်ကြီးနဲ့ ဘာမှမလုပ်ဖြစ်ပါဘူးကွာတဲ့ ကွမ်းထုပ်ပြီးတော့
သူကကွမ်းရွက်တွေဆက်ညှပ်နေပါတယ်။ ကျွန်တော်လည်းသူ့ကိုမသိမသာ လှမ်းကြည့်လိုက်တော့
သူ့ဘေးမှာချထားတဲ့စာရွက်ကလေးတစ်ရွက်ကိုတွေ့တာနဲ့ "အေကေတီကြီး
ဟိုစာရွက်ကဘာတွေရေးထားတဲ့စာရွက်လည်း သီချင်းစာရွက်လား
ဘာသီချင်းအသစ်တွေရေးထားတာလဲ အံမယ် စာသားဘေးမှာ ဂီတသင်္ကေတတွေ
ဘာတွေတောင်ပါသေးတယ်" မြင့်လှချည်လားဆိုပြီး"

ဆက်ပြီးဖောကြည့်လိုက်တော့ သူကကွမ်းရွက်ညှပ်နေရင်းက မျက်လုံးလေးစွေကြည့်ပြီးတော့ ”ဘာသီချင်းမှရေးထားတာမဟုတ်ပါဘူး အကြွေးစာရင်းတွေပါ” လို့လှမ်းပြောပါတယ်။

ဒါနဲ့ကျွန်တော်က ”ဒါဆို ဘေးက အပိုင်းလေးတွေ၊ လေးထောင့်လေးတွေ သင်္ကေတတွေကရော ဘာတွေလည်းဆိုပြီး ဆက်မေးကြည့်လိုက်တော့ ” သူကခုမှအသက်ဝင်လာတဲ့ရုပ်နဲ့” ဒါက ဒီလိုရှိတယ်ကွကောင်ကြီးရ ” ရေးထားတဲ့နာမည်တွေက ငါ့ဆိုင်မှာအကြွေးဝယ်စားထားတဲ့လူတွေစာရင်းပါ” ”ဘေးမှာသင်္ကေတတွေရေးထားတာက.. ဒီလိုကွ......” “ငါ့ဆိုင်မှာကွမ်းယာအကြွေးဝယ်စားထားတာကို လာမဆပ်တဲ့အပြင် ငါကိုပေါက်ကရ နာမည်တွေပေးထားတဲ့ကောင်တွေ စာရင်းကို ငါလုပ်ထားတာ” ”ဘေးမှာ အပိုင်းလေးတွေဆွဲထားတဲ့ ကောင်တွေကို အဝေးကနေချောင်းပြီးလေးခွနဲ့ ဆော်မယ်ကွာ။”

“တုတ်ချောင်းလေးတွေ ဆွဲထားတဲ့ကောင်တွေကိုတော့ ညဖက်ကျမှ ချောင်းရိုက်ရမယ်။ အေး လေးထောင့်ဆွဲထားတဲ့ ကောင်တွေကိုတော့ ဆိုင်ရှေ့ကဖြတ်သွားတာတွေ့တာနဲ့ အုတ်ခဲနဲ့ လိုက်ထုမယ်ကွာ” သီချင်းစာသားနဲ့ ဂီတသင်္ကေတ တွေတော့မဟုတ်ဘူးပေါ့ကွာ။ ဒေါ်သရဲ့စားသားတွေနဲ့ ဒေါ်သရဲ့သင်္ကေတတွေပေါ့ကွာ ဟုမိန့်မိန့်ကြီးပြောပြပါတယ် ” ”ဟာ” သူပြောတဲ့စကားကြီးတွေက ရင်တုန်စရာကြီး ဒီဘဲကြီး နောက်နေတာလား။ ဖောက်နေတာလားဆိုပြီးမသိမသာ လှမ်းကြည့်လိုက်တော့လည်းသူ့ရုပ်ကြီးက မသာကို ထုံဆေးထိုးပေးထားတဲ့ရုပ်မျိုးနဲ့ရုပ်သေကြီး ကျွန်တော်လည်း သူပြောတဲ့လူတွေထဲမှာပါတာမို့ ကိုယ့်နာမည်များပါနေမလားဆိုပြီး သူ့စာရွက်ထဲကိုလှမ်းကြည့်လိုက်တော့.....

”ဟူး” တော်ပါသေးရဲ့ ကျွန်တော်နာမည်ရေးထားတာမတွေ့ရသေးတာနဲ့ ရင်အေးသွားပါတယ်။ အခြေအနေက သိပ်မကောင်းတာနဲ့ ကျွန်တော်လည်း ”သွားမယ်နော် ”......... ”အဟင်း” ဆိုပြီးအသာပဲထပြန်လာခဲ့ပါတယ်။ တော်ကြာစိတ်ထဖောက်ပြီး ဖွင့်ပွဲလုပ်နေကာမှ ပြေးပေါက်မှားနေအုံးမယ်။ အိမ်အပြန်လမ်းတစ်လျှောက် နေမင်းကြီးနဲ့ အပြိုင်ကျွန်တော်ရင်ထဲမှာလည်း အစွမ်းကုန်ပူပြင်းနေပါတယ်........ ကျွန်တော့်အတွေးထဲမှာတော့ အောင်ကိုသိန်း စာရင်းထဲက အသစ်ထည့်ထားတဲ့ ကျွန်တော်နာမည်ဘေးမှာ သူအသစ်ထွင်ထားတဲ့ ချိန်းကြိုးပုံ၊ ဂျင်ဂလိပုံ၊ လက်သီးပုံစတဲ့ဒေါ်သ သင်္ကေတ အသစ်တွေအပြည့်နဲ့ပေါ့ ခင်ဗျာ........။

..............................................လွှာလွှာလွှာ......................

## နေမြင့်လေ အရှုံးရင့်လေ

တစ်နှစ်တစ်ခါရှုံးခဲ့ပါတယ်.. ကျွန်မ အလုပ်စဝင်တော့ အသက်က (၁၈)နှစ် မပြည့်တပြည့်... အလုပ်ဝင်ခဲ့တာ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ... (၁၀)တန်းအောင်ခါစဆိုတော့ အသက်က ငယ်ငယ်ပေါ့... ဘွဲ့မရသေးတော့ အလုပ်တစ်ဖက်နဲ့ အဝေးသင် သင်္ချာတက်ခဲ့တယ်.. တတိယနှစ်ရောက်တော့ အလုပ်မှာ ဘွဲ့ရပြီးသား သူတွေကို ကွန်ပျူတာဒီပလိုမာတန်းတက်ဖို့ စာဝင်လာပါရော.. တက်ချင်လိုက်တဲ့ ကွန်ပျူတာ. ရှုံးခဲ့တာ အဲဒီကတည်းက.. ဒါပေမဲ့ ဘွဲ့မရသေးတော့ ငြိမ်နေခဲ့ရတယ်..



ဟော ၂၀၀၃ မှာ အဝေးသင်နဲ့ ကျောင်းပြီးပါလေရော.. ဒါနဲ့ ကွန်ပျူတာဒီပလိုမာခေါ်ပါစေလို့ ဆုတောင်းခဲ့တယ်. ဒါနဲ့ပဲ ၂၀၀၅ မှာ စာဝင်လာပါရောလား.. ပျော်လိုက်တာ. တက်ရတော့မယ်ပေါ့.. ဒါနဲ့ ဝင်ခွင့်ဖြေဖို့ ရန်ကုန်ကို သွားရမယ်ပေါ့.. လျှောက်လွှာတင်တော့ ကိုယ်နဲ့သိတဲ့သူ မပါဘူး.. တစ်ခြားဌာနကလူတွေဖြစ်နေရော. ဒါနဲ့ ကိုယ့်ရုံးကအစ်မတစ်ယောက်ကို မရမက ဆွဲခေါ်သွားမိတယ်.. ဖြစ်ချင်တော့ သူက သင်္ချာကို မဟာနဲ့ ကျောင်းပြီးထားတဲ့သူ.. ဘာပဲဖြစ်ဖြစ် အောင်ပါတယ်ပေါ့.. ပျော်ပျော်ပါးပါး မော်တော်ကားစီးပြီး သွားခဲ့တယ်..

ဟော.. ထွက်လာပါပြီ အောင်စာရင်း... အရမ်းတက်ချင်ခဲ့တဲ့ ကျွန်မ မအောင်ခဲ့ပါဘူး.. ကျွန်မ အတင်းခေါ်သွားတဲ့ အစ်မက ကျောင်းတက်ရမယ်တဲ့.. ရန်ကုန်တက္ကသိုလ်ထဲမှာတဲ့.. ဝမ်းနည်းလိုက်တာ.. ဒါပေမဲ့ ဘာမှမတက်နိုင်ခဲ့ဘူး... ဒါနဲ့ပဲ ဒီနှစ်မအောင် နောက်နှစ်ဖြေလို့ရတယ်ပေါ့... စိတ်ဖြေလိုက်ပါတယ်.. နောက်တစ်နှစ်.. ထပ်သွားဖြေတယ်.. ဖြေမဲ့သူတွေ အားလုံး ဆရာမတွေကို လိုက်ပြီး စာသင်ပေးခိုင်း.. ဟိုမေး ဒီမေးနဲ့ပေါ့...အဲဒီ့ထဲမှာမှ ကျွန်မတို့ရုံးက အစ်မတစ်ယောက်က စာသွားမေးမယ်လုပ်တိုင်း မအားသေးလို့.. ဟိုဆရာမ မရှိဘူး.

ဒီဆရာမ မအားသေးလို့ စသည်ဖြင့် ‌ဝေ့လည်ကြောင်ပတ်နဲ့ပေါ့..

ဟော သွားဖြေပြီး အောင်စာရင်းထွက်တော့ ကျန်ခဲ့ပြန်ပြီ တစ်နှစ်... မအားသေးတဲ့အစ်မ အောင်သွားပြန်တယ်.. ကျသွားလိုက်တဲ့ စိတ်ဓာတ်.. ဝမ်းနည်းလိုက်ရတဲ့ မျက်ရည်.. တစ်ခါမှ အဲလို မဖြစ်ဖူးဘူး.. နောက်နှစ်မဖြေတော့ဘူးရယ်လို့ အောင့်မေ့လိုက်တယ်... ဒါပေမဲ့လည်း မနေနိုင်တဲ့စိတ်က ဒီနှစ်ဖြေလို့မှ မအောင်ရင် အလုပ်ကနေထွက်မယ်လို့ ဆုံးဖြတ်ပြီး နောက်ဆုံးအကြိမ် ၂၀၀၆ မှာ ပြန်ဖြေဖြစ်တယ်.. သွားဖြေတဲ့သူတွေက အများကြီး.. ကိုယ့်ထက်စာတော်တဲ့သူတွေချည်းပဲ.. ရင်တထိတ်ထိတ်နဲ့ .ရှိသမျှ ဘုရားစာတွေရွတ်. ယတြာတွေချေ.. ရွှေတိဂုံကိုသွား.. ယက္ခမယ်တော်ဆီမှာဆုတောင်းရတာ အမော...

အောင်စာရင်းတွေထွက်ပြီတဲ့.. ဖုန်းဆက်ပါ .. ဆိုတော့.. ကြောက်နေလို့ တခြားသူကို ဆက်ခိုင်းရတယ်... (၃)ယောက်အောင်တယ်တဲ့.. ဘယ်သူလဲ. ဘယ်သူလဲပေါ့.. အမပါတယ်ဆိုတော့ ဝမ်းသာလိုက်တာ ထခုန်မိတယ်. ရုံးမှာဆိုတာတောင် မေ့သွားတယ်. မျက်ရည်တွေဘာတွေဝဲလို့ ရင်တွေဘာတွေတုန်လို့နဲ့ပေါ့.. ငါကျောင်းတက်ရတော့မယ်. ပျော်လိုက်တာ..

ဒါနဲ့ကျောင်းသွားတတ်တယ်ပေါ့... ပျော်လိုက်တာ. စာဆိုရင် အဝေးမှာထားခဲ့ မျှော်စင်ကျွန်းမှာ ရိုးပွဲကြည့်.. ရဲလေးရိုးဆိုရင် မလွတ်တမ်း.. အာဇာနည်လည်း မပြတ်ဘူး.. မိုးကြီးတောင် သွားမကြည့်လိုက်ရလို့ ရင်ထဲခိုးလို့ခုလု.. စာမေးပွဲကြီးနီးလာတော့ ..ဟာ.. သွားပြီ.. ငါဘာစာမှ မရသေးဘူး.. ခက်တော့နေပြီး.. မနေ့ကကျက်တဲ့စာ ဒီနေ့မေ့.. သွားပြီပေါ့ အောင်မှအောင်ပါ့မလား... ဖြေတော့ဖြေခဲ့တယ်.. အောင်လောက်ပါတယ် ကိုယ့်ကိုကိုယ် ဖြေသိမ့်လိုက်တယ်.. ပရောဂျက်လုပ်ရမယ်ဆိုတော့ ပျားတုပ်တော့တာပဲ.. ပရောဂျက်နဲ့ စာမေးပွဲဖြေတာ နှစ်ခုပေါင်းပြီးမှာ Credit ပေးမယ်.. ဟာ.. ဒုက္ခ.. ငါအထူးအောင်ချင်တယ်.. စာမေးပွဲလည်း မဖြေနိုင်ခဲ့ဘူး.. ပရောဂျက်တော့ အကောင်းဆုံးလုပ်မယ်ပေါ့.. နေ့မအိမ် ညမအိပ်.. ရုံးကိုလည်း ခါတိုင်းဘယ်တော့မှ အစောကြီးမရောက်.. ပရောဂျက်ကိုက်လို့ မနက်(၇း၀၀)နာရီဆို ရုံးကိုရောက်နေပြီ.. လုပ်လိုက်ရတာ.. ပရောဂျက်ပြီးတော့ အောင်စာရင်းအတွက် ထပ်ရင်မောရပြန်ရော.. ဒုက္ခပဲ Credit မပါရင်.. အတူသွားတဲ့သူက ပါပြီး ငါမပါလာရင် ခက်ပြီ.. အရှက်တော်တော့ ကွဲရပြီပေါ့..

အောင်စာရင်းထွက်ကြောင်း သူငယ်ချင်းက ဖုန်းဆက်တယ်. ပခုက္ကူက နှစ်ယောက်ဒိုင်လျှိုတယ်ပေါ့.. အထူးအောင်တယ်. ပြောတော့ မရဘူး. မရဘူးနဲ့ပေါ့.. ဝိုင်းပြီး ထောပနာပြုကြတယ်.. ကိုယ့်မှာ

ဖုန်းသာကိုင်ထားရတယ်.. မယုံဘူး.. ဟုတ်ရဲ့လားပေါ့. ထပ်ပြန်တလဲလဲမေးတော့ ပြောပြတဲ့သူ စိတ်မရှည်ချင်တော့ဘူး .. ဒါနဲ့ ဖုန်းကြီးဘေးချပြီး.. ဝမ်းသာအားရနဲ့.. ရုံးကလူတွေကို ပြောရတာ.. မျက်ရည်တွေလည်း ဒုတိယအကြိမ် ထပ်ကျလာပြန်ရော.. ပျော်လိုက်တာ.. ငါတို့မှာ နောက်နှစ်ကျရင် မဟာတန်းတက်ရပြီပေါ့.. ပျော်လို့ရွှင်လို့.. ဘွဲ့တွေဘာတွေတောင် အကုန်အကျခံသွားယူလို့...

ကျောင်းတွေက ခေါ်ချိန်တန်တော့ ခေါ်ပါပြီ.. တက်ရတော့မယ် ကွန်ပျူတာမဟာတန်း ပျော်လိုက်တာ.. သွားတက်ရမဲ့သူက လေးယောက်ဖြစ်နေတယ်. ဖြစ်ချင်တော့ ကျွန်မတို့ရုံးက (၃)ယောက်.. လူကြီးက ပေးမလွှတ်တော့ဘူး.. လူများတယ်ပေါ့. မဲနှိုက်ရမယ်ပေါ့.. ဒါနဲ့ပဲ.. ကျွန်မရဲ့ချစ်လှစွာတော့ အစ်မက သူ့အဖေကို ရုံးကလူကြီးကို ဖုန်းလှမ်းဆက်ပြီး သူသွားရဖို့ပြောခိုင်းတယ်.. (နောက်မှအဲဒါသိရတာပါ).. လူကြီးက အရင်ကျန်တဲ့(၂)ယောက်သွားတတ်တဲ့.. မဲမနှိုက်တော့ပဲ ဆုံးဖြတ်ပေးလိုက်တယ်.. စိတ်မကောင်းလိုက်တာ..

ဒီပလိုမာ ကျတုံးက ခံစားရသလိုပဲ ခံစားခဲ့ရတယ်.. ဘယ်တက်နိုင်မလဲလေ.. ကိုယ်က နောက်လူကိုးလို့... ငြိမ်နေလိုက်ရတယ်.. ဟော.. သူတက်ရပြီး ပြန်လာတော့ မဟာတန်းတွေက ဝန်ထမ်းတွေကို မခေါ်တော့ဘူးတဲ့ရှင်.. ပြောရက်လိုက်တာနော်.. ကျွန်မမှာ တက်ချင်လွန်းလွန်း ရူးမတက်ဖြစ်နေတာကို သူက အဲလိုပြောတယ်.. စိတ်မကောင်းဖြစ်လိုက်ရတာ.. ဒါပေမဲ့ ကျွန်မ ဟန်ဆောင်နိုင်ပါတယ်. မတက်ရလဲ ဘာဖြစ်လဲပေါ့. ပိုက်ဆံအကုန်အကျသက်သာတယ်ပေါ့လို့ ပြန်ပြောလိုက်တယ်..စိတ်ထဲမှာတော့ တော်တော်ဝမ်းနည်းသွားတယ်..

ဒီနှစ် 2010 ဇွန်ကျရင် ကျောင်းပြန်ဖွင့်မယ်.. မေလ လယ်လောက်မှာ ခေါ်စာထွက်မယ်.. ခေါ်မယ်မခေါ်မယ် မသေချာပေမဲ့ ကျွန်မ ရင်ခုန်မျှော်လင့်စွာ စောင့်မျှော်နေတယ်... နေ့တိုင်းဆုတောင်းတယ်. ကျွန်မ ကျောင်းတက်ရပါစေလို့ပေါ့..အခုကစပြီး ဇွန်လ လယ်အထိ ကျွန်မရူးနေရအုံးမှာပေါ့လေ....

.......................ဏ္ဏာဏ္ဏာဏ္ဏာ...........................................

**မိဘနှင့် သားသမီး**

အဲလို ခေါင်းစဉ် တပ်လိုက်တော့ တော်တော်သိ တော်တော်တတ် နေသလားလို့ ထင်လိမ့်မယ်.. တစ်ကယ်တော့ ကျွန်မ ဘာဆိုဘာမှ မသိပါဘူး.. ပြောပြချင်တဲ့ အကြောင်းအရာလေး တစ်ခုကြောင့်သာ အဲလို ခေါင်းစဉ် ပေးလိုက်မိတာပါ... ကျွန်မ ပုဂံကို ခရီးသွားတော့ လမ်းမှာ တွေ့ ခဲ့တဲ့ ကလေးငယ်လေး တစ်စုကြောင့်ပါ... မိဘဆိုတာ သားသမီးတွေရဲ့ ရှေ့ဆောင်လမ်းပြ ဖြစ်နေရမဲ့သူတွေပါ.. မိဘက သားသမီးကို လမ်းမှန်ရောက်အောင် ပို့ဆောင်ပေးကြရတာပါ.. သားသမီး မလိုက်နာတာ မိဘ ဆိုဆုံးမ မတက်လို့ ဖြစ်ရတာတွေပါပဲ.. ပုပ္ပါး ကအပြန် ဘုရားဖူး ယာဉ်တွေနဲ့ တွေ့ ခဲ့ရတယ်. ယာဉ်ပေါ်က ကလေးတွေက လမ်းမပေါ်ကို ပိုက်ဆံ ပစ်ချပေးတာ မြင်ခဲ့ရပါတယ်.. သူတို့ တွေက လမ်းပေါ်မှာ " မုန့်ဖိုးပေးပါဗျို့ " ဆိုပြီး အော်ဟစ်နေတဲ့ ကလေးတွေကို ပစ်ချပေးကြတာပါ.. ကားပေါ်ကနေ ပစ်ချပေးလိုက်တော့ လမ်းပေါ်က ကလေးတွေက ဘယ်မှ မကြည့် ရှေ့ မကြည့် နောက် မကြည့်နဲ့ ပိုက်ဆံ အတင်း လုကောက် ကြပါတယ်.. ကျွန်မတို့ ဆိုင်ကယ်သာ အရှိန် အလွန်မြန်ခဲ့ရင် အဲ့ဒီ လိုက်ကောက်တဲ့ကလေး အသက် ပျောက်နေခဲ့ပါပြီ.... တစ်ကယ်ဆို ကားပေါ်ကနေ ပိုက်ဆံပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ဘယ်သူမှ ပစ်မချ ပေးသင့်ပါဘူး.. အဲလိုပဲ ကလေးတွေကလည်း " မုန့်ဖိုးပေးပါဗျို့ " ဆိုပြီး လမ်းမပေါ်မှာ လိုက်မတောင်းသင့်ပါဘူး.. အဲဒ့ီနေရာမှာ လူကြီးတစ်ယောက်မှ ရှိမနေပါဘူး... အဲလိုအချိန် ကလေးတစ်ခုခု ဖြစ်သွားပါပြီတဲ့ ဘယ်သူက ဘာသွားလုပ်ပေးမလဲ တိုက်တဲ့ ကားပဲဖြစ်ဖြစ် ဆိုင်ကယ်ပဲဖြစ်ဖြစ် ပစ်ပြေးသွားမှာပဲ သေတော့ ကိုယ့်ကလေးပဲ အသက် ဆုံးရှုံးရမှာပဲလေ.. ဒါတွေကို မိဘတွေက မသိတာလား. မသိချင်ယောင် ဆောင်နေတာလား.. သိသိကြီးနဲ့ ပိုက်ဆံ အလကားရအောင် လုပ်ခိုင်း ထားတာလား.. စဉ်းစားစရာပါပဲ...အဲလို ကလေးတွေဟာ နောင်တစ်ချိန်မှာ ပိုက်ဆံဆိုတာ တောင်းရင် ရတယ်ဆိုတဲ့ အသိစွဲသွားရင် ဘယ်လိုလုပ်မလဲ.. ကျွန်မ စဉ်းစားမိတယ်. ကလေးဆိုတာ ဘာမှ သိသေးတဲ့ အရွယ် မဟုတ်သေးပါဘူး.. ရှေ့ က မိဘတွေ လူကြီးတွေ ကိုယ့်အစ်ကို အစ်မတွေ လုပ်သလို အကုန် လိုက်လုပ်တက်တဲ့ အရွယ်လေးတွေပါ.. အဲလို အရွယ်လေးတွေကို ဘယ်လိုမိဘ မောင်နှမ သားချင်းတွေက အဲလိုအသိတွေ ပေးလိုက်တယ် မသိပါဘူး... စိတ်မချမ်းမြေ့ စရာပါပဲ... ကျွန်မ စစ်ကိုင်းဘက် ဘုရားဖူး ထွက်တုံးကဆိုရင်.. မြသိန်းတံ ဘုရားမှာ ကလေးတစ်ယောက်က ဖယောင်းတိုင် လေးတွေကို လိုက်ရောင်းတာ တွေ့ ခဲ့ရတယ်. ကလေးလေးက အလွန်ချစ်စရာ ကောင်းပါတယ်.. စကား ပြောတာကလည်း ရည်မွန်လှတယ်.. ကျွန်မတို့ ဆရာကြီးက အဲဒ့ီကလေးကို ချစ်လို့ မုန့်ဖိုး ပေးတာ အဲဒ့ီ ကလေးက မယူပါဘူး.. ဘာပြန်ပြောလည်းဆိုတော့

"မေမေက မှာထားတယ်.. သူများ အလကားပေးတာ မယူရဘူးတဲ့ ကိုယ့်လုပ်အားနဲ့ ကိုရတဲ့ပိုက်ဆံကိုပဲ ယူရမယ်တဲ့.. ဒါ့ကြောင့် ကျွန်တော်ရောင်းတဲ့ ဖယောင်းတိုင်သာ ဝယ်သွားပါတဲ့ "လေ.. ဘယ်လောက် ချစ်စရာကောင်းလိုက်လဲ.. အဲ့ဒီ နှစ်ခုကို ယှဉ်ကြည့်လိုက်တော့ မိဘတွေရဲ့ ဆိုဆုံးမမှုဟာ သားသမီးတွေ အပေါ်မှာ အလွန် အရေးကြီးပါလား ဆိုတာ သိလိုက်မိတယ်... အဲလို မိဘမျိုးတွေ များများရှိနေပါစေလို့ စိတ်ထဲမှာပဲ ကြိတ်ဆုတောင်းနေမိပါတော့တယ်....

.....................................................ççç.................................................

# ပုပ္ပားတောင်နှင့် ပုဂံခရီး




Christmas ပိတ်ရက်မှာ အိမ်မှာပဲ ဖိမ်နဲ့နှပ်မယ်လို့ စိတ်ကူးထားတုန်း မုံရွာက အခင်မင်ရဆုံး သူငယ်ချင်း တစ်ယောက်နဲ့ ညီမလေးတို့ ဇနီးမောင်နှံ အလည် လာမယ်ဆိုလို့ မနားရဘဲ ဘုရားဖူး လိုက်ပို့ဖို့ ဖြစ်လာပါတယ်။ နားရက် မရခဲ့ပေမဲ့ သူငယ်ချင်းနဲ့ ပြန်တွေ့ရတော့ ပျော်ရွှင်ရပါတယ်။ အစတုံးက Christmas ပိတ်ရက်မှာ ပုဂံကို သွားမယ် စိတ်ကူးပေမဲ့ မသွားဖြစ်လိုက်ပါဘူး။ ကျွန်မတို့ ပခုက္ကူမြို့နယ် တွင်းရှိတဲ့ တန်ခိုးကြီး ဘုရားများဖြစ်တဲ့ ပခန်းဘုရား၊ ရွှေတန်းတစ်ဘုရား၊ သီဟိုဠ်ရှင် မြတ်စွာဘုရား၊ ရွှေမုတ်ဌော ဘုရားတို့ ကိုပဲ လိုက်ပို့ ပေးဖြစ်ခဲ့ပါတယ်။

ကမ္ဘာ့အံ့ဖွယ် ရွှေကူ တံကဲတော်ကြီး ကိုတော့ လိုက်ပို့ မပေးဖြစ်ခဲ့ပါဘူး။ Christmas နောက်နေ့ ကျမှ မနက် အစော ဇက်နဲ့ လက်ပံခြေပေါ် ဇက်ဆိပ်ကနေ ပုဂံကို ခရီးဆက် ခဲ့ကြပါတယ်။ ပုဂံမှာ ရွှေစည်းခုံ ဘုရားကို ဝင်ရောက် ဖူးမျော်ပြီး၊ ပုဂံဘုရားထက် ပုပ္ပါးကို သွားချင်တဲ့အတွက် ပုပ္ပါးတောင်ကို အရင်သွား ဖြစ်ခဲ့ကြပါတယ်။ ပုပ္ပါးတောင် မရောက်ခင် တုရင်တောင် ဘုရားကို ဝင်ရောက် ဖူးမျော် ခဲ့ကြပါတယ်။

တုရင်တောင် အတက်လမ်း မက်မက်ကို ဆိုင်ကယ် အရဲစွန့် စီးရတာလည်း ပျော်စရာ ကောင်းလှပါတယ်။

ကားနဲ့ တောင် မနဲတက်နေရတဲ့ ဒီတောင်ပေါ်ကို ဆိုင်ကယ်လေးနဲ့ တက်ရတယ် ဆိုတာကို သွားနေတုံး ဘယ်လိုမှ မဖြစ်ပေမဲ့ အပြန် အိမ်ရောက်တော့မှ လန့် နေမိတော့တယ်။ ပုပ္ပါးတောင်က တုရင်တောင်လောက် မမက်ဘူးဆိုပေမဲ့ တက်ရတာ ဘုရားတ နေရတာပါပဲ။ တောင်တက်လမ်းတွေ ချည်းဖြစ်နေတဲ့ ဒီခရီးကို သွားတုံးက ပျော်ခဲ့ပေမဲ့ ပြန်တွေးကြည့်မှ ကြောက်မိနေတော့တယ်။ ပုပ္ပါးတောင် ပေါ်တက်တော့ ကိုရွှေမျောက်တွေရဲ့ ရန်ကလည်း မနည်းရှောင် ရသေးတယ်။ အစာကျွေးမှုန်း သိတော့ အနားကနေ မခွာဖြစ်နေတဲ့ ဒီ ကိုရွှေတော်တွေကို မနည်း မောင်းထုတ်ရပါတယ်။ ဝယ်လာခဲ့တဲ့ မုန့် တွေလည်း သူတို့ လုတာနဲ့ ပဲ ကုန်ရပါတော့တယ်။

တောင်ကလပ်လေးတောင် အသက်ရှူမှား နေတာတောင် တောင်မကြီးကို နောက်တစ်ခေါက် တက်ဖြစ်အောင် တက်မယ်လို့ မှန်းထားခဲ့မိပါသေးတယ်။ ကျွန်မ ညီမကတော့ တွဲကူမဲ့သူပါတော့ ကျွန်မတို့ ထက် ပိုမောပါတယ် ။ တောင်ပေါ် တက်တော့ ချွေးစို့ ပေမဲ့ တောင်ပေါ်ရောက်တော့ လေနုအေးလေး တွေကြောင့် လန်းဆန်း ရပါသေးတယ်။ ပုပ္ပါးတောင် ပေါ်ကနေကြည့်ရင် အိမ်သေးသေးလေးတွေပဲ မြင်ရပါတော့တယ်။

ကျွန်မတို့က ပုဂံဘုရားဖူးတင်ဆိုပြီး အိမ်ကနေထွက်လာခဲ့တော့ ပုပ္ပါးတောင်ကနေအပြန် (၃း၀၀)နာရီရှိနေပြီ ဖြစ်တဲ့အတွက် ဘယ်လိုမှ ဇက်မမီနိုင်တော့ပါဘူး။ ဒါ့ကြောင့် စက်လှေနဲ့ ပဲသွားဖို့ ဆုံးဖြတ်ပြီး ပုဂံဘုရားကို ဆက်လက်ဖူး ခဲ့ကြပါသေးတယ်။ ဒါတောင် ဗူးဘုရား၊ အလိုတော်ပြည့်ဘုရား၊ အာနန္ဒာဘုရား ပဲရောက်ခဲ့ပါတယ်။ ကျွန်မတို့ သွားတဲ့အချိန်က အာနန္ဒာဘုရားပွဲတော် ဖြစ်တဲ့အညီ ဘုရားဖူး ဧည့်သည်တွေလည်း များပြားလှပါတယ်။ ဆောင်းတွင်း ရာသီလည်းဖြစ်၊ ဒီဇင်ဘာ အားလပ်ရက်ရှည် ပိတ်ရက်လည်း ဖြစ်တဲ့အတွက် အနယ်နယ် အရပ်ရပ်က ဘုရားဖူး ဧည့်သည်တွေရော၊ နိုင်ငံခြားသား ဧည့်သည်တွေရော စည်ကားလှပါတယ်။ ပုဂံဝန်းကျင် ဘယ်ကြည့်ကြည့် အဖွဲ့ လိုက် ဘုရားဖူးတွေကို မြင်နေရမှာပါ။ ကျွန်မတို့ တွေအားလုံး ပျော်ရွှင်ခဲ့ကြပါတယ်။

စက်လှေကိုလည်း ဘုရားစာ အထပ်ထပ် ရွတ်ပြီး လိုက်ခဲ့ရတာတွေကိုလည်း မမေ့နိုင်ပါဘူး။ ဖုန် အရမ်းထူထပ်တဲ့ လမ်းတွေကို မမြင်မစမ်းနဲ့ ဆိုင်ကယ်မောင်း ရတာလည်း မမေ့နိုင်တော့ပါဘူး။

အိမ်ပြန် နောက်မကျနဲ့ အပြင်မှာ ဘာမှစားမလာနဲ့..စသည်ဖြင့် အထပ်ထပ် မှာလိုက်တဲ့ မေမေ့စကားကိုလည်း ကျွန်မတို့ အားလုံး မပယ်ရှားဝံ့တဲ့အတွက် ဘာမှမစားခဲ့ဘဲ ဗိုက်ဆာတဲ့ဒဏ်ကိုလည်း အားလုံး ခံစားရတာကိုလည်း မမေ့နိုင်တော့ပါဘူး...

ဘာပဲဖြစ်ဖြစ်.. ပုဂံ၊ ပုပ္ပါး၊ တုရင်တောင် ခရီးကတော့ဖြင့် မမေ့နိုင်တဲ့ ခရီးတစ်ခုပဲ ဖြစ်ပါတော့တယ်။ ဒီလိုရာသီဥတု၊ ဒီလိုအချိန်မှာ ဘုရားဖူးထွက်ရတာ ပျော်စရာ အလွန်ကောင်းပါတယ်။ ပုဂံ ဘုရားတွေ အကြောင်း၊ ပုပ္ပါးတောင်အမြင့်၊ တုရင်တောင် ရာဇဝင် စတာတွေကို ဘာမှမသိလို့ ဘယ်လိုမှ မရေးပြနိုင်ပါဘူး။ အဲ့ဒီအတွက် တောင်းပန်ပါတယ်။ နောက် ကြုံရင် သိလာခဲ့ရင် ထပ်ရေးပါအုံးမယ်။ အခုကတော့ ကျွန်မရဲ့ ခရီးသွား မှတ်တမ်း သေးသေးလေးပါပဲ။ ကျွန်မနေထိုင်တဲ့ ပခုက္ကူကို လာလည်ပါလို့ ဖိတ်ခေါ်ပါတယ်။ ပုဂံကို အလည်တစ်ခေါက် သွားချင်တယ် ဆိုရင်လည်း လိုက်ပို့ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်..

.........................................ကျကျကျ.........................................

# ခိုဖြူတွေ သိမ်းပေးတဲ့ဇာတ်

ဟိုတုန်းကပေါ့ မြင်းဖြူမလေးရဲ့ ခွာသံကြားမှာ ကျွန်တော့် နက္ခတ်တွေအတွက် ကြယ်စင်အချို့ဆွံ့ကျဲခံရတယ်။
အနောက်ဘက် ဆီမှာ နေကွယ်တော့ စိတ်တွေကို လှောင်ပိတ်ပြီး ရာဇဝင်အချို့ကြွေကျဖို့ ကျွန်တော့်ကို ကျွန်တော် ဖိုထိုးတယ်။
ရွှေဖြစ်ဖို့မလိုပါဘူး ရေတစ်ခွက်လောက် ရရင် တော်ပါပြီ။
၂၄ နာရီ တစ်ရက်ထဲက မြင်းဖြူမလေး နမ်းခဲ့တဲ့ အဲဒီနေ့တစ်ခြမ်းကို ပြန်လွမ်းလွန်းလို့ ချောင်တစ်ချောင်မှာ သွားသွားခွေတာ ၃၆၅ ရက်ထက် အကျော်မှာပဲရှိတယ်။

ကံကြမ္မာရထားကို သူစီးနင်းသွားတုန်းက မြင်းဖြူမလေးက တစ်ချက်ထပြီး ဟီ တယ်။ ( ပြန်မလာတော့ဘူးနော် ကို ) တဲ့။

အဲဒီတုန်းက ရထားဟာ ရထားမဟုတ်ပဲ ကျွန်တော်ကို နင်းမယ့် လှည်းအိုကြီးတစ်စင်း ဆိုတာမသိခဲ့ဘူး။
ဒီနောက်တော့ ကျွန်တော့်ဆီကို သုံးမရတဲ့ ဖုန်အစအန တွေနဲ့အတူ ခိုဖြူလေးတွေ ရောက်ရောက်လာတယ်။
တစ်ခါတစ်ရံပေါ့ ခိုဖြူတွေရဲ့ ကြယ်ကြွေသံနဲ့တူတဲ့ တွန်သံတွေကြားမှာ လွမ်းတဲ့စိတ်က အမောက်ထောင်ထောင် ထ ခဲ့တယ်။

မြင်းဖြူမလေး ထွင်းထုလိုက်တဲ့ စကားစုတွေထဲမှာ ကျွန်တော့်လက်တွေ တုန်ယင်ပြီး မျက်ရေတွေခုန်ဆင်းကျတယ်။
( မလွန်ဆန်နိုင်ဘူး ကို ရယ်) တဲ့........။
ဒါကြောင့် အိမ်ရှေ့မှာ စာကပ်ထားလိုက်တယ်။ ( မျက်ရေမလို ကြေကွဲမှု့တွေသာ ကြိုဆိုသည် )
ချုပ်လိုက်စမ်းပါ မိုးရယ်...တသက်လုံးပိုးစိုးပက်စက် ပေါ့။

အလွမ်းတွေ ကာရန်နဘေတွေကြား ကျွန်တော့်စိတ် ကျွန်တော်ပြန်ပြန် ရွက်ထားရတော့ အရှေ့ဘက်ဆီက နေမထွက်တာ တော်တော်ကြာပေါ့။
ဒီလိုပါပဲ ခိုဖြူတွေဟာလည်း ကျွန်တော့်ကို ဇာတ်သိမ်းပေးကြလိမ့်မယ်လို့ မထင်ခဲ့မိဘူး။
တကယ်တော့ သရုပ်ဆောင်တွေမပါ ခိုဖြူတွေသက်သက်နဲ့ပဲ ပြီးခဲ့တဲ့ပွဲတစ်ပွဲပေါ့...............။

.........................................................လွှာလွှာလွှာ.....................................

# နိစ္စဓူဝထဲက … ကကြိုးရုပ်



ဒီနေ့မနက်မှာပေ့ါ ငါကိုယ်တိုင်မဖွင့်ပဲ ငါ့မျက်ခွံတွေက ပွင့်ပြီးထော်လော်ကန့်လန့်တွေနဲ့ မိုးလင်းခဲ့ရတယ်။ ညတွေရယ်လွမ်းလိုက်တာ ဘဝဟာ အမြဲတမ်းမိုးချုပ်နေခဲ့တာပဲလေ။ နိစ္စဓူဝတွေပေ့ါ မုန်းစရာကောင်းလောက်အောင်ကို ခေါက်ရိုးကြိုးနေတဲ့ နိစ္စဓူဝတွေ၊ နေ့တွေကသစ်ပြီး ဟောင်းနေတဲ့နိစ္စဓူဝတွေနဲ့ ဘဝတွေကကြိုးဆွဲရာ က နေရတဲ့ ကကြိုးရုပ်တွေ မိုးမြန်မြန်ချုပ်ပါစေ..။

ဒီနေ့လည်းပဲ အတူတူပဲ ဟောင်းနေတဲ့ နေလုံးကပွင့်လာပြီး ငါ့ခေါင်းကို ထုပုစေတယ်။ လူတစ်စုက မျက်စိရှေ့မှာရှိပေမယ့် ငါ့ခေါင်းထဲမှာ မမြင်ရဘူး။ နိစ္စဓူဝတွေထဲမှာ နစ်နေတဲ့လူတွေပေ့ါ။ စိတ်ညစ်လွန်းလို့ သူတို့ကိုမမြင်ရပေမယ့် ငါ့အခန်းထဲ ဖိတ်ခဲ့မိတယ်။ ရှေးဟောင်းလူသားရနံ့တွေ ဟောင်းနေတဲ့ ဗျည်းတွေ သရသံတွေနဲ့ ငါ့စိတ်ကို သူတို့ခေါက်ရိုးချိုးကြတယ်။ ဒီလိုနဲ့ပဲ ငါ့စိတ်ကို ငါပြန်ကိုးကွယ်လိုက်တယ်။ သူတို့ကိုတော့ ယုံကြည်မှုကို ခိုးတဲ့ သူခိုးတွေလို့မယိုးစွတ်တော့ပါဘူး။

ဒီလိုနဲ့ နိစ္စဓူဝတွေထဲမှာ ငါအတွေးတွေကို သဲထဲသွန်ချတယ်။ နောက်ပြီး ဗလာစာရွက်ပေါ်မှာ ဆေးစက်တွေကိုစွန်းပေစေတယ်။ နောက်တော့မှ နိစ္စဓူဝထဲမှာ ပြန်သိမ်းထားလိုက်တယ်။ ဘဝဟာဒီလိုပါပဲ နိစ္စဓူဝထဲမှာ ချောင်းတစ်ဟွတ်ဟွတ်ဆိုးတယ်။ တစ်ခါတစ်လေပေ့ါ နိစ္စဓူဝထဲမှာ ငါအစိမ်းစော်နံနေတဲ့ သစ်သီးတွေရဲ့ အစိမ်းလိုက်ဝေဖန်မှုတွေထဲမှာ ငါ့ကိုယ်ငါ အစိမ်းစော်နံတယ်။

မလိုချင်ပေမယ့် ရေခဲအုပ်ပြီး ငါအေးခဲထားလိုက်တယ်။ဒီလိုနဲ့ ငါနစ်သက်မယ့် လမ်းတစ်ခုကိုရွေးပြီး ငါခရီးဆက်တယ်။ အဖော်ဆိုလို့ ဦးနှောက်တစ်စုံပဲ ငါခေါ်ခဲ့တယ်။ ကျန်တဲ့အရာတွေတော့ အစိမ်းစော်နံနေလို့ငါထားခဲ့တယ်။ အဲဒီအထဲမှာ ငါ့နှာမည်လည်းပါတယ်။

မနေ့ညက အိမ်မက်တစ်စကို ငါမက်တယ်။ အိမ်မက်က ပျဉ်းစရာကောင်းလောက်အောင်ကို နိစ္စဓူဝဆန်တယ်။ ချစ်ပြီး ကြိုက်တယ် ပြီးမှ မညားပဲ ကွဲခဲ့ရတယ်။ ငါ့ဦးနှောက်က ငါ့ကိုပြန်သတိပေးတယ်။ နိစ္စဓူဝနဲ့ ငါ့ကြား ဗျာမများနဲ့တဲ့။ အဲဒါကြောင့် ပြီးရောဆိုပြီး ချစ်သူနဲ့ နီးနှောဖလှည်လိုက်ရတယ်။

ဒီနေ့တော့ မြို့ပြထဲမှာ ငါရုန်းကန်လှုပ်ရှားတယ်။ နိစ္စဓူဝဆန်တဲ့ သီအိုရီအချို့နဲ့ ငါ့ကိုယ်ငါ တိုက်ရိုက်အချိုးချပြီး လူသားဆန်တဲ့အတွေးနဲ့ ဘဝကို ကျွေးမွေးပြုစုတယ်။ အပြုသဘောဆောင်တဲ့ ချီးမွန်းမှုအချို့နဲ့အတူ ငွေစက္ကူအချို့ ပလူပြန်တယ်။ မြို့ပြနဲ့ငါ့ကြား နိစ္စဓူဝ အချို့က တံတားခင်းတယ်။ ဒီလိုနဲ့ ဟောင်းနေတဲ့ နေလုံးက အနောက်ဘက်ကို စောင်းသွားတယ်။အဲဒါကြောင့် ကကြိုးရုပ်တွေအတွက် မိုးချုပ်တယ်။ ငါလည်းမဟုတ်တရုပ် တွေထဲကထွက်ပြီး ဘဝကို ညရဲ့လက်ထဲ ဝ ကွက်အပ်လိုက်တယ်။ပြီးတော့ ည ဆီက အားအင်အချို့ကိုယူတယ်။ နိစ္စဓူဝတွေနဲ့ တိုက်ခိုက်ဖို့လောက်ပါပဲ.......။

..........................ဏ္ဏဏ္ဏဏ္ဏ...........................................................

# မြေခွေးကိုက်ခံရတဲ့ ပန်းသီး

တစ်ကယ်တော့ မြေခွေးဆိုတဲ့အကောင်နဲ့ ပန်းသီးနဲ့တော့ သိပ်မသက်ဆိုင်လှချေ။ ဒါပေမယ့်မြေခွေးက ပန်းသီးကိုအလွတ်မပေးခဲ့။ ဘာလို့ကိုက်သွားရတာပါလိမ့်။ သူ့အဖြေရှာမရ။ နီရဲနေတဲ့ပန်းသီးကိုပဲ အသားတုန်းထင်သွား၍လော။ ဒါမှမဟုတ် ကိုက်ချင်လို့ ကိုက်သွားတာများလား။ တစ်နည်းအားဖြင့် ပန်းသီးက မြေခွေးကိုက်ချင်အောင်ပဲ နေမိ၍လား။ ဘာပဲဖြစ်ဖြစ် ကိုက်သွားခြေပြီ။



မြေခွေးတို့ထုံးစံအတိုင်းပါပဲ အလစ်ကိုချောင်းပြီးမှဝင်ကိုက်သွားတာပါ။ သူတော်တော်စိတ်ညစ်သွားမိသည်။ ဘာလို့များသူလို ပန်းသီးကိုကိုက်သွားရသည်မသိ။ တစ်ခြားကိုက်စရာမရှိ၍လော။ ခုတော့မြေခွေးကိုက်ထားတဲ့အရာကြီးနဲ့ သူဘယ်လောက်ထိနေရဦးမယ်မသိ။ သူနဲ့ဘဝတူအသီးတစ်ချို့ကတော့ ပြောပါတယ်။ " မင်းကကိုက်ချင်အောင်သွားလုပ်တာကိုး" တဲ့။ ဒီလိုဆိုတော့သူစဉ်းစားပါတယ်။ မြေခွေးကိုသူရန်လည်းမစမိပါဘူး။ အဲဒီမြေခွေးရဲ့ မိန်းမ အင်း မြေခွေးမဆိုပါတော့။ သူ့ကိုလည်းဘာမှမလုပ်ရပါ။ လမ်းတွေ့ရင်တွေ့ရင်တောင် သူ့ဟာသူပဲနေတာပါ။ နောက်မြေခွေးရဲ့ အစာကိုများသွားလုမိ၍လော။ သူတွေးကြည့်တော့လည်း ဖြစ်နိုင်ခြေမရှိ။ ဟိုကအသားစားတဲ့အမျိုး။ ဒီလိုနဲ့ သူစဉ်းစားနေရင်း အနားကိုကျီးကန်းတစ်ကောင်လာနားပါတယ်။ ပြီးတော့ သူ့ကိုလည်ပတ်ကြည့်ပြီး စကားပြောမလို လုပ်ပါတယ်။ ပြီးဘာမှလည်းမဟုတ်ပါဘူး။ သူ့ဟာသူပဲ ဟိုကြည့်ဒီကြည့် ကြည့်ပြီးထပျံသွားပါတယ်။ အင်...ဘယ်လိုကြီးပါလိမ့်။ သူကတော့ ထ ပြီး ဘယ်မှမသွားပါ။ ဒီအတိုင်းပဲကျန်ခဲ့ပါတယ်။ သွားချင်စိတ်လည်းမရှိဘူးလေ။ ဒီအရာကြီးနဲ့ဘယ်လိုမှစိတ်ထဲပုံမှန်အတိုင်းမဖြစ်။ အင်း....ခက်ခြေပြီ။ ဒီလိုနဲ့ ဟိုငေး ဒီတွေးနေတုန်း အနားကို ဖီးကွက်တစ်ကောင်ရောက်လာပါတယ်။ သူလှည့်ကြည့်ပြီး ပြုံးပြလိုက်မိတယ်။ ဖီးကွက်ကလည်း ပြန်ပြုံးပြပြီး " နေလို့ထိုင်လို့ကောင်းလား" တဲ့မေးပါတယ်။ သူလည်း ကောင်းပါတယ် ဒါပေမယ့် ဘာညာ ဆိုပြီး ပြန်ဖြေလိုက်ပါတယ်။ အဲဒီကစပြီး ကိုဖီးကွက်နဲ့ စကားလက်ဆုံကြသွားပါတယ်။ နောက်သူမြေခွေးကိုက်ခံရတဲ့ အကြောင်းပြောတော့ ကိုဖီးကွက်ဆီက စကားတစ်ချို့ကိုသူကြားခဲ့ရတယ်။ ဖီးကွက်က

" မင်းကိုကိုက်သွားတဲ့မြေခွေးက ဗိုက်ဆာနေတဲ့အချိန်မို့ ကိုက်သွားတာမဟုတ်ဘူးကွ" " ဟုတ်ကဲ့" " သူကကိုက်ချင်လို့ကိုကိုက်သွားတာ"

" အင်" " ဒီလိုလေ ဒီမြေခွေးအကြောင်းငါသိတယ်ကွ မြေခွေးထဲမှာတော့ စိတ်ထားအယုတ်ဆုံး မြေခွေးပဲကွ" သူ့စိတ်ထဲတစ်မျိုးဖြစ်သွားလို့ ပြန်မေးလိုက်မိသည်။

" စိတ်ထားကောင်းတဲ့မြေခွေးရယ်လို့ရှိလို့လားဗျ" " ဇီးကွက်က " အေး....မရှိပါဘူး ဒါပေမယ့် စည်းစောင့်တတ်တဲ့ မြေခွေးတွေတော့ အများကြီးပါ"

" အင်း....ဆက်ပါဦးဗျ " " ဒီလိုလေ စည်းစောင့်တတ်တဲ့မြေခွေးဆိုတာက သူ့အစာကလွဲပြီး မဆိုင်တာကိုမကိုက်တတ်ဘူးကွ "

" ဒီမြေခွေးကတော့ သူ့မျက်စိရှေ့မှာရှိတာမှန်သမျှ အကုန်ကိုက်တာကွ " သူမေးလိုက်မိသည် " အသိတွေလားဗျ " " မဟုတ်ပါဘူး ငါသိနေတာပါ "

" အမှန်က သူကိုက်သင့်တာ သူ့ပြိုင်ဖက်တွေနဲ့ သူ့ရဲ့အစာတွေပဲကွ " " ပြီးတော့ အဲဒီကောင်က ကြီးနိုင်ငယ်ညှင်းလည်းရှိတယ်ကွ " သူဝင်ပြောလိုက်မိသည် " အော်...ဒါကတော့ သူကမြေခွေးကိုးဗျ " " အင်း..မင်းပြောတာမှန်ပါတယ် ပြီးတော့ ဒီမြေခွေးက အချိန်အခါမရွေး သူ့ဒေါသနဲ့ အစွမ်းအစကိုပြတတ်တယ်ကွ " သူက သိပ်တော်နေလို့လားဗျ " " ဘယ်လောက်တော်တော်ကွ ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပဲ "

" မိုက်ရူးရဲ ဆန်တာပေါ့ကွ နေရာတိုင်းပြနေတော့ သူ့ထက်အင်အားကြီးတဲ့ ကောင်နဲ့တွေ့ရော နောင်တ ဆိုတာနဲ့အတူ ဘဝ ပါပေးရတတ်တယ်ကွ "

သူတော်တော်လေးသဘောပေါက်သွားပါတယ်။ ကိုဇီးကွက်နဲ့ပြောရတာ သူတော်တော်လေး ဗဟုသုတရခဲ့ပါတယ်။ ပြီး ကိုဇီးကွက်က ဆက်ပြောပါတယ်။

" သူကဒီတောအုပ်ကို သူပိုင်တယ်ထင်နေတာကွ " " မဟုတ်ဘူးလားဗျ ဒီတောအုပ်မှာတော့ သူက ဗိုလ်ပဲဟာကို " " ခုတစ်လောမှာတော့ ဟုတ်နေမှာပေါ့ ဒါပေမယ့် နောင်အချိန်အနည်းငယ်အတွင်းမှာ သူဟာ သားကောင်ဘဝကိုလည်းရောက်သွားနိုင်တယ် ပြီးတော့ ဒီတောအုပ်ကလဲ သူမပိုင်ပါဘူးကွ " " ဟုတ်လား ဒါဖြင့်ဘယ်သူပိုင်လည်းဗျ " " အရင်တုန်းက သူလို စိတ်ထားရှိတဲ့ မြေခွေးတစ်ကောင်ပိုင်တယ်ကွ ပြီး သူ့အရင် အလားတူမြေခွေးတစ်ကောင်ပိုင် ပြန်ရော ဒီလိုပိုင်လာကြတာ တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်းနဲ့ သူ့အလှည့်ရောက်လာတာပဲကွ ဒါကြောင့်ငါပြောတာ သူမပိုင်ပါဘူးလို့ "

" အေးဗျာ ဒီလိုဆိုတော့လည်း ဒီလိုကောင်တွေပိုင်တဲ့ တောအုပ်မှာနေရတာ ဘာကောင်းတော့မှာလည်းဗျာ "

" ဒီလိုလည်းမဟုတ်ဘူးကွ မင်းကိုငါမေးမယ် " " ဟုတ်ကဲ့ " " မင်းမျက်စိမြင်ရလား " " အာ....ပန်းသီးက ပန်းသီးလောက်တော့မြင်တာပေါ့ဗျ "

" အေး မြင်တယ်ဆိုရင်လည်း မျက်စိရှေ့ တွေ့တဲ့ အရာဝတ္ထုတွေကိုပဲ ကြည့်မနေနဲ့ ကြုံလာတဲ့ ဒုက္ခတွေကိုပါမြင်အောင်ကြည့်ကွ ဒုက္ခတွေကိုမြင်မှ ဘယ်လိုအရာတွေဟာ သုခလည်းဆိုတာသိမှာ " " ဟုတ်ကဲ့ " " ပြီးတော့ ဘယ်လိုနေရာတွေမှာ ဒုက္ခရှိတယ်ဆိုတာ လိုက်ရှာ အဲဒါမှ ဒုက္ခကင်းတဲ့နေရာကိုတွေ့မှာပေါ့ " " ဆိုလိုတာကကွာ ဒုက္ခတွေကို ဆန့်ကျင်ဘက် ရှုထောင့်ကနေမြင်အောင်ကြည့်တတ်ဖို့ပဲကွ "

" ဟုတ်ကဲ့ " " အဲဒါမှ မင်းသူများတွေ မသိတာတွေသိလာမှာပေါ့ ဒီတောအုပ်က ဆိုးပေမယ့် ကောင်းမွန်တဲ့အသိတရားတွေကို ရှာဖွေလို့ရတဲ့ နေရာပဲကွ မင်းလည်းဒီမှာနေတုန်း ဆက်ရှာဖွေကြည့်ပေါ့ကွာ " " အဲ...ဒါပေမယ့်နေတတ်ဖို့တော့လိုတယ်နော် နေရာတော့အရွေးမမှားစေနဲ့ပေါ့ မဟုတ်ရင် နောက်တစ်ခြမ်းထပ် ပဲ့ သွားလိမ့်မယ်ကွ သိလား " " ဒါပဲကွာ ငါလည်း မသိတာတွေ မရှိတာတွေ ဆက်ရှာလိုက်ဦးမယ် "

" သွားပြီဟေ့ "

အင်း..သူလိုပန်းသီးအတွက်ကတော့ ဇီးကွက်ပြောသွားသလို ပါပဲ နေတတ်ဖို့အရင်ကြိုးစားရဦးမည်ပဲလေ ဒီလိုတောအုပ်မျိုးမှာ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့.............။

မှတ်ချက်......နေရာလေးတစ်ခုအကြောင်းပါ။ ဒီကမ္ဘာရဲ့တစ်နေရာမှာ ရှိတဲ့နေရာလေးတစ်ခုပေါ့။ အဲဒီနေရာလေးမှာ မြေခွေးလိုလူတွေ ကြီးစိုးနေပြီး ဘာမသိ ညာမသိနဲ့ အကိုက်ခံရတဲ့ ပန်းသီးလိုလူတွေလည်းရှိတယ်။ နောက်ပြီး ဖြစ်သမျှ လက်ပိုက်ကြည့်နေတတ်တဲ့ ကျီးကန်းလို လူတွေရယ် စိတ်ဓာတ်တွေ တက်ကြွလာအောင် အသိပညာတွေပေးတတ်တဲ့ ဇီးကွက်လို လမ်းပြတတ်တဲ့ လူတွေလည်းရှိပါရဲ့။

.....................................ဏ္ဍာဏ္ဍာဏ္ဍာ...............................................

# ကျောင်းသူလေးအတွက်

ဧရာဝတီမြစ်ပြင်ကို တိုက်ခတ်လာတဲ့ လေနုအေးလေးနဲ့အတူ သင်းပြံ့တဲ့သနပ်ခါး ရနံ့တစ်ခုက သူ့အာရုံကို အမြဲတမ်းလတ်ဆတ်စေခဲ့သည်။ အတိအကျ အားဖြင့် ဒီလိုစက်လှေစီးပြီး မြစ်ကိုဖြတ်ကာ ကျောင်းတက်ရတဲ့ မနက်စောစော အချိန်တွေမှာပေါ့။ သနပ်ခါးရနံ့ ဟုတ်သည် ဒီရနံ့က မနက်တိုင်းသူရနေကြ။ ဒီစက်လှေပေါ်မှာပါပဲ။ ဘယ်ကလည်းလို့ သူလိုက်ရှာနေစရာမလို စက်လှေစီးရမှာကို အရမ်းကြောက်တဲ့ သူသိပ်ချစ်ရတဲ့ (တိတ်တခိုး) ချစ်သူ နှင်းငွေ့ ဆီကပါပဲ။ ဧရာဝတီရဲ့ ရေပြင်ကျယ်ကိုကြည့်ပြီး ကြောက်စိတ်ဝင်နေတတ်တဲ့ နှင်းငွေ့ ကြောင့်သူ့အတွက်တော့ ခုနတ်တန်းလေးတစ်ခုမှာ အတူတူထိုင်ခွင့်ရခဲ့တာပဲလေ။ မေဂျာတူအတန်းဖော်ဆိုလို့ သူတစ်ယောက်ထည်းရှိတဲ့အတွက် နှင်းငွေ့ရဲ့ အနီးဆုံးနဲ့ အခင်မင်ဆုံးမိတ်ဆွေဆိုလဲ ဟုတ်ခဲ့တယ်ပေါ့။ ဒါပေမယ့် ဒီလိုအဆင့်တွေထက်သူ ကျော်ချင်နေခဲ့တာတော့ နှင်းငွေလဲ ရိတ်မိနေပါပြီ။ ကျောင်းရောက်တော့လည်း သူငယ်ချင်းရှားတဲ့နှင်းငွေ့အတွက် စားအတူ သွားအတူ သူတစ်ယောက်ထဲပါပဲ။ အမြဲတမ်းဖြူစင်နေတဲ့ နှင်းငွေ့ကြောင့် သူစိတ်တွေကို ချွန်းအုပ်ခဲ့ရတာလဲ အခါခါပါပဲ။ ဒီလိုနဲ့ ပထမနှစ်ကျောင်းတက်ရက်တွေ ကုန်လွန်ခါနီးလေ သူ့အတွက်တော့ နေမြင့်လေအရှုးရင့်လေပါပဲ။ တစ်နေ့တော့ သူ့စိတ်ကို ရဲဆေးတင်ပြီး နှင်းငွေ့ ကိုဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူ ညညတွေမှာ နှင်းငွေ့ကို သိပ်လွမ်းတဲ့အခါ ရေးလေ့ရေးထရှိတဲ့ ကဗျာလေးတွေက တစ်ဆင့်ပေါ့။ ဒီအတွက်သူ ကဗျာတစ်ပုဒ်ကို သူ့ရဲ့ ညတစ်ညကို အသုံးချပြီး ကြိုးစားပမ်းစား ရေးခဲ့ပါတယ်။ ကဗျာလေးက............

ငါဟာဥယဉ်မှူးတစ်ယောက်ဆို
နှင်ဟာအမြဲတမ်းတင့်တယ်နေတဲ့
ငါ့ရဲရင်ငြိမ်းပန်းကလေးပါပဲ
ရင်နင့်မဆံတဲ့ခံစားချက်တွေကို
ဖွင့်အံထုတ်ရင်း
ငါ့နှလုံးသားရဲ့ရောင်နီပျိုးတဲ့နေကို
နှင့်လက်နဲ့ နှင်းအပ်စေချင်တာ ဘာညာနဲ့ မော်ဒန်ကဗျာတစ်ပုဒ်ကို ကြိုးစားပမ်းစားရေးပြီး နှင်းငွေ့အတွက် ပန်းနုရောင်စာအိပ် လေးထဲမှာ ထည့်ကာ မနက်ဖြန်အတွက် အဲဒီညကိုလွန်ခဲ့ပါတယ်။

နောက်နေ့ရောက်တော့ ဟိုးအရင်နေ့တွေအတိုင်း နှင်းငွေ့က စက်လှေစီးပြီး ကြောက်စိတ်ဝင်ရင်း သူကလဲ နှင်းငွေ့ကို အဖော်ပြုရင်း ကျောင်းစာသင်ခန်းထဲကိုရောက်ခဲ့ပြန်တယ်။ သူကသာ အချိန်တွေ နေရာတွေ ရွေးပြီး ကဗျာပေးဖို့ ကြံနေပေမယ့် နှင်းငွေ့ကတော့ မသိရှာပါဘူး။ ဒီလိုနဲ့ နောက်ဆုံးစာသင်ချိန်ကို ရောက်ခဲ့ပြီး ဒီအချိန်ပြီးရင် အိမ်ပြန်ရတော့မယ်လေ။ သူဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချပြီး လွယ်အိပ်ထဲက ပန်းနုရောင် စာအိပ်လေးကို နှင်းငွေ့ဆီ ထိုးပေးလိုက်ပါတယ်။ ပထမတော့ နှင်းငွေ့ ကြောင်ပြီးကြည့်နေပါတယ်။ ပြီးမှ "ဘာတွေလဲ မင်းနေ" "စာအိပ်လေ ဖွင့်ကြည့်လိုက်လေ ဟို...အထဲမှာကဗျာပါတယ်ဟ" "အင်...ငါမှကဗျာတွေအကြောင်းမသိပဲ" အာ....ရပါတယ်ဟ အရင်ဖတ်ကြည့်ပါဦး" ဇဝေဇဝါ နဲ့ စာအိပ်လေးကို ဖွင့်ပြီး နှင်းငွေ့ ဖတ်နေပါတယ်။ သူလည်း ရင်တွေဘာတွေခုန်လို့ပေါ့။ နှင်းငွေ့က ကဗျာကို သေသေချာချာ ဖတ်နေတာပါ။ သူလဲဝမ်းတွေဘာတွေသာလို့ပေါ့။ ဒီတစ်ခါတော့ ပွဲပြီးပြီပေါ့။ နှင်းငွေ့က ကဗျာကိုဖတ်ပြီး သူကိုတစ်ခွန်းတည်း ပြောပါတယ်။ "တစ်ကယ်ပါ မင်းနေရယ် ငါဘာမှကိုနားမလည်ဘူးဟ"

သွားပြီ...ခြေမကိုင်မိ လက်မကိုင်မိ ဆိုတာ ဟိုတုန်းက ဘာမှန်းမသိပေမယ့် သူခုမှသိသွားပါတယ်။ သူတစ်ခုခုလုပ်မှဖြစ်တော့မယ်လေ။ ဒီလိုနဲ့ သူစာရွက်လေးကိုပြန်ယူပြီး နောက်ကျောဘက်မှာ ကဗျာတစ်ပုဒ်ကို အမြန်ရေးချပြီး နှင်းငွေ့ဆီကို ပြန်ပေးလိုက်ပါတယ်။ ဒီတစ်ခါလည်း နှင်းငွေ့က သေသေချာချာ ဖတ်နေပါတယ်။ ပြီးတော့ ပြုံးပါတယ်။ နောက်ဆုံးတော့ သူစကားလေးတစ်ခွန်းကိုပြောပါတယ်။ "ဟွန်း....အဲဒီလိုအစကတည်းက ရေးပြီးပေးလိုက်ပြီးရော ခုတော့ ဘုမသိ ဘမသိနဲ့ ရည်းစားစာနှစ်ခါ အပေးခံရတယ်" အဲဒီစကားလေးနဲ့အတူ မျက်စောင်းလှလှလေးတစ်ခုက သူ့ရင်ကိုအေးမြစေရင်း ကဗျာလေးကိုနောက်တစ်ခေါက်ပြန်ဖတ်လို့ပေါ့.............

ကျောင်းအတွေးကျောင်းအရေးနဲ့
ကျောင်းသူလေးနဘေးမှာထိုင်
ကျောင်းစာသင်ခန်းလေးလည်းမပျဉ်းနိုင်
ကျောင်းတက်ရက်တွေမကျန်နိုင်တော့မှ
ကျောင်းသားလေးတွေးကာမှိုင်
ချစ်တာတွေသူသိစေရန်
ကျောင်းသားလေးတွေးကာကြံ

ဟိုမော်ဒန်ကဗျာတစ်ပုဒ်နဲ့
ရွှေနားတော်သွင်းဖို့ရန်
ဒီကာရန်တွေကျောင်းသူလေးလက်မခံနိုင်တော့
တိတ်တခိုးကာရန်ချိုးကာ
ကဗျာသံစဉ်ရိုးရိုးတစ်ပုဒ်ကို
မြတ်နိုးရောင်အရိပ်မိုးလို့
ဆက်သခဲ့ပြန်..........။

......................................လှာလှာလှာ.....................................................

## ကျောင်းသားဘဝအမှတ်တရ ဖြစ်ရပ်ကလေး တစ်ခု

၂၀၁၀ ကမ္ဘာ့ဖလား ဘော်လုံးပွဲကြီး ကတော့ တောင်အာဖရိက နိုင်ငံမှာ အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီ။ မပြီးသေးတာက စံချိန်ပေါင်း များစွာနဲ့ စပိန်အသင်း ချန်ပီယံ ဖြစ်သွားပုံ၊ မထင်မှတ်ဘဲ ခြေစွမ်း ပြခဲ့တဲ့ ဥရုဂွေး အသင်း၊ လူငယ် ကစားသမား တွေနဲ့ အောင်မြင်ခဲ့တဲ့ ဟော်လန်၊ ဂျာမဏီအသင်းတွေ၊ နာမည်ကြီး ထမင်းငတ် ဖြစ်သွားတဲ့ အင်္ဂလန်၊ ထင်သလို ဖြစ်မလာတဲ့ ဘရာဇီးနဲ့ အာဂျင်တီးနား၊ အာရှ အပြင်ဘက်မှာ အတိုင်းအတာ တစ်ခု အထိ အောင်မြင်ခဲ့တဲ့ ဂျပန်နှင့် တောင်ကိုရီးယားအသင်း၊ စသဖြင့် သတင်းတွေက ရပ်ကွက်ထဲ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ လူတွေ ပါးစပ်နဲ့ ရောက်တက်ရာရာ ကန်နေကြတဲ့ သတင်းတွေ ပါပဲ။ ၂၀၁၀ ကမ္ဘာ့ဖလား ကလဲ တော်တော် အောင်မြင်ခဲ့တယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲ ပုံရိပ်တွေ၊ ရှက်ကီရာ သီချင်းသံ တွေက အခုချိန်ထိ ကမ္ဘာ့ လူထု အတွင်းမှာ ပျံ့နှံ့စီးဆင်း နေတုန်းပဲ။ ရှက်ကီရာရဲ့ ကဟန်တွေ ကလဲ အခုထိ မျက်လုံးထဲက မထွက်သေးဘူး .. ဟီး.. ဟီး.... ။ ကမ္ဘာ့ဖလားပွဲရဲ့ အောင်မြင်ပုံကို တွေ့ရတော့ ကျွန်တော်တို့ ငယ်ငယ်က ဘော်လုံးပွဲလေး တစ်ပွဲကို သွားသတိရမိတယ်။ အဲဒီအချိန်တုန်းက

နဝမတန်း(A)ခန်း အတွင်း သချာဆရာ ဦးသန့်ဇင် မလာသောကြောင့် ကျွန်တော်နှင့် ပုံမှန် နှစ်ယောက်က လွဲရင် ကျောင်းသားများ တစ်ယောက်မှ မရှိ။ ထုံးစံအတိုင်း ဆရာ မလာတာနဲ့ အားလုံး အပြင်ကို ရောက်ကုန်ကြပြီ။

ကျောင်းသားတွေ တစ်ယောက်မှ မရှိပေမယ့် ကျောင်းသူ တွေကတော့ ပေါချင်း သောချင်းပဲ။ တကယ်ပြောတာ ကျွန်တော်တို့ ကိုးတန်း (A)ခန်း ထဲမှာ ကျောင်းသား/သူ စုစုပေါင်း ၈၀ကျော် ရှိတဲ့ အနက် ကျောင်းသား အင်အားက ၂၂ယောက်ပဲ ရှိတယ် ဆိုတော့ ကျောင်းသူ အင်အား ဘယ်လောက်ရှိမယ် ဆိုတာ စာဖတ် ပရိသတ် ကြီးပဲ တွက်ချက်ကြည့် ပါတော့။ ပုံမှန်ကတော့ အခန်းထဲ ရှိတဲ့ ကျောင်းသူတွေကို ကျောင်းသားတွေ ခွဲယူဆိုရင်တောင် အကြမ်းဖျင်း တွက်ကြည့်တာတင် ကျောင်းသားတစ်ယောက်ကို ကျောင်းသူ သုံးယောက်လောက်တော့ ရတယ်လို့ ကျွန်တော့်ကို ပြောဖူးတာပဲ။ အတိအကျ သိချင်ရင်တော့ ပုံမှန့် ကို မေးကြည့်မှ သိမယ်။ ဒါတောင် နဝမတန်း မို့ နော်။ ဒသမတန်း ကျမှ ခွဲယူ ဆိုရင် ငါးယောက်လောက် ရတယ်။ အားလုံး လူ ၉၀ လောက်ရှိတာ ကျောင်းသား အင်အားက ၁၅ ယောက်ပဲ ရှိတယ်။ ဒါတောင် တစ်ယောက်က တစ်လလောက် တက်ပြီး ကျောင်းပြောင်း သွားသေးတယ်။

အဲဒီလို ကျွန်တော်နဲ့ ပုံမှန် စကားကောင်း နေတုန်း မှာပဲ ကျွန်တော့် သူငယ်ချင်း ကိုဟိန်းနဲ့ တခြား ကျောင်းသားတွေ အခန်းထဲ ဝင်လာတာ တွေ့ ရသည်။ ကိုဟိန်းက အခန်းထဲ ဝင်လာရင်း ကျွန်တော်နဲ့ ပုံမှန်အား-

*ဟေ့ကောင်တွေ ညနေ ဘောလုံးပွဲ ချိန်းပွဲ ရှိတယ်နော်။ နေ့ ခင်း ထမင်းစား ပြန်ရင် အကျီ ၤဘောင်းဘီတွေ တခါထဲ ယူခဲ့ကြ*

*ဟု အော်ပြောသည်။ ဒါနဲ့ ကျွန်တော်က-*

*အေး... အေး... ယူခဲ့မယ်။ ဒါနဲ့ ဘယ်အခန်းနဲ့ ချိန်းလာခဲ့တာလဲ ဘယ်လောက်ကြေး ကန်မှာလဲ*

*ဟု ကျွန်တော်က ပြန်မေး လိုက်ရာ။ ကိုဟိန်းက-*

*ဘယ်အခန်းနဲ့ မှ မကန်ဘူး။ ဒီအခန်းထဲက လူတွေနဲ့ ပဲ ချိန်းထားတာ။ အခန်းထဲက လူတွေပဲ နှစ်ဘက်ခွဲ ကန်မှာ*

*ဟု ပြန်ဖြေရာ-*

ကျွန်တော့်မှာ

*ဟေ*

ဟုသာ၊ တစ်လုံးတည်း ပြန်ပြောနိုင်သည်။ စာဖတ် ပရိသတ် ကြီးပဲ စဉ်းစားကြည့် ပါဦးဗျာ။အခန်းထဲ ကျောင်းသား ရှိတာမှ ၂၂ ယောက် အဲဒီ ထဲမှာမှ ပေါ့ဆိမ့်တို့ လို ဘော်လုံး ဆိုတာ စာထဲ သင်ဖူးလို့ သာ လုံးမှန်းသိပြီး စာပဲ တကုပ်ကုပ် လုပ်သလိုလိုနဲ့ ကောင်မလေးတွေနောက်ပဲ

တကောက်ကောက် လိုက်နေတဲ့ ကောင်တွေက လေး၊ငါး၊ခြောက်ယောက်လောက် ရှိတယ်။ ဒါကို နှစ်ဘက်ခွဲပြီး ဘော်လုံးခွဲကန်မယ် ဆိုတော့ ကျွန်တော် နည်းနည်း မဟုတ်ဘူး တော်တော် အံ့သြသွားသည်။

ညနေဘက် ကျွန်တော် နောက်ကျ နေသောကြောင့် ဘော်လုံးကွင်း အတွင်းရောက်တော့ ကျွန်တော်နောက်ဆုံး ဖြစ်သည်။ ကွင်းထဲမှာ လူတွေပင် ခွဲပြီး နေပြီ။ နှစ်ဘက် လူခွဲထား ပုံကို ကြည့်ပြီး ကျွန်တော် တော်တော် စိတ်ပျက်သွားသည်။ ကျွန်တော် သိလိုက်သည် ချိုကျူနဲ့ အဘ တို့ တော့ လူလည် ကျပြီဆိုတာကို ကြည့်ဦးလေ လူခွဲထားပုံက ကိုဦး တစ်ယောက်က လွဲရင် သူတို့ ဘက်က အကုန် ဘော်လုံး ကန်တတ်သည်။ ကျွန်တော်တို့ ဘက်က ပေါ့ဆိမ့်၊ ရေနွေး၊ အောင်ကိုဝင်း၊ မာမွတ် တို့ ကို ကျွန်တော် ဒီအချိန်ထိ ဘော်လုံး ကန်တာ တစ်ခါမှ မတွေ့ ဘူးသေးပေ။ သူတို့ အသင်း ဘက်မှာက တခြား အသင်းတွေနဲ့ ချိန်းကန်ရင် first line-up ကန်သည့် ကစားသမား တော်တော် များများ ပါသည်။ ကျွန်တော်တို့ ဘက်မှာက နှစ်ယောက်၊ သုံးယောက်လောက်က လွဲရင် အရန်လောက် ထည့်ကန်သည့် ကစားသမားက များသည်။ နှစ်ဘက် ခွဲထားပုံက သူတို့ ဘက်က တော်တော်ကို သာသည်။ ဒါပေမယ့် ကျွန်တော့် သူငယ်ချင်းကြီး ကိုဟိန်းက ရတယ် ဘာမှ မဖြစ်ဘူး ကန်သာကန် နိုင်နိုင်ရှုံးရှုံး ဆိုသဖြင့် ကျွန်တော်လဲ ဘာပြောရမှာလဲ ကန်ပေါ့။ သူက ပိုက်ဆံအများ ဆုံးစိုက်တာ ဆိုတော့ မပြောသာဘူးပေါ့။

ဘော်လုံးပွဲက မစသေးဘူး။ ဒါပေမယ့် ဒိုင်လူကြီးက ဝီစီ တရှီရှီနဲ့ ဖြစ်နေသည်။ သူလဲ ဒိုင်လုပ်ရမည် ဆိုသဖြင့် တော်တော် ပျော်နေပုံ ရသည်။ ကျွန်တော်တို့ ဘော်လုံးကွင်း အနီးက အနေးယာဉ်ဂိတ်မှ ဆိုက်ကားသမား တစ်ယောက်ကို အသပြာ အနည်းအကျဉ်း ပေးငှားထားခြင်း ဖြစ်သည်။ ဖီဖာ အသိအမှတ်ပြု မဟုတ်ပေမယ့် ကျွန်တော်တို့ အားလုံး အသိအမှတ် ပြုသည်။ ကွင်းထဲ ရောက်တော့ ကျွန်တော်တို့ ဘက်က ဖြစ်သလို ကြုံသလိုပင် ကိုယ်ကန်ချင်သည့် နေရာ ကိုယ်နေရာ ယူလိုက်တာပင်။ တဘက်အသင်းမှာတော့ နွားကြီး တစ်ယောက်ကတော့ ပေါင်ဖွာ ပေါင်ဖွာဖြင့် ပါးစပ်နဲ့ အရင် ကန်နေသံကို ကြားရသည်။

*ဟေ့ကောင်တွေ မင်းတို့ ဘယ်နေရာက ကန်မှာလဲ၊ center back က ဘယ်သူလဲ၊ side back ကရော ဘယ်သူ ကန်မှာလဲ၊ စမ်းမင်းအောင် မင်းက attacking midfielder နော် ကွင်းလယ်ကို ကောင်းကောင်း ထိန်းချုပ်ပြီး ကစား၊ ချိုကျူ မင်းက striker ဆိုတော့ ဂိုးရဖို့ က မင်းကိုပဲ အားကိုးရမှာ ကဲ... ကြိုးစားထားကြဟေ့*

စသဖြင့် သူ့ ကိုယ်သူ ရှိုင်ကိန်း လိုလို၊ ဗီယာရာ လိုလို ဘာလိုလိုနဲ့ တကွင်းလုံး သူ့ ပါးစပ်နဲ့ အရင်ကန်နေသံက ဆူညံ နေသည်။ ဒါနဲ့ ကျွန်တော်က ပုံမှန်အား မေးငေါ့၍-ဟေ့ကောင် ဒီကောင်က ဘာလဲ ဆိုသည့် သဘောမျိုး မေးလိုက်ရာ ပုံမှန်က-

*မသိဘူးကွ… ဒီကောင်က ပန်းတောင်းက ကုလားလေး တူလို့ တော့ ပြောတာပဲ။ အခုလဲ သူ့အရမ်း ကန်ချင်တယ် ဆိုလို့ အဘတို့ က ချိန်းပေးတာ ပြောတယ်။ ချိုကျူ ကတော့ ဒီကောင် ကန်တာ တော်တော် ကောင်းတယ် ပြောတာပဲ။ ဒီကောင်ကလဲ ကွင်းထဲ ရောက်ကတည်းက ဘယ်လို ကန်လိုက်မယ် ညာလို ကန်လိုက်မယ် ခြေထောက် ဘယ်နှစ်ချောင်း ပါလဲနဲ့ ကြိမ်းမောင်း နေတာ ငါတောင် တော်တော် လန့် နေပြီ။*

ဟု ပြန်ပြောသည်။ ကုလားလေး ဆိုတာက ပန်းတောင်းမြို့ ဝန်လို ရပ်ကွက်က ပဲခူးတိုင်း အထိ ပါသော ကျွန်တော်တို့ နယ်မှ နာမည်ကြီး ကစား သမား ဖြစ်သည်။ သူ့ တူ ဆိုတော့ ကျွန်တော်လဲ ဟုတ်လောက်မည် တော်တော် ကောင်းမယ်ပေါ့ ဟု တွေးလိုက်သည်။ ဝန်လို ဆိုတာကလဲ ကျွန်တော်တို့ နယ်မှာ နာမည်ကြီး ရပ်ကွက် ဖြစ်သည်။ ဒါကြောင့် ဒီကောင့်ကို သတိထား ရမယ်လို့ တွေးထား လိုက်သည်။

မိုးက တဖွဲဖွဲနဲ့ ရာသီဥတု ကတော့ ဘော်လုံးသမားများ အကြိုက် ဖြစ်သည်။ ဘော်လုံးပွဲ ကစပြီ ဆိုတာနဲ့ သူတို့ ဘက်က ကျွန်တော်တို့ အသင်းဘက်ကို တောက်လျှောက် ဖိကစားသည်။ ဖိထားတာမှ တော်တော်ကို ဖိတာ (အသက်ရှူတွေတောင် ကြပ်တယ် ဟဲ.. ဟဲ) အဲဒီ အချိန်မှာ ကျွန်တော်တို့ ဘက်က မထင်မှတ်ပဲ ခြေစွမ်းပြသော ကစားသမားများက ဘယ်သူမှ မထင်မှတ်သော ရေနွေး၊ အောင်ကိုဝင်းနဲ့ မာမွတ်တို့ ဖြစ်သည်။ နောက်တန်းက ကန်သော ရေနွေး၊ အောင်ကိုဝင်းနှင့် မာမွတ် တို့ အနားကို ပွဲချိန် ကြာလာတာနဲ့ အမျှ ဘယ်သူမှ မကပ်ရဲတော့ပေ။ ကမ္ဘာ့ဖလား ဖိုင်နယ်တွင် ပော်လန် အသင်းကြမ်းသည်မှာ ဘာဟုတ်မှာလဲ ရေနွေး ဆိုရင် ခြေထောက်က တဘက် ရှေ့တန်း ခေါင်းပေါ် တွေမှာပဲ ဝဲနေသည်။ မာမွတ်ဆိုရင်လဲ ခြေထောက်က ဓားစက် တပ်ထား သလိုပဲ သူဘော်လုံး ကန်လိုက်ရင် ဘော်လုံး ကန်သည့် အသံက ဘုန်းဘုန်းဆိုတဲ့ အသံ မထွက်ဘဲ ခြေထောက်ခြင်း ရိုက်သံ တဖြောင်းဖြောင်း ဆိုသည့် အသံကို သာကြားရသည်။ အောင်ကိုဝင်း ဆိုရင်လဲ သူတို့ ဘက်က အားထားရတဲ့ ဖြိုးကြီးကို ပြေးတိုက်လိုက်တာ ချုံထဲ ခေါင်းစိုက် နေလို့ မနဲ ဆွဲထုတ်လိုက် ရသည်။

ပြီးတော့ ပုံမှန်ကလဲ ကွင်းလယ်ကနေ ခြေစွမ်းပြ နေတော့ ကျွန်တော်တို့ အသင်းက

သူတို့ အသင်းဖက်ကို သူတပြန် ကိုယ်တပြန် ကန်နိုင် လာသည်။
ပုံမှန်က ဘော်လုံး control ကောင်းသလို အလိမ်အလှည့်လဲ ကောင်းသည် (သူက လိမ်ရလို့ ကတော့ မိဘလဲ မထားဘူး)။ ဒါကြောင့် ပုံမှန်နဲ့ ကျွန်တော်တို့ အလယ်တန်း အတွဲက သူတို့ အသင်းဘက်ကို ကောင်းကောင်း ထိန်းထား နိုင်သည်။ ဒါပေမယ့် ကိုယ့်ကောင် အကြောင်းကို ကိုယ်သိတော့ ပုံမှန့် ကို အတင်းမောင်း ကစားနေရတယ်။ ဒီကောင်က နာမည်ကိုက ၁၅မိနစ် ပုံမှန်လေ။
၁၅မိနစ်လောက်ကတော့ အရမ်းကောင်း လွတ်ကောင်းပဲ ၁၅မိနစ် ကျော်သွားလို့ ကတော့ သူ့ အနား တစ်တောင်လောက် အကွာက ဘော်လုံး ဖြတ်သွားရင်တောင် မလိုက်တော့ဘူး ရပ်သွားပြီ သူ့ ဆီ ဘော်လုံး တည့်တည့် မလာလို့ ကတော့ မကစား တော့ဘူး ကွင်းထဲမှာပဲ မတ်တပ် ရပ်နေတော့တာ။ ဒီတော့ သူကုန် မသွားသေးခင် တဖက် အသင်းကို ကစားကွက် စီးထားနိုင်အောင် သူ့ ကို အတင်းမောင်း ကစား နေရတာ။ ၁၅မိနစ် ကျော်သွားရင် ဒီကောင်ကြီးက ကုန်သွားပြီ မောင်းမကောင်းတော့ဘူး (ပေကပ်ကပ် ဖြစ်နေပြီ)။

ဒီလိုနဲ့ ဘော်လုံးပွဲက ပွဲချိန် မိနစ်၂၀၊ ၃၀လောက် ရောက်လာတော့ နှစ်ဘက်စလုံး သူတင်ကိုယ်တင် အားသွန်ခွန်စိုက် ကစားတဲ့ အတွက် ပွဲက မြိုင်လာပြီး တော်တော် ကောင်းလာသည်။ အဲဒီ အချိန်မှာပဲ ကျွန်တော်တို့ ရဲ့ (ဆိုက်ကား ဆရာ) အဲလေ.. မှားလို့ ကွင်းလယ်ဒိုင်က ကျွန်တော်တို့ အသင်းဘက်ကို ပင်နယ်တီ ပေးလိုက်တယ်။ ပေါ့ဆိမ့်လေ ကွင်းထဲမှာ တောင်ပြေးလိုက် မြောက်ပြေးလိုက် ဘော်လုံးနဲ့ ခြေထောက် တစ်ချက်မှ မထိရသေး ပေမယ့် ကျွန်တော်တို့ အသင်းရဲ့ ဂိုးစည်း ၁၈ကိုက်ထဲမှာ လက်နဲ့ ထိလို့ ပေးလိုက် ရတာ။ အဲဒီမှာ ပြဿနာက စတာပဲ ကျွန်တော်တို့ ဘက်က ပရီးမီးယားလိဂ်၊ လာလီဂါ၊ စီးရီးအေနဲ့ ကမ္ဘာ့ဖလား ပွဲတွေထဲကလို ဒိုင်ကို တွန်းထိုးပြီး အသဲအသန် စောဒက တက်တာပေါ့။ ကျွန်တော်တို့ က ဒါပြိုင်ပွဲ မဟုတ်ဘူး ကြေးစားကန်တာ ဖြစ်တဲ့ အတွက် ပင်နယ်တီ ဆိုတာ မရှိဘူး.. ဘာညာ.. ဆိုပြီး ဝိုင်းပြော ကြတာပေါ့။ ဒါပေမယ့် ကိုရွှေဒိုင်လူကြီးက မရဘူးဗျို့ ကမ္ဘာ့ဘော်လုံး အဖွဲ့ ချုပ် ဖီဖာ ဒိုင်လူကြီးတွေလိုပဲ ခေါင်းမာတယ်။ ကမ္ဘာ့ကျော် ဒိုင်လူကြီး ကိုလီနာ အိုက်တင်နဲ့ ကျန်တာတွေ သူမသိဘူး ၁၈ကိုက်ထဲမှာ လက်ထိရင် ပင်နယ်တီပဲတဲ့။ တော်သေးတယ် သူ့ မှာ အနေးယာဥ် ကဒ်က လွဲပြီး ဘာမှမပါလို့ နို့ မို့ အနားကပ်ပြီး အတင်းစောဒက တက်နေတဲ့ ကျွန်တော်တို့ ကို ကဒ်ပြပြီး ထုတ်ပစ် မလားပဲ။ ဒီလိုနဲ့ ကျွန်တော်တို့ ပင်နယ်တီ ပေးလိုက်ရရော။

ပင်နယ်တီကို ကန်ဖို့ သူတို့ ဘက်က နာမည်ကြီး ဘော်လုံးသမား ဖြစ်တဲ့ နွားကြီးက ဘော်လုံးကို အကျအန တည်တယ်။ ပြီးတော့ ဘော်လုံးကို ပြေးကန်လိုက်တာ-

*ဘုတ် ... ဆိုတဲ့ အသံနဲ့ အတူ -*

*ဟာ... ဟင်...*

*စောက်ရူး.. ဘော်လုံးကို ဘယ်လို ကန်လိုက်တာလဲ...*

*နွားကြီး ကတော့ လုပ်ပြီဟေ့...*

ဆိုတဲ့ သူတို့ အသင်း ဘက်က အသံတွေနဲ့ ကျွန်တော်တို့ ဘက်က ဝမ်းသာအားရ ဝိုင်းအော်လိုက်တဲ့ အသံတွေ တစ်ကွင်းလုံး ဆူညံ သွားသည်။ ဖြစ်ပုံက ဒီလို နွားကြီးက ဘော်လုံးကို မြက်ဖုတ်ပေါ်မှာ အကျအန တည်ပြီး ပြေးကန်လိုက်တာ အောက်က မြက်ဖုတ်ကြီးကို ပြေးကန်မိပြီး ဘော်လုံးက ဖြည်းဖြည်းလေး လိမ့်သွားလို့ ဂိုးသမားက အသာလေး ကောက်ယူလိုက်တော့ နွားကြီးကို ဝိုင်းဆဲကြတာပေါ့။ ချိုကျဆို တောက်တခေါက်ခေါက်နဲ့ -

*အဘရာ...ဒါကြောင့် ငါ ကန်ပါမယ်လို့ ပြောတာ ဘာမဟုတ်တဲ့ back ခြေနဲ့ ကောင် သွားကန်နိုင်းတယ်*

ဘာညာနဲ့ ဒေါသတကြီး အဘကို ရန်တွေ့တယ်။ သူ့ မကန်ခိုင်းလို့ စိတ်ကောက်နေတဲ့ သူ့ အတွက် ပြောစရာ ဖြစ်သွားတာပေါ့။ ဟဲ.. ဟဲ.. ချိုကျက အဲဒီလိုပဲ သူလုပ်ချင်တာ မလုပ်ရရင် စိတ်ကောက်တတ်တယ် (နှာမှုတ်သံကြီး တရှူးရှူးနဲ့ ... )။

ဘော်လုံးပွဲက တဖြည်းဖြည်းနဲ့ ပွဲအရှိန်က မြင့်လာတယ် ဘော်လုံးက ဟိုဘက်ရောက်လိုက် ဒီဘက်ရောက်လိုက်နဲ့ ပွဲက မြန်လာတော့ ကျွန်တော်တို့ ကိုရွှေဒိုင်လူကြီးက မောလာပြီ သိပ်မလိုက်နိုင်တော့ဘူး ကွင်းလယ်မှာပဲ ရပ်နေပြီ။ ဒီတော့ ဂိုစည်းကျော်တာ ဘေးလိုင်းစည်း ကျော်တာတွေ၊ လက်ထိဘောတွေ၊ နောက်တွေက ဖြတ်ကန်တာတွေကို မမြင်တော့ဘူး။ ဒိုင်မမြင်တော့ စည်းကျော်ရင်လဲ မကျော်သေးဘူး၊ စည်းမကျော်သေးရင်လဲ ကျော်သွားပြီနဲ့ ငြင်းခုန်ပြီး တစ်ယောက်နဲ့ တစ်ယောက် တင်းပြီး ပွဲက ကြမ်းလာသည်။ ဒီတော့ တာဝန်မကျေတဲ့ ဒိုင်ကို ပြဿနာ ဝိုင်းရှာ လာကြသည်။ ဒီလိုနဲ့ ဆက်ကန်ကြရင်း ပုံမှန်က သူ့ ဆီလာတဲ့ ဘော်လုံးကို အသာလေးဖမ်းလိုက်တာ လက်နဲ့ သွားထိသည်။ ဒါပေမယ့် ဒိုင်က မမြင်လိုက်ဘူး။ တဖက်အသင်းက လူတွေက ဝိုင်းအော်ကြတယ်-

*လက်ထိ... လက်ထိဘော..*

ဆိုပြီး လက်ထိဘော တောင်းတယ်။ ဒါပေမယ့် ပုံမှန်က ခပ်တည်တည်ပဲ ဒိုင်မှ မမြင်တာ-

*ဘယ်မှာထိလို့ လဲကွ... ဒိုင်ရှိတယ် ဒိုင်ပြောလိမ့်မယ်* - လို့ ပြန်အော်တော့

ချိုကျက -
*ဟေ့ကောင်.. မင်း မငြင်းနဲ့ မင်းလက်နဲ့ ထိတာ ငါသေသေချာချာ တွေ့တယ်* - လို့ ပြောတော့ ပုံမှန်က-
*ဘာဖြစ်လဲ မင်းမြင်တာ အကျုံးမဝင်ဘူး။ ဒိုင်ပြောလိမ့်မယ် ဒိုင်ရှိတယ် ဒိုင်ကွ အလကား ခန့် ထားတာ မဟုတ်ဘူး။ ဒိုင်၊ ဆိုက်ကားသမား မဟုတ်ဘူးကွ*
လို့ ပုံမှန် အရပ်ထဲမှာ ပြောနေကျ စကား အတိုင်း ပြောလိုက်တော့ ချိုကျက-
*ဟေ့ကောင် မင်း ဒိုင်လူကြီးက ဆိုက်ကားသမား ဆိုတာ တစ်ကျောင်းလုံး၊ တစ်မြို့ လုံး သိတယ်ကွ*
လို့ ပြန်ပြောလိုက်တော့ ပုံမှန် ဘာပြန်ပြော ရမှန်းမသိ ဖြစ်သွားတယ်။ သူက ရပ်ကွက်ထဲ သာမန် ပြောနေကျ စကားကို ပြောလိုက်တာပဲ ဒါပေမယ့် ဒိုင်က တကယ် ဆိုက်ကားဆရာ ဖြစ်နေတော့ သူလဲ အကြံအိုက်သွား တာပေါ့။ အဲဒီမှာ ဒိုင်လူကြီးက ဒေါသတကြီးနဲ့ ပြောတော့တာပဲဗျို့ -
*ဟေ့ကောင်လေးတွေ မင်းတို့ အကူအညီတောင်းလို့ လာကူညီတာကွ.. စေတနာနဲ့ လာကူညီတာ.. မဖြစ်စလောက် ငွေလေး ပေးပြီး လူကိုတော့ မစော်ကားနဲ့ ကွ။ ငါ့ဘာသာ ဆိုက်ကားနင်းလို့ ဆိုက်ကားသမား ဖြစ်တာ ဘာဖြစ်လဲ။ တော်ပြီ မင်းတို့ ဘာသာ မင်းတို့ ကန်ကြ ငါ ဒိုင်လုပ်မပေး တော့ဘူး။*
လို့ အော်ဟစ်ပြောဆိုပြီး ဘော်လုံးကွင်းထဲက ထွက်သွား ပါလေရောဗျာ။ ဒီတော့ ကျွန်တော်တို့ လဲ ဒိုင်မပါပဲ ထပ်ကန်ကြ ရတာပေါ့ဗျာ။

ဒီလိုနဲ့ ဆက်ကန်ကြရင်း ကျွန်တော်တို့ ဘက်က တစ်ဂိုးစရတယ်။ ကျွန်တော် ကွင်းလယ်က နှစ်ယောက်လောက် လိမ်ပြီး ချပေးလိုက်တဲ့ ဘော်လုံးကို သူတို့ ရဲ့ center back က နှာကြီး ရှင်းထုတ်တာ ဘော်လုံးကို ချော်ကန်လိုက်တာ နောက်က ကပ်ပါလာတဲ့ ကိုဟိန်းက ဂိုးသမားနဲ့ တစ်ယောက်ချင်း ကန်သွင်းလိုက်တာ ဂိုးသွားတယ်။ ဂိုးသမား အဘ ဆိုတာ ဒေါသတကြီးနဲ့ နှာကြီးကို ပြောလိုက်တာများ ဆိုတာ-
*ဟင်.. ဒါနဲ့ များ ဟိုမှာ ကန်လာတယ်.. ဒီမှာ ကန်လာတယ်နဲ့ ပါးစပ်က ကန်နေတာတော့ ချောနေတာပဲ။ တကယ်ကန်တော့ အဖြစ်ရှိအောင် မကန်နိုင်ဘူး။ သွား.. သွား.. မင်း ဂိုးပဲ သွားစောင့် အသုံးမကျတဲ့ကောင်*
ဆိုပြီး အဘ တစ်ယောက် ဂိုးဖမ်းနေတာ ကနေ ရှေ့ကို တက်ကန်တယ်။ အဲဒီတော့မှာ သူတို့ ရှေ့တန်းက ကျွန်တော်တို့ နောက်တန်းကို နဲနဲခြိမ်းခြောက် လာနိုင်တယ်။ ညာဘက်ဝင်း ကနေ အဘတစ်ယောက် ဘော်လုံး ဆွဲလာ ပြီးနောက်တန်းလူ နှစ်ယောက်ကို လိမ်ပြီး ဖြတ်တင်လိုက်တဲ့ ဘော်လုံးက ဂိုးသမားကို ကျော်ပြီး ဂိုးရှေ့မှာ အသင့်နေရာ ယူထားတဲ့ ချိုကျ ရှေ့ကို

တည့်တည့်ကျတယ်။ ချိုကျကလဲ သူ့ဆီကို အနေတော်ကျ လာတဲ့ ဘော်လုံးကို အပိုင်ညာခြေနဲ့ ပိတ်ကန် လိုက်တာ ဘော်လုံး တစ်လုံးလုံးကို ချော်ကန်လိုက်တော့-

*ဟာ.... အေး.. ဒါပေါ့ကွ..*

*ဂိုးးးးးးးးးးးး ဂိုးးးးးးးးးးးး*

ဆိုတဲ့ အသံတွေ ဆူညံသွားတယ်။ ဖြစ်ပုံက ချိုကျ အပိုင်ပိတ် လိုက်တဲ့ ဘော်လုံးက ချော်တော့ ကန်လိုက်တာပဲ။ ဒါပေမယ့် ညာခြေနဲ့ အပိုင် ပိတ်လိုက်တာ ချော်ကန် မိပေမယ့် ဘယ်ခြေနဲ့ ထိပြီး ဂိုးဝင် သွားတယ်။ ချိုကျက အဲဒီလို အဆုံးသတ် သေချာတာ ဘော်လုံး ကန်ရင်လဲ ဘယ်တော့ ဖြစ်ဖြစ် ဂိုးရှေ့မှာပဲ နေတယ်။ တခါတခါ ဂိုးသမား ရှေ့တက်သွားရင် ဂိုးရှေ့မှာ သူတစ်ယောက်ပဲ ကျန်ခဲ့တာ။ မသိရင် ဂိုးသမားလိုလို ဘာလိုလိုနဲ့ ။ အခုလဲ သူက အမှန်တော့ ဘော်လုံးကို ချော်ကန်လိုက်တာပဲ။ ဒါပေမယ့် ဘော်လုံးက သူ့ ကိုထိပြီး ဂိုးဝင် သွားတာလေ။ ချိုကျတို့ က အဲဒီလိုကို အဆုံးသတ် သေချာတာ သိတယ် မဟုတ်လား.. ဟဲ... ဟဲ။

ဒီလိုနဲ့ တဖက် တစ်ဂိုးစီ သရေရလဒ်နဲ့ ပထမပိုင်း ပြီးသွားသည်။ ဒုတိယပိုင်း ပြန်စတော့ နှစ်သင်းစလုံးက သရေကျ နေလို့ ထိန်းကန် နေကြတာ ဆိုတော့ ပွဲက နဲနဲပြန်အေး သွားသည်။ ဒီနေ့ ပွဲမှာ သူတို့ ဘက်က ခြေစွမ်းပြနေတဲ့ အဘပဲ ခုနက အတိုင်း ညာခြမ်းကနေ ဆွဲလာပြီး ချိုကျဆီကို ထပ်ချိုးပေးလိုက်တဲ့ ဘော်လုံး ဒီတစ်ခါလဲ ဂိုးသမားကို ကျော်ပြီး ဂိုးထဲကို ကျတယ်။ ဒါပေမယ့် ဒီတခါ နောက်ကျနေတဲ့ ချိုကျက လျှောထိုးပြီး ပိတ်လိုက်တာ ဂိုးထဲသွား နေတဲ့ဘော်လုံးကို ကန်ထုတ်လိုက်သလို ဖြစ်ပြီး ဘော်လုံးက အပြင်ထွက်သွားသည်။ အဘဆိုတာ စိတ်ဆိုးလွန်းလို့ ဒေါသတကြီးနဲ့ ဆွေ့ ဆွေ့ ခုန်နေတာပဲ။ အခုနလေးတင် တဂိုးကန်သွင်းပြီး ဟီးရိုး ဖြစ်ခဲ့တဲ့ ချိုကျ တစ်ယောက် ချက်ချင်းကို ဇီးရိုး ပြန်ဖြစ်သွားသည်။ ဒီလိုနဲ့ ဘော်လုံးပွဲက သူတပြန် ကိုယ်တပြန်နဲ့ ပြန်မြိုင်လာသည်။ သူ့ ဘက်က ဖောက်လိုက် ကိုယ့်ဘက်က ဖောက်လိုက်နဲ့ ဂိုးရဖို့ တွေက ပိုပိုနီးစပ် လာသည်။ အဲဒီလို သူများတွေ အကြိတ်အနယ် ကန်နေတဲ့ အချိန်မှာ ပေါ့ဆိမ့်က ထဖောက်တယ်။ ဘယ်လို ဖောက်သလဲ ဆိုတော့ တဘက်အသင်း နောက်တန်းက ကန်တင်လိုက်တဲ့ ဘော်လုံးကို အကျီ ကို အောက်ကနေ ဆွဲမပြီး လင်းပတ် ပိုက်ကွန်နဲ့ အောက်ကနေ ခံသလို ခံပြီး ဗိုက်နဲ့ ညှပ်ပြီး ဂိုးဆီ သယ်ပြေးလို့ မနဲ လိုက်ဆွဲရတယ်။ နှစ်ဘက်အသင်း ကစားသမားတွေ ဝိုင်းအော်လိုက် ကြတာ ဆိုတာ တစ်ကွင်းလုံးကို ဆူညံသွားတာပဲ။ ကျွန်တော်က ပေါ့ဆိမ့်ကို အတင်းလိုက်ဆွဲပြီး-

*ဟေ့ကောင်... ပေါ့ဆိမ့်.. ပေါ့ဆိမ့် မင်းဘာလုပ်တာလဲ* -လို့ မေးတော့ ပေါ့ဆိမ့်က-
*ဘာလဲ ဘာလဲ ဒီလိုလုပ်လို့ မရဘူးလားလို့ ပြန်မေးတော့ -*
ကျွန်တော်မှာ ငိုရခက် ရီရခက် ဖြစ်ရတယ်။ ပြီးတော့ သူက ထပ်ပြောသေးတယ်-
*ငါ ကိုရွှေထူး(ပြည်) ရေးတဲ့ ကာတွန်းထဲက ဆင်စုနဲ့ နဝင်းကန်တော့ ဒီလို ဆွဲတာ သတိရလို့ လုပ်လိုက်တာ*
ဆိုတော့ ကျွန်တော် ဘာထပ်ပြော ရမှန်း မသိ ဖြစ်သွားရသည်။ ဒီလိုနဲ့ ကျွန်တော်တို့ ဖောင်းဘော ပေးရပြီး ထပ်ကန်ကြသည်။ ဒုတိယပိုင်း ရောက်လာပြီ ဆိုတော့ နှစ်ဘက်စလုံး အကြိတ်နယ်နဲ့ ပွဲက စိတ်လှုပ်ရှားဖို့ ပိုကောင်းလာတယ်။ သူတို့ ဘက်က အားထားရတဲ့ ချိုကျကို အရပ်အမောင်း တူတဲ့ ရေနွေးက အပိုင်ကပ်ထားလို့ ချိုကျတစ်ယောက်လဲ ဘာမှ လုပ်မရဘူး ဖြစ်နေသည်။ သူ့အားသန်တဲ့ ခေါင်းလဲ တစ်လုံးမှ အပိုင်မတိုက် ရဘူးဖြစ်နေတယ်။ ဒါတောင် သူက တချက်တချက် ဂိုးကိုက် ထိပ်ကနေ ကြုံရင်ကြုံသလို လစ်ရင်လစ် သလို ဘောပျောက်တွေ လှမ်းလှမ်း ကန်လို့ ချုံထဲကနေ ဘော်လုံးကို မနဲ ပြန်ပြန် ရှာနေရတယ်။

အဲဒီအချိန်မှာ မိုးက ပိုသည်း လာတော့ ဘော်လုံးကန်ရတာ သိပ်မမောတော့ဘူး။ ဘော်လုံးသမားတွေ အမောပြေသွားပေမယ့် ကွင်းက ချောလာတော့ ကန်ရတာ နဲနဲခက် လာတယ်။ ဂိုရွှေ ဂိုးကိုက် ထဲမှာလဲ ရေကဝပ် လာသည်။ နှစ်ဘက်အသင်း ဘော်လုံးသမားတွေလဲ မိုးရေထဲ ရွှံ့ရေထဲမှာ အနိုင်ရဖို့ အတွက် ကြိုးစားနေရင်း လုံးထွေး နေကြတာပေါ့။ အဲဒီအချိန်မှာ ကျွန်တော်တို့ ဘက်က သူတို့ အသင်းဘက်ကို ထိုးဖောက်လာရင်း သူတို့ ဂိုးကိုက် စည်းထဲကို ရောက်လာတဲ့ ဘော်လုံးကို သူတို့ နောက်တန်းက နေထွန်းနဲ့ ကိုဟိန်းတို့ တွန်းထိုး ယှဉ်လုကြရင်း စင်ထွက်လာတဲ့ ဘော်လုံးက ခြောက်ကိုက်ထိပ်မှာ အသင့် နေရာယူ ထားတဲ့ ကျွန်တော့်ရှေ့ကို တည့်တည့် ကျလာသည်။ ကျွန်တော်ကလဲ ကျလာတဲ့ ဘော်လုံးကို နန်းစတော့ တန်းပြီး ကျုံးကန်တာ ဖြစ်ချင်တော့ အောက်ကနေ ကျုံးကန်တာ ဆိုတော့ ရွှံ့ဗွက်ကို ကန်မိပြီးတော့ ဘော်လုံးက အဲဒီ နေရာကိုပဲ ပြန်ကျတယ်။ ဒါပေမယ့် ကျွန်တော် ကန်လိုက်တဲ့ ရွှံ့ရေတွေက ဘော်လုံး ဖမ်းဖို့ ပြေးလာတဲ့ နွားကြီးမျက်နှာကို စင်ကုန်တော့ ရွှံ့တွေက မျက်စိတွေထဲ ဝင်ကုန်တယ်။ အဲဒီတော့မှ ကျွန်တော်က ဖမ်းမဲ့သူ မရှိတဲ့ ဂိုးထဲ ဘော်လုံးကို အသာလေး ကန်သွင်းပြီး အောင်ပွဲ ခံပစ်လိုက်သည်။ နွားကြီးကတော့ မျက်နှာကို လက်နဲ့ အုပ်ပြီး ဗွက်ထဲမှာ လူးနေတာပဲ။ ကျွန်တော်လဲ တမင်လုပ်တာ မဟုတ်တော့ ဘာမှ မတတ်နိုင်ဘူး။

ဒီလိုနဲ့ ကျွန်တော်တို့ ဘက်က ဦးဆောင်ဂိုး တစ်ဂိုး ရလိုက်သည်။ သူတို့ ဘက်ကလဲ တစ်ဂိုးပေးလိုက်တဲ့ အတွက် ကျွန်တော်တို့ ဘက်ကို အတင်းပြန် ထိုးဖောက် တိုက်စစ်ဆင် လာကြသည်။ ရေနွေးတို့ နောက်တန်း လူတွေကလဲ ကျောက်ဆောင် ကြီးတွေလို ကြံ့ကြံ့ခံ ခုခံ ကာကွယ်လို့ ပေ့ါ။ သူတို့ ဘက်က တိုက်စစ်ဆင် ထိုးဖောက်လာရင်း ထောင့်ကန်ဘော ကန်ခွင့် ရသည်။ ရေနွေးကလဲ သူတို့ ဘက်က အရပ်အမောင်း ကောင်းကောင်းနဲ့ ခေါင်းတိုက် ဂိုးသွင်းနိုင်ချေ ရှိတဲ့ ဖြိုးကြီးကို အသေကပ် ထားတာပေ့ါ။ အဲဒီလို သူတို့ တွန်းထိုးနေကြတုန်း အဲဒ ကန်တင် လိုက်တဲ့ ဘော်လုံးက ဖြိုးကြီး ခေါင်းပေါ် တည့်တည့် ကျပြီး ဖြိုးကြီး ခေါင်းတိုက်ပြီး ဂိုးသွင်းလိုက်တာ ဂိုးထဲ ဝင်သွား ပါလေရော- ဖြိုးကြီးလဲ ဝမ်းသာအားရနဲ့ -

*ဂိုး:::::::::: ဂိုး:::::::::::*

ဆိုအော်ပြီး အလံတိုင် ထောင့်ကို ပြေးသွားရင်း တခါတည်း ချုံပုတ်ထဲထိ ပြေးဝင်သွားသည်။ ကျွန်တော်တို့ လဲ ဒီကောင် ဘာဖြစ်ပါလိမ့်လို့ တွေးနေတုန်း ချုံထဲက ဖြိုးကြီး ခေါင်းလေး ပြူထွက်လာပြီး

*ဘောင်းဘီ ဘောင်းဘီ ကျွတ်ကျန်ခဲ့ပြီ*

လို့ အော်တယ်။ ဩော်… အဲဒီတော့မှ တွန်းရင်းထိုးရင်း ဆွဲရင်း ဘောင်းဘီ အောက်လျှောကျ နေတာကို ဂိုးသွင်းပြီး ဝမ်းသာအားရ ပြေးရင်း ခြေထောက်နဲ့ ခတ်ထုတ်ခဲ့တာ ကျွတ်ကျန်ခဲ့တာလေ။ ဟင်း… ကံကောင်းလို့ ဘယ်သူမှ မမြင်လိုက်လို့ တော်သေးသည်။

ဒီလိုနဲ့ နှစ်ဂိုးစီ သရေကျ သွားတော့ အနိုင်ရချင်ဇောနဲ့ ကန်ကြတာ ပွဲက ပိုမြန်ပိုကြမ်း လာသည်။ ဒုတိယပိုင်း ပြီးဖို့ ကလဲ သိပ်မလိုတော့ဘူး ဆိုတော့ အနိုင်ရဖို့ နှစ်သင်းစလုံးက အသဲအသန် ကန်လာကြသည်။ ဘော်လုံးကလဲ ဟိုဘက်ဂိုးနား ရောက်သွားလိုက် ဒီဘက်ဂိုးနား ရောက်လာ လိုက်နဲ့ ပွတ်သီ ကာသီလေးတွေနဲ့ ရင်တဖိုဖို ဖြစ်နေကြတာပေ့ါ။ ဒီလိုနဲ့ ပွဲပြီးခါနီး အချိန်လေးမှာ ပုံမှန်တို့ ဂိုးရဖို့ အတင်းကြိုးစားလာသည်။ ဘော်လုံးက သူ့ ခြေထဲမှာ အနေများလာသည်။ နောက်ဆုံး မီးစာ ထတောက်တယ်ပဲ ပြောရမလားပဲ ပုံမှန်တစ်ယောက် လက်ကျန် ရှိသမျှ အားလေးထုတ်ပြီး တဘက် ကစားသမား သုံးယောက်ကို လိမ်ပြီး ကျွန်တော့်ကို ထိုးပေးလိုက်တဲ့ ဘော်လုံးကို ဖမ်းပြီး ကျွန်တော်ကလဲ တဘက်အသင်း ၁၈ကိုက်ထဲ အတင်း ဆွဲပြေးဝင်ပြီး ကန်မယ်လုပ်တော့ အရှိန်လွန်သွားလို့ တချက် ပြန်ခေါက်ပြီး အလိုက်သင့် ပြေးဝင်လာတဲ့ ကိုဟိန်းဆီကို အနေတော်လေး

လိုမ့်ပေး လိုက်တော့ ကိုဟိန်းကလဲ အပိုင်ပြေး ကန်တာပေါ့။ ကျွန်တော်က အပိုင်ဂိုးလို့ တွက်ထားပေမယ့် ဘော်လုံး ရေဗွက်ထဲ ကျတဲ့အချိန်နဲ့ ကန်တဲ့အချိန်က ကွက်တိဖြစ်ပြီး ဘော်လုံးက ထိချက် မမှန်ဘဲ ဖွတ်ဆို ဂိုးသမားဆီ အသာလေး လိမ့်သွားတော့ ကျွန်တော်လဲ တော်တော် စိတ်ဓာတ်ကျ ခေါင်းခါပြီး နောက်ပြန် လှည့်ထွက်လာတဲ့ အချိန်မှာပဲ-

*ဂိုး:::::::::::: ဂိုး:::::::::::::::*

လို့ ဝိုင်းအော်လိုက်တဲ့ အသံတွေ ကြားလို့ ကျွန်တော်လဲ အံ့ဩပြီး နောက်ကိုလှည့် ကြည့်မိတော့ ဟုတ်တယ်ဗျာ ဂိုးနိုင်စရာ အခြေအနေ လုံးဝမရှိတဲ့ ဘော်လုံးက ဂိုးထဲရောက်နေပြီ။ ဖြစ်ပုံက ကိုဟိန်း ကန်လိုက်တဲ့ ဘော်လုံးက ပျော့ပျော့လေး သွားတာ ဂိုးသမား နွားကြီး ဖမ်းတာကလဲ အမှန်ပဲ။ ဒါပေမယ့် နွားကြီးက ဘော်လုံးကို ဖမ်းပြီးတဲ့နောက် ပဲများပြီး မြေကြီးပေါ်မှာ နစ်ပတ်လောက် လှမ့်လိုက်တာ လူက ဘော်လုံး ပိုက်ရင်း တန်းလန်းကြီး ဂိုးထဲ ဝင်သွားလို့ ဂိုးသွားပါလေ ရောလား။ ဒီတော့ ကျွန်တော်လဲ -

*ဂိုး:::::::::::: ဂိုး:::::::::::::::*

ဆို အော်ပြီး အော်ဟစ် အောင်ပွဲခံနေ လိုက်သည်။ ဟုတ်တယ် ဒါပွဲသိမ်း ဂိုးပဲလေ။ ဒီဂိုးလဲ ပြီးရော ပွဲလဲ ပြီးတာပဲ နောက်ဆုံးမှာ ကျွန်တော်တို့ အသင်းက သူတို့ အသင်းကို ၃ဂိုး ၂ဂိုးနဲ့ နိုင်လိုက်တာပေါ့။ ကျွန်တော်တို့ အနိုင်ဂိုးကို လက်ဆောင် ပေးလိုက် တာကတော့ နွားကြီးပဲပေါ့။

*ကျေးဇူးပဲ နွားကြီးရေ*

.....................................ဣဣဣ..........................................

# အာလုံးပျော်ဖို့ နင်ငိုပေးပါ



ကျွန်တော့်ပုံပါ. သူ့မျက်ရည်ထဲ ခိုဝင်တာပါ...

ပျင်းရိညီးငွေ့ဖွယ်ကောင်းတဲ့ နေ့ တစ်နေ့ မှာ သူရိန်နေမင်း အားကိုးနဲ့ အခန်းအောင်း ချွေးထုတ်နေရင်း သူ့ ကို မကြာမကြာ မော့ကြည့်မိသည်။ ကြည်လင် ရှင်းသန့်နေတဲ့ သူ့မျက်နှာကတော့ မနာလိုချင်စရာ ကောင်းလောက်အောင်ကို ကျက်သရေရှိရှိ လှပနေသည်။ ကျွန်တော် တော်တော် စိတ်ပျက် သွားမိတယ်။ တကယ်ဆို သူ ငိုနေသင့်သည်။ ဘာကြောင့်လဲဆိုတော့ သူငိုနေရင် ကျွန်တော် ပျော်တယ်၊ စိတ်ချမ်းသာသည်။ ဒါကြောင့် သူ့ကို ကျွန်တော်ကငိုစေချင်တာ။ သူကတော့ တည်တည်ငြိမ်ငြိမ်နဲ့ ကျက်သရေရှိရှိ အစွမ်းကုန် လှပနေတော့ စိတ်ပုပ်တယ် ပြောပြော ကျွန်တော်တောင် ငိုချင် သွားမိသည်။ ဒါပေမယ့် ကျွန်တော် ဘာများ တတ်နိုင်မှာလဲ၊ သူမှ မငိုချင်တာ၊ ကျွန်တော်မှ မဟုတ်ဘူး ဘယ်သူမှလဲ မတတ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ဘယ်သူမှ control လုပ်လို့ မရဘူးလေ။ ဟိုတိုင် ဒီတိုင် တိုင်ရအောင်ကလဲ သူ့မှာ အုပ်ထိန်းသူကမရှိဘူး။ သူကလဲ သူလုပ်ချင်ရာ လုပ်ဖို့အတွက် ဆိုရင် ဘယ်သူ ဘာပြောပြော ဂရုစိုက်တာ မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော် သူ့ကို ချစ်တယ်။ သူကတော့ ကျွန်တော့်အပေါ်မှာ ပုံမှန်ပဲလို့ ပြောရမှာထက် ရှိမှန်းတောင် မသိလောက်ဘူး။ ဘာဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကို ချစ်တယ်။ ဒါကြောင့် သူ့ကို ငိုစေချင်တယ်။ ဒါပေမယ့် သူကတော့.......

ဒီလိုနဲ့ ကျွန်တော်လဲ တစ်ယောက်တည်း ချွေးဆက်ထုတ် နေတုန်း သူက ကျွန်တော့်ကို လေနအေးလေးနဲ့ လာချော့သည်။ သူ့အရိပ်အငွေ့ သူ့အငွေ့အသက်တွေ ပျော်ဝင် စီးဆင်းနေတဲ့ လေနအေးလေးပေါ့။ ကျွန်တော့် ရင်ထဲ လှိုက်ခနဲ အံ့သြဝမ်းသာ သွားတယ်။ ဒါနဲ့ သူ့ကို မော့ကြည့်မိတော့ ကြည်လင် ရှင်းသန့်နေတဲ့ သူ့မျက်နှာက ရုတ်ချည်း ညိုမှောင် လာတာ တွေ့ရသည်။ ကျွန်တော်လေ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ ဝမ်းသာလွန်းလို့ ထခုန်မိ မတတ်ပါဘဲ။ ကြည့်နေဆဲမှာပဲ သူ့မျက်နှာက တဖြည်းဖြည်း မဲ့လာပြီး ရှိုက်ကြီးတငင် အော်ဟစ်လို့ ငိုပါတော့သည်။ မငိုဘူး… မငိုဘူး…နဲ့ သူတကယ် ငိုတော့လဲ နင့်နင့်သည်းသည်း ငိုတာပါ။

ကျွန်တော်လဲ ဝမ်းသာအားရ အိမ်ရှေ့လမ်းမကြီးပေါ် ပြေးထွက် သူ့မျက်ရည်တွေထဲ ခိုဝင်မိတဲ့ ခဏ၊ ကျွန်တော့် တကိုယ်လုံး အေးမြ လန်းဆန်းပြီး ပေ့ါပါးသွားသည်။ ပတ်ဝန်းကျင်ကို သတိထား ကြည့်မိတော့ လူတွေ လူတွေ အပျော်တွေ စီးဝင်နေတဲ့ မျက်နှာတွေနဲ့ အော်ဟစ် ကခုန်လို့၊ တချို့လဲ ပါးစပ်က မိုးရွာပြီ… မိုးရွာပြီ… အော်ဟစ်လို့၊ သြော်…. သူတို့တွေလဲ ကျွန်တော့်လိုပဲ သူ့ကို မျှော်နေကြတာပဲ။ အခုတော့ အားလုံး အတွက် အားလုံး ပျော်ဖို့အတွက် သူငိုပြီ… မိုးရွာပြီ… မိုးတွေ ရွာနေ ပြီလေ။ ကျွန်တော် သူ့ ကိုချစ်သလို အားလုံးကလဲ သူ့ကို ချစ်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့ အားလုံး သူ့ ကို အချိန် မှန်မှန် ငိုစေချင် ကြသည်။ ဒါကြောင့် အားလုံး ပျော်ဖို့ အတွက် အချန်မှန် နင်ငိုပါလေ…

မိုး… လာပြီ

မှတ်သုံကိုစီး

ဝုန်းဒိုင်းကြဲပြီး

ငိုကြီးချက်မ

မိုး… ရောက်လာပြီ ။ ။

နင်… လာခဲ့စမ်း

လူသားတွေ

သစ်တောတွေ

စိုက်ခင်းတွေ

ပင်လယ်တွေ

အားလုံး…အားလုံး

စောင့်မျှော်ခြင်းတွေ

အဆုံးသတ်ဖို့

ဒီရင်ခွင်ထဲ

ခုန်ဆင်းခဲ့စမ်း…။ ။

………………………………ဣဣဣ………………………………………..

# စင်ကာပူမြေပေါ်မှ အလွဲများ ( ၁ )



တစ်နေ့ ကျွန်တော်တို့ သူငယ်ချင်းတစ်စု မွေးရပ်မြေ မြန်မာနိုင်ငံကို ခွင့်ဖြင့် အလည်ပြန်သွားရာမှ ပြန်လာသော ကျွန်တော်တို့ ၏ ဘော်ဘော်ကြီး ညိုကြီးကိုကြီးအား လေယာဉ်ကွင်းမှ ကြိုပြီး အပြန် Boon Lay မြို့ ရှိ Kopitiam တွင် သောက်ရင်းစားရင်း မွေးရပ်မြေသတင်းများကို ညိုကြီးကိုကြီး အားဝိုင်း၍ မေးမြန်းကြသည်။ မေးသာမေးရသည် သိပ်တော့အားမရ ဒီလူက စင်ကာပူတွင်သာ ခြေတိုအောင် လျှောက်သွားနေသော်လဲ ဆင်တဲ သို့ ပြန်ရောက်လျှင် အိမ်ထဲက အိမ်ပြင် သိပ်ထွက်ရသည် မဟုတ်။ညိုကြီးကိုကြီး ကလဲ ပြောဘူးသည်။ငါအိမ်ပြန် ရောက်ရင် ဘယ်ကိုမှ မသွား ချင်ဘူး။ 'ဘာကုန်း' တွေနဲ့ လွတ်လွတ် ကင်းကင်း နေချင်တယ်။ အိမ်ပြင် ထွက်ဖို့ ခြေလှမ်းပြင်တာနဲ့ ဒါက ဘယ်လဲ.. ဘာကြောင့်သွား...ဘယ်သူနဲ့ ...ဘယ်လောက်ကြာလို့ ... ဘယ်အချိန်... ဆိုတဲ့ အမေး တွေကို ပြန်မဖြေချင်ဘူး လို့ ပြောဘူးတယ်။

ဒါနဲ့ ညိုကြီးကိုကြီး ဆိုတဲ့ အခေါ်အပြောကြောင့် စာဖတ် ပရိသတ်ကြီး အမြင်နဲနဲ ဆန်းနေမလားပဲ။ သူ့ ကို ဘာကြောင့် ညိုကြီးကိုကြီးလို့ ခေါ်ရသည့် အကြောင်းကို နဲနဲရှင်းပြ လိုသည်။ ဘာကြောင့် ဒီလို ခေါ်ရလဲ ဆိုလျှင် သူ့ တွင်ညီမတစ်ယောက် ရှိပြီး သူ့ ကို ကိုကြီးဟု ခေါ်သည်။ ဒါဆို စာဖတ်ပရိသတ်ကြီး ဘာကြောင့် ညိုကြီးကိုကြီး ခေါ်ရလဲဆိုတာ သိလောက် ရောပေါ့။ ကျွန်တော်တို့ ကတော့ ဘာလုပ်လုပ် ပြတ်ပြတ်သားသား လုပ်သည်။ အခေါ်အပြော ကအစ ပြတ်ပြတ်သားသားပဲ ကိုယ့်ဘက် ကတော့ လုံးဝအနာ မခံနိုင်။ ဥပမာ။ ။

ကျွန်တော်က ပေါ့ဆိမ့်၊ ကျဆိမ့်၊ ရေနွေးကြမ်း တို့ ကိုဆိုရင် ယောက်ဖလို့ သူလိုလို ကိုယ်လိုလို အထင်မှားစေမည့် စကားမျိုးကို ဘယ်တော့မှ မသုံးဘူး။ ပတ်ဝန်းကျင်က ကြားလို့ သူပေးထား သလိုလို ကိုယ်ပေးထား သလိုလို အထင်ခံ ရမှာ ကြောက်သည်။ ဒါကြောင့် ငါ့ ရည်းစားအစ်ကို (သို့ ) ချစ်သူ့ အစ်ကို စသဖြင့် တိကျ သေချာတဲ့ အသုံးအနှုန်းကို သုံးသည်။ ချိုကျ ကိုတော့ ဒီလို မခေါ်ဖြစ်တာ ကြာပြီ (ရှိမှ မရှိတော့တာ၊ ရှိတာလေးက ပါသွားပြီ )၊ ကျွန်တော့် သူငယ်ချင်းကြီး ပုံမှန်ကို ကျတော့ သူလို ကိုယ်လိုလူ ဆိုတော့ ဘယ်လိုမှ မခေါ်ဘူး။ သူက တစ်ကောင်ကြွက် (ကြွက်စုတ်) အကြွေးတွေ အမြဲ ဝိုင်းနေတယ် ဆိုတဲ့ သူ့ ပို စ့်တွေ ဖတ်ပြီး ပြောရတာ။ ဒါတွေက ထားပါ စကားတွေက ဟိုပြောဒီပြော ဟိုရောက်ဒီရောက်နဲ့ ဘေးချော်ကုန်ပြီ။

ဖြစ်ပုံက ဒီလို ကျွန်တော်တို့ တွေ စားသောက်နေတုန်း ကျွန်တော့်တို့ ညိုကြီးကိုကြီးက မပြောမဆိုနဲ့ တစ်ယောက်တည်း တခွိခွိနဲ့ ထရီတယ်ဗျ။ အားလုံးလဲ လန့် သွားကြတာပေ့ါ- ဟ...ညိုကြီး ဘာဖြစ်တာလဲ ဝေါက်သွား တာလား... ဆေးမသောက်ခဲ့ရဘူးလား.. လှူပ်မသောက်ခဲ့လို့ လား...ဝက်ရူးပြန်သွားတာလား... စသဖြင့် စိုးရိမ်တကြီး တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြသည် (ဟဲ.. ဟဲ.. အဲဒီလို စိုးရိမ်တာလေ)။ ညိုကြီးကိုကြီးက- နေကြပါဦးကွာ ... နေကြပါဦး... မင်းတို့ ကလဲ ငါ့ကို ဆိုရင် ဝိုင်းဆော် ကြဖို့ ... ပဲသိတယ် ငါက လေယောဉ်ကွင်းမှာ ကြုံခဲ့ရတဲ့ အကြောင်းလေးကို ပြန်စဉ်းစား မိလို့ တစ်ယောက်တည်း ပြုံးမိ တာပါ။ မင်းတို့ ကလဲ...ဝိုင်းဆော်မယ် ဆိုတာကြီးပဲ။ ဒါကတော့ ကိုယ့်ဘာသာ အနေအထိုင် ဆင်ခြင်လေဗျာ။ ပြောစရာ ရှိတာတော့ ပြောရ မှာပေ့ါ...ဟဲ ...ဟဲ... ဒါနဲ့ လေယောဉ်ကွင်းမှာ ဘာတွေတွေ့ လာလို့ တစ်ယောက်တည်း ထရီနေရတာလဲ ရီစရာ လေးတွေ ရှိရင်လဲ မျှဦးလေ.. အားလုံးကိုလဲ ပြန်ဝေမျှ ရအောင်လို့ ကျွန်တော်က ဝင်ပြောတော့။

အေး.. ဒီလိုကွ ဟကောင်တွေရ ငါဒီဘက် changi airport မှာ custom ဖြတ်တော့ ငါ့အရှေ့မှာ ဒီကို visit နဲ့ လာတဲ့ မြန်မာအမျိုးသမီး တစ်ယောက်ကွာ သူက PR ထောက်ခံစာနဲ့ လာတာ။ show money တွေ ဘာတွေ ပြစရာမလိုဘူးလို့ သူ့ ယောက်ကျားကလဲ သေချာ မှာထားမှာပေ့ါ။ အဲဒါကို custom အရာရှိက လိုအပ် တာတွေ အားလုံး စစ်ဆေးပြီး သွားတော့ ဘာရယ် မဟုတ်ဘူး မင်းဒီကို အလည်လာတာ ပိုက်ဆံ ဘယ်လောက်ပါလဲလို့ အမျိုးသမီးကို မေးမိတယ်။ အမျိုးသမီးက စင်ကာပူ ဒေါ်လာ 100 ပါတယ်လို့ ပြောတယ်။ မင်းဒီပိုက်ဆံ 100 နဲ့ ဘယ်လို သုံးမလဲလို့ custom အရာရှိက မေးတော့။

အမျိုးသမီး နည်းနည်း ဒေါ်ပွသွားတယ်။ show money ပြစရာ မလိုဘူးလို့ သူကသိထား တာကိုး။ သူတွေးမိတာက ဒီ castan အရာရှိတော့ သူ့ကို ရစ်နေပြီပေါ့။ မြန်မာပြည်က လာတဲ့လူဆိုတော့ မြန်မာပြည် အတွေးနဲ့ တွေး လိုက်တာပေါ့။ ဒီမှာက မင်းတို့လဲ သိတဲ့ အတိုင်းပဲလေ သူ့အလုပ်သူ လုပ်ကြတာ။ ဒါပေမယ့် သူ့ကိုရစ်တယ်လို့ ထင်သွားတဲ့ အမျိုးသမီးက ဒေါ်ပွသွားပြီး မျက်နှာထား တင်းတင်းနဲ့ custom အရာရှိကို ပြန်ပြော လိုက်တော့ custom အရာရှိလဲ ပြုံးစိစိနဲ့ အမျိုးသမီးကို သွားလို့ရပြီ လို့ ပြောလိုက်တယ်။ ငါလဲ နောက်ကနေ မရီဖြစ်အောင် မနည်းထိန်းထား ရတယ်။ အဲဒီအကြောင်းကို စဉ်းစားမိလို့ပြုံးမိတာပါကွာ…မင်းတို့ကလဲ… ညီကြီးကိုကြီး ပြောမှ အားလုံးလဲ စိတ်ဝင်စား သွားပြီး၊ ဒါဆိုလဲ အမျိုးသမီး ဘာပြောလိုက်လဲ ဆိုတာ ပြောပြဦးလေဗျာ။အဲဒီတော့မှ ညီကြီးကိုကြီးက ဦးကျောက်လုံး အိုက်တင်(ကြာကူလီ အိုက်တင်) နဲ့ အင်း…. အမျိုးသမီးက custom အရာရှိကို ဘာပြောလိုက်လဲ ဆိုတော့- This is not your hot. This is my hot. တဲ့ တစ်ဝိုင်းလုံး ခဏငြိမ်သွားတယ်။ ပြီးမှ အားလုံး ဝိုင်းရီလိုက်ကြတာ ဘေးဝိုင်းက တရုတ်တွေတောင် ဘာဖြစ်တာလဲ ဆိုပြီး လှည့်ကြည့်ကြတယ်။

ခဏနေမှ ကျွန်တော်က အရီ ရပ်ရင်း ဟုတ်တယ်… ဟုတ်တယ်… ကျွန်တော်လဲ ကြုံဘူးတယ်။ အရင်က ကျွန်တော်နဲ့ အတူတူနေတဲ့ အခန်းဖော် တစ်ယောက် ရှိတယ်။ တစ်နေ့ မှတ်မှတ်ရရ အဲဒီနေ့က ကျွန်တော် night shift ကပြန်လာပြီး စားသောက် vedio ကြည့်ပြီး 10:00 နာရီ ထိုးခါနီး အိပ်မယ်လုပ်တော့ ကျွန်တော့် အခန်းဖော်က 2nd shift ကို OT ဆင်းဖို့ 11:00 နာရီ ဝင်ရမှာ ဆိုတော့ နိုးလားတယ်။ ဒါပေမယ့် မိုးက အရမ်းရွာ နေတော့ သူအလုပ်သွားဖို့က အဆင်မပြေဘူး ဖြစ်နေတယ်။ သွားဖို့အဆင်မပြေရင်လဲ မင်း supervisor ကို ဖုန်းဆက်ပြီး မိုးတွေ အရမ်းရွာနေလို့ OT မလာတော့ဘူးလို့ ပြောလိုက်ပေါ့လို့ ကျွန်တော်လဲ သူ့ကိုပြောပြီး အိပ်ဖို့ လုပ်တယ်။ သူလဲ ဟိုလုပ်ဒီလုပ်နဲ့ ကျွန်တော် အိပ်မပျော် တပျော် အချိန် လောက်မှာ သူ့ supervisor ဆီကို ဖုန်းဆက် ပြောသံကြားတယ်။ သူက ဘာပြောလဲ ဆိုတော့ – Now very very rainning. ငါလာလို့မရဘူး …တဲ့ ကျွန်တော်လဲ ပထမ ကိုယ့်ကိုယ်ကို အိပ်ချင်မူးတူး ဖြစ်နေတယ်ထင်တာ။ မဟုတ်ဘူးဗျာ သူက တကယ်ပြောနေတာ ဟိုဘက်က သူပြောတာကို နားမလည်တော့ သူကတောင် စိတ်ဆိုးပြီး Now very very rainning. ငါလာလို့မရဘူး လို့ ဒေါ်သသံနဲ့ နောက်ထပ် အော်ပြော နေသေးတယ်။

ကြားထဲက ကျွန်တော်က မနေနိုင်လို့ မင်း မြန်မာလို ထည့်ပြောတော့ မင်း supervisor က မြန်မာလို နားလည်လို့ လားလို့ မေးမှ No,No, Now very rainning, I can't come. ဖြစ်တာ။ ကျွန်တော်သာ ဝင်မပြောလို့ ကတော့ သူနဲ့ သူ့ supervisor မုန့် လုံး စက္ကူကပ်သလို ဖြစ်နေတော့မှာ။

ဟုတ်တယ်ဗျ။ အဲဒါမျိုးတွေက ရှိတယ်။ ကျွန်တော်လဲ ကြုံဘူးတယ် ဟု ချိုကျကလဲ သူ့ အတွေ့ အကြုံကို ဝင်ပြောသည်။ ကျွန်တော်တို့ ဒီကို လာတော့ အီးလို လုံးဝ မတတ်တဲ့ လူတစ်ယောက် ပါလာတယ်။ တစ်နေ့ ထမင်းစားနားချိန် အားလုံး ကန်တင်းမှာ ထမင်းစား နားနေတုန်း သူက စက်ရုံကို အရင် ပြန်သွားတယ်။ အဲဒီ အချိန် delivery ကပစ္စည်းလာပို့ တယ်။ စက်ရုံမှာကလဲ သူကလွဲလို့ ဘယ်သူမှ မရှိဘူး။ ပစ္စည်းထား ရမဲ့နေရာကိုတော့ သူသိတယ်။ ဒါပေမယ် ဘယ်လို ပြောရမလဲ သူမသိဘူး ဖြစ်နေတယ်။ နောက်ဆုံး သူလဲ ကြံရာ မရတဲ့ အဆုံး delivery ကိုကြည့်၊ ပစ္စည်းကို လက်ညှိုးထိုး၊ ထားရမဲ့ နေရာကို လက်ညှိုးထိုးပြီး ပါးစပ်က This one ဟိုဘက်၊ This one ဒီဘက် လို့ ပြော လိုက်တယ်။ delivery ကလဲ နားလည် တယ်ဗျာ။ သူပြောတဲ့ နေရာမှာ ထားပြီး ပြန်သွားတယ်။ ဟဲ... ဟဲ... ဒီလောက်တော့ သူက ဖြစ်တယ် လို့ ချိုကျက ပြောတော့ အားလုံး ဝိုင်းရီကြပြီး this one ဟိုဘက် this one ဒီဘက် တွေ ဖြစ်ကုန် ကြတယ်။

ခဏနေမှ ကျွန်တော်က မျက်နှာပိုး သပ်ရင်း – ဟုတ်တယ် ဒီမှာကတော့ အင်္ဂလိပ်လို တစ်လုံးမှ မတတ်တဲ့သူတွေ ပါသလို၊ တချို့ ကလဲ ကျွမ်းကျွမ်း ကျင်ကျင်ကို ပြောနိုင် ကြတယ်။ အဲ... တချို့ ကြတော့လဲ အင်္ဂလိပ်လို နားလည်တယ် ပြောလဲ ပြောနိုင်တယ်။ ဒါပေမယ့် သုံးနေကြ မဟုတ်တော့ အဆင်မပြေ တာလေးတွေ ရှိတယ်။ ကျွန်တော်တို့ စက်ရုံက တစ်ယောက် ဆိုရင် ဘွဲ့ ရ ပညာတတ် တစ်ယောက် ပါပဲ။ ဒါပေမယ့် အင်္ဂလိပ် စကားကို ပြောလေ့ပြောထ မရှိတော့ ဒီကို ရောက်စမှာ အခက်အခဲတွေ ရှိတယ်။ တစ်ရက် သူနဲ့ သူ့ supervisor ဖုန်းပြောတော့ tea-break နားချိန်ဆိုတော့ ကျွန်တော်တို့ တွေ အားလုံး ဘေးနားမှာ ရှိနေကြတယ်။ သူ့ ဖုန်းကလဲ speaker မကောင်းလို့ speaker on ပြီး ပြောရတာ ဒီတော့ သူပြောတာကိုရော ဟိုဘက်က ပြောတာ ကိုရော ကျွန်တော်တို့ တွေက အတိုင်းသား ကြားနေရတယ်။ ဟိုဘက်က မင်းအခု 2nd shift မှာ ဘယ်သူတွေနဲ့ အတူတူလဲ night shift ကရော ဘယ်သူတွေ လဲလို့ မေးတယ်။ သူက ဘာပြန်ပြောလဲ ဆိုတော့- အင်း... now 2nd shift က i နဲ့ two malaysia guy လေ။ နောက် night shift က two china guy နဲ့ one malaysia guy လေ လို့ သူက ပြန်ပြောတော့ ကျွန်တော်တို့ တွေက ဝိုင်းရီကြတာပေါ့။

အံမယ် အဲဒီလို ရှိတော့ သူက စိတ်ဆိုး သေးတယ်ဗျ။ ဒီမှာ ကတော့ ဒီလို အလွဲလေးတွေ မကြာမကြာ ကြုံနေရတာ ပါပဲ။

တစ်ခါကလဲ ကျွန်တော်နဲ့ ကျွန်တော့် သူငယ်ချင်း တစ်ယောက် ဖုန်းပြော နေကြတာ သူက MRT ရထားစီးရင်း ပြောနေတာ အဲဒီ အချိန်မှာပဲ ဘေးက လူတစ်ယောက်က JURONG EAST ကိုဘယ်လို သွားရ မလဲလို့ မေးသံကို ဒီဘက်က ကြားရတယ်။ သူကလဲ ဖုန်းပြောနေရင်း ပြန်ပြောလိုက်တာက next four ဘူတာ တဲ့ ကျွန်တော်က ဟော့ကောင်လို့ ဒီဘက်က အော်မှ next four station လို့ ပြန်ပြောသံ ကြားရတယ်။ သူလဲ ကျွန်တော်နဲ့ ဖုန်းပြောရင်း ယောင်သွားတာလေ။ တခါကလဲ စက်ရုံမှာ ကျွန်တော်နဲ့ ကျွန်တော့် သူငယ်ချင်း တစ်ယောက်နဲ့ စင်ကာပူ တရုတ် တစ်ယောက် နားချိန် ထိုင်စကား ပြောနေကြရင်း တရုတ်က စင်ကာပူ တစ်ဒေါ်လာကို မြန်မာငွေ ဘယ်လောက်လဲလို့ မေးတယ်။ ကျွန်တော်က ပြန်ဖြေမယ် လုပ်တော့ သူငယ်ချင်းလုပ်သူက လက်ကာပြတယ်။ နေနေ သူပြောမယ်ပေါ့။ သူငယ်ချင်းဆိုတာက ကျွန်တော့်ရဲ့ အခန်းဖော်လေ မှတ်မိတယ် မဟုတ်လား။ သူကတော့ ထုံးစံ အတိုင်းဗျို့ ခပ်တည်တည်ပဲ ပြောချလိုက်တာ one စလုံးdollar myanmar 800 kyat တဲ့ စလုံး တရုတ်က ဆိုရင် ဟမ်... ဟမ်... ဟမ်.. ဆိုပြီး တဟမ်..ဟမ် .. နဲ့ ဗျို့ ။ စင်ကာပူ နိုင်ငံသားကို သွားပြီး one စလုံး dollar တဲ့ဗျာ.. ။ ကျွန်တော့်မှာ သူတို့ ကိုကြည့်ရင်း တဟား..ဟား... နဲ့ အူတွေကို တက်လို့ ဗျို့ ... ဟား.. ဟား... ဟား...( ဘယ်သူမှ မရှိမှာ စိုးရိမ်လို့ ကိုယ့်ဘာသာ အရင် ရီထားတာ တကယ့် အဖြစ်အပျက်လေး တွေပါ) ။

............................................ဏ္ဏာဏ္ဏာဏ္ဏာ....................................................

# စင်္ကာပူမြေပေါ်မှ အလွဲများ ( ၂ )



ညဆိုင်း အလုပ် ဆင်းရတဲ့ တစ်ရက် ကျွန်တော် မောင်းရတဲ့ စက်က ပျက်နေသောကြောင့် ပျင်းပျင်း ရှိတာနဲ့ အခန်းဖော် သူငယ်ချင်းရှိရာ ဌာန ဘက်ကို ထွက်လာ ခဲ့သည်။ သူတို့ ဌာနကို ရောက်တော့ သူ့ လုပ်ဖော် ကိုင်ဖက် တရုတ် တစ်ယောက်နဲ့ ဘာပြဿနာတွေ တက်နေသည် မသိ၊ လက်ဟန် ခြေဟန်တွေနဲ့ စကား အခြေ အတင်တွေ ဖြစ်နေဟန်ကို အဝေးမှပင် လှမ်းမြင် နေရသည်။ ကျွန်တော်လဲ ဘာတွေများ ဖြစ်သလဲလို့ စိတ်ဝင် စားစွာဖြင့် အနားကို အလျင်အမြန် သွားကြည့် မိသည်။ အနားကို ရောက်တယ် ဆိုရင်ပဲ သူငယ်ချင်း ဖြစ်သူ၏ သူ့ လုပ်ဖော် ကိုင်ဖက် တရုတ်အား ရှင်းပြနေသံ -

*Before you never talk လား၊ နောက်ကျမှ talk တော့ I don't know လား*

ဆိုသည့် အသံကို ကြားရသည်။ သူဘာ ပြောလိုက်သလဲ ဆိုတာ အမှတ်တမဲ့ ကျွန်တော်ပင် နားမလည် ဒါပေမယ့် တရုတ် ကတော့ နားလည်သည်။ သူမသိဘူး မန်နေဂျာဆီ သွားပြောဟု ပြောသည်။ ထိုအခါ သူက ဒေါသတကြီးဖြင့် you go လား ဟုပြောသည်။ တရုတ်ကလဲ you go လား ဟုပြန်ပြော သဖြင့်၊ နှစ်ယောက်သား you go၊ you go ဖြင့် မုန့် လုံး စက္ကူကပ် နေကြတာ တော်တော်ပင် ကြာသည်။

ခဏနေတော့ သူငယ်ချင်း ဖြစ်သူက တရုတ်ကို လက်ညှိုးထိုး ကိုယ့်ကိုယ်ကိုယ် လက်ညှိုးထိုးပြီး

*ok, You go၊ I go အတူတူ go လား*

ဟုပြောပြီး နှစ်ယောက်သား မန်နေဂျာဆီ အတူတူ ၅၀ သွား သဖြင့် ကျွန်တော်လဲ ကိုယ့်နေရာ ကိုယ်တစ်ယောက် တည်းပြန် ၅၀ လာခဲ့ ရသည်။ ဒီမှာ ကတော့ အင်္ဂလိပ် စကားတွေ ကတော့ ကျိုးချင် တိုင်းကျိုး ပဲ့ချင်တိုင်း ပဲ့နေတော့သည်။

တစ်ရက် ကျွန်တော်တို့ ထမင်းစား နားချိန် စားသောက် ပြီးနောက် ဝိုင်းဖွဲ့ စကားပြောမိ ကြစဉ် တရုတ်တစ်ယောက်က ကျွန်တော့်အား မင်းဘာကိုးကွယ်လဲဟု မေးသည်။ ကျွန်တော်က Buddhist ဟု ပြန်ပြောရာ တရုတ်က ငါလဲ Buddhist ပဲ တို့ နှစ်ယောက် ကိုးကွယ်တဲ့ ဘာသာ အတူတူ ပဲလို့ ပြန်ပြောသည်။ အဲဒီ အချိန်မှာပဲ အားလုံး သိတဲ့ အတိုင်းပဲ ကျွန်တော့်ရဲ့ သူငယ်ချင်း ဖြစ်သူက တရုတ်ကို ဝင်ပြောသည်။

*no…no….,we are ထေရဝါဒ . you are မဟာယာန no same ဟု*

ဝင်ပြောရာ တရုတ်က တဟင်… ဟင်နဲ့ ဘာပြောတာလဲ ဘာပြောတာလဲ ဟုသာ ပြန်မေး နေသဖြင့် ကျွန်တော်က ဘာမှ မဟုတ်ပါဘူး ဟုပြန်ပြော လိုက်ရသည်။ ကျွန်တော်လဲ သူတို့ ဆီမှာ ထေရဝါဒနဲ့ မဟာယာန ရှိမရှိ သေချာမသိ ထို့ကြောင့် သေချာ ရှင်းမပြ နိုင်သောကြောင့် ဘာမှ မဟုတ်ဘူး လို့ သာ ပြန်ပြော လိုက်ရသည်။

တစ်ရက် ကျွန်တော် ညဆိုင်း ဆင်းပြီး ပြန်လာတော့ ဘက်စ်ကား ပေါ်မှာ မနက် အစောကြီးမို့ လူတစ်ယောက်မှ ပါမလာ သေးဘူး။ ကျွန်တော် ကတော့ ခပ်တည်တည်ပဲ စီးလာ ခဲ့တာပေ့ါ မသိရင် တစ်ယောက်တည်း ကားစီးလုံးပဲ ငှားလာ သလိုလို။ ဒါနဲ့ ရှေ့မှတ်တိုင် ရောက်တော့ တရုတ်တစ်ယောက် ကုလား တစ်ယောက် ကားပေါ် တက်လာပြီး ကျွန်တော့် နောက်ဖက် နှစ်ခုံကျော် လောက်မှ လာထိုင်တယ်။ ကျွန်တော်လဲ တစ်ညလုံး အလုပ်ဆင်း ထားတာ ဆိုတော့ ကားပေါ်မှာ ခဏ မှေးခနဲ အိပ်ပျော် သွားတယ်။ ခဏကြာတော့ ကျွန်တော့် နားထဲ စကားသံ တချို့ ကြားရတယ်။

ကြားရတဲ့ အသံက မြန်မာလို ပြောသံကို ကြားရတာ ပထမတော့ ကျွန်တော်လဲ အိပ်မက်လိုလို ဘာလိုလို ဇဝေဇဝါ ဖြစ်နေတာ နောက်မှ အိပ်မက် မဟုတ်ဘဲ တကယ် ကြားနေရမှန်း သိရတာ။ အဲဒီမှာပဲ ကျွန်တော့် ကျောထဲက နဲနဲ စိမ့်တက်လာတယ်။ အားလုံးပဲ သိတဲ့ အတိုင်း ပဲလေဗျာ ကားပေါ်တက်လာတာက တရုတ်တစ်ယောက် ကုလားတစ်ယောက် နားထဲမှာ ကြားရတာက မြန်မာ စကားသံ ကျွန်တော် နဲနဲတော့ လန့် သွားတာပေါ့။ သိတယ် မဟုတ်လား သတ္တိက အဲဒီလို ကောင်းတာ။ ဒါနဲ့ ကျွန်တော်လဲ နောက်ကို ဆက်ခနဲ လှည့်ကြည့် လိုက်တော့ တရုတ်နဲ့ ကုလားနဲ့ က မြန်မာလို အပီအပြင်ကို ငြင်းခုန် နေကြ တာဗျို့ ။ အဲဒီ တော့မှ ကျွန်တော်လဲ ဟင်းချ နိုင်တယ် မြန်မာ တရုတ်နဲ့ မြန်မာ ကုလား ဖြစ်နေ တာလေ လှည့်ကြည့်တော့ ကျွန်တော့်ကို တောင်ပြုံးပြ လိုက်သေးတယ်။

ဒီမှာကလဲ မြန်မာ လူမျိုးတွေက နေရာ အနှံ့ ရှိနေကြတာလေ။ တခါကလဲ ကျွန်တော်နဲ့ သူငယ်ချင်း နှစ်ယောက် BOONLAY ကို အလည်သွားကြတော့ MRT ရထား စီးသွား ကြတယ်။ CITY HALL MRT STATION ကိုလဲ ရောက်ရော တရုတ်မလေး တစ်ယောက် တက်လာတယ်။ ထုံးစံအတိုင်း MRT ရထားတွေက city Hall လောက် ရောက်ရင် လူတွေ ပြည့်ကြပ်ပြီး ခြေချစရာ နေရာတောင် အနိုင်နိုင်ရယ်။ ဖြစ်ချင်တော့ အဲဒီ ကောင်မလေးက ကျွန်တော့် သူငယ်ချင်းတွေ ရပ်နေတဲ့ နေရာမှာ လာရပ်တယ်။ ဟိုကောင် တွေကလဲ သိတယ် မဟုတ်လား ကောင်မလေး တစ်ယောက် အနား ရောက်လာတော့ ဝိုင်းရှိုး ကြတာပေါ့။ တစ်ယောက်က ကောင်မလေး ချစ်စရာ လေးကွ အသား အရည်လေးက ဖွေးညက်ပြီး မျက်နှာလေးက နုဖတ် နေတာပဲ။ ဟေ့ကောင်... လာမထိနဲ့ နော် ဒါငါအရင် ဦးပြီးသား ငါနဲ့ က မျက်လုံးချင်း စကားပြော ပြီးသွားပြီ။ ကောင်မလေးက ငါမှ ငါပဲတဲ့။ မရတော့ဘူး သူငယ်ချင်း ငါ့ရင်ထဲမှာ ငြိသွားပြီ ကြည့်ပါလား ငါကို မျက်လုံးလေး ကလယ် ကလယ်နဲ့ ကြည့်နေတာ။ သေချာတယ် သူငါ့ကို ချစ်နေပြီ မင်းမနှောင့်ယှက်နဲ့ တော့ စသဖြင့် တစ်ယောက်နဲ့ တစ်ယောက် အပြန် အလှန် စနောက် နေကြသည်။ ကျွန်တော် ကတော့ သူတို့ ကို အဝေးက ကြည့်ပြီး ပြုံးနေမိသည်။ ဒီလိုနဲ့ ခရီး ဆက်လာ ခဲ့ကြရာ ခဏ နေတော့ ကောင်မလေးထံ ဖုန်းလာ သဖြင့် ဖုန်းပြန် ဖြေသံကို ကြားရသည်။

*ဟဲလို... မမလား... အင်း... နောက်နစ် မှတ်တိုင် ဆိုရင် Jurong East MRT ကိုရောက်ပြီ ခဏလေး စောင့်နော် မမ*

ဟု ပြန်ဖြေပြီး ဟိုနှစ်ကောင်ကို မျက်စောင်း ဒိုင်းခနဲ လှမ်းထိုး လိုက်တော့ ကျွန်တော့် သူငယ်ချင်း နှစ်ယောက်ခမျာ ပြူးတူး ပြာတာနဲ့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး ဘုရားပွဲ တွေမှာ တိုးတဲ့ အတိုင်း လူအုပ်ထဲ အတင်း ဖြတ်တိုးပြီး အဲဒီနေရာ ကနေ အဝေးဆုံးကို တရွေ့ရွေ့ ထွက်သွား လေရဲ့ ။ ကျွန်တော့်မှာ သူတို့ ကို ကြည့်ပြီး အူတွေ တက်လို့ ။ဒီမှာ အဲဒီလို အဖြစ် အပျက်တွေ ကလဲ အများကြီးပဲ။

နောက်ဆုံး အနေနဲ့ ကျွန်တော် ပြောပြချင် တာကတော့ ကျွန်တော့် ညီကြီးကိုကြီး အကြောင်းလေးပါ။ ကျွန်တော်တို့ သူငယ်ချင်းတွေ santosa ကျွန်းကို အလည် သွားကြတော့ Boonlay MRT မှာ လူစု ကြတယ်။ လူစုနေတုန်း ညီကြီးကိုကြီး ခဏနေတော့ ပျောက်သွားတယ်။ သူကတော့ ထုံးစံ အတိုင်း လူက နေပေမယ့် ပညာက မနေ ဆိုသလိုပဲ ကောင်မလေး နှစ်ယောက် ဒုက္ခရောက်နေလို့ သွားကူညီ နေတာဗျ။ သူက အဲဒီလိုပဲ ကောင်မလေးတွေ ဒုက္ခ ရောက်နေရင် ကူညီတတ်တယ် ယောက်ကျားလေးတွေ ဆိုရင်တော့ လှည့်တောင် မကြည့်ဘူး အကူအညီ လာတောင်းမှာ စိုးလို့ ။ သူက အဲဒီလို သဘော ကောင်းတာလေ ဟဲ.. ဟဲ.. သိတယ်မလား။ နာလေ... နာ...

ဖြစ်ပုံက ဒီလို – ကောင်မလေး နှစ်ယောက် တစ်ယောက်က စင်ကာပူမှာ အလုပ် လုပ်နေတာ တစ်ယောက်က မြန်မာပြည် ကနေ စင်ကာပူမှာ အလုပ် လုပ်နေတဲ့ ကောင်မလေး ဆီကို အလည် လာတာ။ သူတို့ နှစ်ယောက် MRT စီးမယ် လုပ်တော့ ဒီမှာနေတဲ့ ကောင်မလေးက ကော့ကော့ ကော့ကော့နဲ့ ကဒ်ဖြတ်ပြီး ရှေ့ကနေ ဝင်သွားတယ်။ အဲဒီမှာ နောက်က ကောင်မလေးက ဒုက္ခရောက် တော့တာပဲ။ သူ့ မှာက MRT ကဒ် မရှိဘူးလေ။ အဲဒီတော့မှ ရှေ့က ကောင်မလေးက သူ့ အဖော်မှာ ကဒ်မပါမှန်း သတိရပြီး အဖော် ကောင်မလေးကို ဘယ်လို ဘယ်လို လုပ်ရတယ် သင်ပေး လိုက်ပြီး တစ်ခါသုံး ကဒ်ကို စက်ကနေ သွားထုတ် ခိုင်းတယ်။ အပြင်က ကောင်မလေးက စက်ကနေ ကဒ်ကို မထုတ် တတ်ဘူး ဖြစ်နေတယ်။ အထဲ ရောက်နေတဲ့ မရွှေချော ကလဲ ပိုက်ဆံ ပြားလေးဆယ် ကုန်မှာ ကြောက်ပြီး အပြင် ပြန်မထွက်ပဲ အထဲကနေ မိန်းမတို့ အိချွဲ ခုနစ်ချီ အသံနဲ့ လှမ်းလှမ်း အော်တယ်။ ဟိုကလဲ နားမလည်ဘူး။ ညီကြီးကိုကြီး အဲဒီ အသံတွေကို ကြားပြီး ကြားထဲက မနေနိုင် ဖြစ်ပြီး ကောင်မလေး တွေကို သွားကူညီတာ။

ကဒ်က ဘယ်ထုတ် ရမလဲ ပိုက်ဆံမှ ပြည့်အောင် မထည့်တာ။ ဒါနဲ့ ညီကြီးကိုကြီးက အိတ်ထဲကနေ ပြားငါးဆယ်ကြီး များတောင် စိုက်ပြီး ကောင်မလေးကို ကဒ် ထုတ်ပေး လိုက်တယ်။

ပြီးတော့မှ ညိုကြီးကိုကြီးက ကျေးဇူးတွေ အထပ်ထပ် အတင်ခံ လိုက်ရတဲ့ မျက်နှာကြီးနဲ့ ကျွန်တော်တို့ ဆီကို ပြန်ရောက် လာတယ်။ အပေါ်က အကြောင်းအရာ တွေကို အဲဒီတော့မှ ညိုကြီးကိုကြီး ပြောပြလို့ ကျွန်တော်တို့က သိရတယ်။ ကျွန်တော်တို့လဲ လူစုံတာနဲ့ station ထဲ ဝင်ပြီး MRT ပေါ် ရောက်တယ် ဆိုရင်ပဲ ရထားက စထွက်တယ်။အဲဒီအချိန်မှာပဲ စောစောက ကောင်မလေး ဖြုန်းဆို ကျွန်တော်တို့အနားရောက် လာပြီး ညိုကြီးကိုကြီးကို အိပ်ကပ်ထဲ ကငါးမူးစေ့ တစ်စေ့ ထုတ်ပြီး အတင်း လိုက်ပေး တော့တာပဲဗျို့။ ညိုကြီးကိုကြီး ကလဲ ခေါင်းတခါခါ လက်တကာကာနဲ့ အကြောက်အကန်ကို ငြင်းတယ် ကူညီတာပါ မလိုပါဘူး ဘာညာ ပြန်မယူ တော့ပါဘူး စသဖြင့် ပေါ့ဗျာ (ပြားငါးဆယ် ထဲဆိုတော့ ကူညီ နိုင်တာပေါ့) ကောင်မလေး ကလဲ မရဘူး အတင်းကို လိုက်ပေး တာဗျို့ ညိုကြီးကိုကြီး ကလဲ အတင်းငြင်းနဲ့ ရထားပေါ်မှာ တဝုန်းဝုန်းနဲ့ ရထားပေါ်က တရုတ် တွေတောင် ဘာဖြစ်တာလဲ ဆိုပြီး ဝိုင်းကြည့် ကြတယ်။ ကြည့်တာ ကြည့်တာ သူတို့တွေလဲ ဘာမှ နားမလည်ဘူး။ သူတို့မြင်တာကတော့ ကောင်မလေး တစ်ယောက် ငါးမူးစေ့ တစ်စေ့ကိုင်ပြီး ကောင်လေး တစ်ယောက်ကို အတင်း လိုက်ပေး နေတာကိုပဲ သိတယ်။ ကောင်လေးကို ကျပ်မပြည့်ဘူးလို့လဲ ထင်ချင် ထင်မှာပေါ့။ ကျွန်တော်တို့ကတော့ သူတို့ နှစ်ယောက်ကို ကြည့်ပြီး ဝိုင်းဟား ကြတာ ပေါ့ဗျာ။ ပြီးတော့ ခွင်လေး ဝင်တုန်း ညိုကြီးကိုကြီးကို ယူလိုက်ပါဗျာ ကောင်မလေး အားနာစရာ သူ့ခမျာ ခင်ဗျား ကျပ်မပြည့် ရှာဘူး ထင်လို့ ကျပ်ပြည့် သွားအောင် ငါးမူး ဖြည့်ပေး နေတဲ့ဟာကို လို့ဝင်ပြော လိုက်တော့ ညိုကြီးကိုကြီး တစ်ယောက် ငါးမူးစေ့ကို ပိုပြီး မယူရဲ ဖြစ်သွားတယ်။

အဲဒီနေ့က စပြီး ကျွန်တော်တို့အဖွဲ့ထဲမှာ ဟေ့လူ.. ဘယ်လိုလဲ ကျပ်ပြည့် သွားပြီလား။ ကောင်မလေး ငါမူးဖြည့်ပေး လိုက်တာမှ မပြည့်သေးရင်လဲ ခင်ဗျား တော်တော် လိုနေလို့ပဲ ဖြစ်ရမယ် ဆိုတဲ့ စကား သံတွေ အောက်မှာ ညိုကြီးကိုကြီး တစ်ယောက် ခေါင်းတောင် မဖော်နိုင်ဘူး။ အစား မတော်တလုတ် အသွား မတော်တော့ တစ်လှမ်း ဆိုသလိုပဲ အဲဒီနေ့က စပြီး ညိုကြီးကိုကြီး တစ်ယောက် ခေါင်းမထောင် နိုင်တော့တာ ဒီနေ့ထိဘဲ။

..........................................ဣဣဣ...........................................

# ကောင်မလေးအတွက် တကယ့် ပုံပြင်

ကောင်မလေးရေ ...

အိပ်မရတဲ့ အတွေးတွေထဲမှာ
နင့်မျက်နှာလေး ရှိတယ်
သိပ်လှတဲ့ အိပ်မက်တွေထဲမှာ
နင့်မျက်ဝန်းလေး ရှိတယ်
ဖိတ်ကျနေတဲ့ ရင်ခုန်သံတွေထဲမှာ
နင့်ရယ်သံလေး ရှိတယ်
စိတ်မချတဲ့ သောကတွေထဲမှာ
နင့်ဘဲကြီးရဲ့ လက်သီး ရှိတယ်

ကြက်သီးထလာလို့ ထပ်မစပ်တော့ဘူး သူငယ်ချင်းရယ် ...
တော်ကြာ နင့်ဘဲကြီး က ငါ့ကောင်မလေးကို မင်းက ရာရာစစ ကဗျာလှလှလေးတွေ နဲ့ လာကျူ
နေတာလား ဆိုပြီး ငါကို လိုက်ထိုး လိမ့်မယ်။ တော်ပီနော် ထပ်မစပ်တော့ဘူး ...

နင်မွေးနေ့ အတွက် ကဗျာစပ်မယ် ဆိုတော့ ငါစိတ် က ပိုငယ် သွားတယ်။ နင် နဲ့ ငါ ရှိခဲ့တဲ့
အချိန်တွေက ငယ်ဘဝလေး ထဲမှာကိုး။ ငါစိတ်တွေ ငါတို့ ငယ်ဘဝလေး ဆီရောက်သွားတယ်။
နင်ကလည်း ငယ်ငယ်လေး ငါကလည်း ငယ်ငယ်လေးပေါ့။ သတိရတယ် သူငယ်ချင်းရယ်။ ခု နင်က
ငါမျက်လုံးထဲမှာ ကလေးလေးပဲ။ နင်ခေါင်းပေါ်မှာ လည်း နင်သိပ်ကြိုက်တဲ့ ဘီးကုတ်အဝါလေး ပါ
ကုတ်ထားတယ်။ နင်က ဘီးကုတ် ရောင်စုံလေး တွေ သုံးတတ်တာ ငါသိပါတယ်။ ခု ငါ့အတွေးထဲမှာ
နင်က အဝါရောင် အင်္ကျီလေး နဲ့ အဝါရောင် ဂါဝန်လေး ဝတ်ထားတယ်လေ။

ကောင်မလေး နင် အရမ်း လှနေတယ်ဟာ။ ဘေးက ဖြတ်သွားတဲ့ အစ်ကိုကြီးတွေတောင်
လှမ်းကြည့်သွားတာ ငါမြင်နေရတယ်။ ငါ့စိတ်ထဲ ပြုံးနေမိတယ်။ နင်သာ အဲဒီအချိန် လောက်က
အပျိုကြီးဖါးဖါး ဖြစ်နေရင် ပဲတွေ ပေးထားတဲ့ ခြေလှမ်းတွေ နဲ့ ခေါင်းလေး ငုံလျှောက် နေမှာပဲလို့
တွေးမိလို့ပါ။

ခုလို လက်ထဲက မုန့်ကို သဲကြီးမဲကြီး စားပြီး ငါကိုလည်း ဗလုံးဗထွေးနဲ့ စကားတွေ ဘယ်ပြောမလဲ။ ဟိုငေး ဒီငေး ဟိုလက်ညှိုးထိုး ဒီလက်ညှိုးထိုး ပြီး ဘယ်လျှောက် နေမလဲနော်။ အေးပါ အေးပါ တာတာပါ။ ငါ့ အိမ်ရောက်နေပြီ နင်တစ်ယောက်ထဲပဲ ဆက်သွားပေတော့ နင်အမေ မျှော်နေလောက်ပြီ။ နင် ဟိုငေး ဒီငေး နဲ့ ဆက်သွားတယ်လေ။ အင်း … ငါလည်း အိမ်ထဲ ဝင်ဖို့ပဲ ရှိတော့တာပေါ့။

ညနေဘက် တခါတခါ နင်တို့ ညီမနှစ်ယောက် မြေနီလမ်းအတိုင်း စက်ဘီးလေး စီးပြီး ငါတို့လမ်းထိပ်က အကြော်ဆိုင်လေးမှာ အကြော်လာ ဝယ်တတ်တယ်လေ။ ရေချိုး ပြီးကာစ သနပ်ခါး မှုံမှုံလေးတွေ နဲ့။ နင်ကတော့ လုပ်ပီ ညီမလေး နောက်က လိုက်စီးရတယ်လို့။ နင်က နင်းမယ် မရှိဘူး။ လူလည် ကြလိုက်တဲ့ ငါ့သူငယ်ချင်း။ ငါအိမ်ကနေ ရေခပ်ရင်း လှမ်းမြင် နေရတယ်။ နင်တို့ နေတဲ့ အရာရှိလိုင်းရပ်ကွက်မှာ လို ရေက အိမ်တိုင်ရာရောက် မလာဘူးလေ။ ငါတို့ရပ်ကွက်မှာ က ကိုယ်တိုင် ခပ်မှရတာလေ။ နင်လှမ်းခေါ်ပေမယ့် နင်ကို လက်ပြရုံလောက်ပဲ နှုတ်ဆက်လိုက်တယ်။ ငါ ရေ မချိုး ရသေးဘူး။ ရေခပ်ဖို့ တန်းသွားစီ ရအုံးမယ်ဟ။

ငါက ကျောင်းစာဆိုလည်း ရှမ်းတတ်တယ်။ ဆရာမ ဒေါ်အေးမြင့်ကြူ ကျူရှင်က ပြန်လာတိုင်းလိုလို စာရှမ်းလို့ ဆရာမက ငါကို ဆူလိုက်တဲ့ နေ့တွေဆို နင်မှာ ငါကို အားပေးရတာ အမော။ နင်လိုမှ ငါက စာမတော်တာ ကိုးနော်။ ကျောင်းရောက် ရင်လည်း စာမရလို့ ငါမှာ စိတ်ပူရတဲ့ မျက်နှာနဲ့။ နင်ကတော့ အမြဲပြုံး နေတတ်တယ်နော်။ နင်ကလေ နင် ဝတ်လာတတ်တဲ့ ကျောင်းဝတ်စုံလေးတွေနဲ့ တော်တော် လိုက်တယ်ဟ။ ဆင်တဲကဖေးက ရေနွေးကြမ်းတို့၊ ချိုကျတို့၊ ပုံမုန့်တို့၊ ဘလက် တို့ကောင်တွေ နင့် ရှေ့မှာလာလာ ရစ်နေတာ ငါမြင်တယ်လေ။ အထူးသဖြင့် နင်မုန့်စားတဲ့ အချိန်တွေ ဆိုရင်ပေါ့။

ဒီကောင်တွေ နင်ဆီက မုန့်တွေ တောင်းစားချင်နေတာ ငါသိတာပေါ့။ အဲဒီတုန်းက နင်ကျွေးတဲ့ မုန့်တွေ ငါ မစားခဲ့တာက ဟိုကောင်တွေ ငါကို မနာလိုဖြစ်ပြီး လာလာ ရန်ရှာ တတ်လို့ပါ။ ငါကို သူတို့ ဘယ်လောက် မျက်မုန်းကျိုး နေသလဲဆို ရေနွေးကြမ်းဆို အဆိုးဆုံး သိုင်းချတမ်း ဆော့ကြရင်တောင် ငါကို သူတို့ ဘက်မှာ မထားဘူး။ အဲဒါမှ သူငါ့ကို ထိုးလို့ကြိတ်လို့ ရမှာပေါ့။ ငါဆို သူတို့ သိပ်နိုင်ကြတာ။ ဒါတွေ နင်မသိဘူးနော်။

အေးဟာ။ ဘဝထဲမှာ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်လို့မရတဲ့ အကြောင်းတွေက ရှိသေးတာပဲ။ နင် နာမည်ပြောင်းတဲ့ နှစ်က တို့တွေ့ရတာ နောက်ဆုံး ပဲနော်။ နင်က နင် နာမည်လေး ပြောင်းထားတာ အားလုံးသိစေချင်လို့ ကလေး အထာလေးနဲ့ နင်ထိုင်တဲ့ ခုန်လေးဘေးက နံရံမှာ ရေးထားတာ ငါမှတ်မိသေးတယ်။ ဟုတ်သားပဲ ကလေး အထာလေးပေါ့ အဲဒီတုန်းက တို့က ကလေးပဲ ရှိသေးတာကိုး။ အေးပေါ့ တို့ပြန်တွေ့ကြရင် ဟိုတုန်းကလို တီဗီ အတူထိုင်ကြည့်လို့ ရချင်ရပေမယ့် သေနတ် ပစ်တမ်းတော့ အတူဆော့လို့ ရတော့မှာ မဟုတ်ဘူးဟ။ အန်တီကို အားနာစရာကြီး အန်တီက အသက်ကြီးပြီလေ တို့ကို လိုက်ရိုက်ရင် အရမ်း ပင်ပန်းမှာလေ။

ကျူရှင်က ဆင်းတဲ့ အပြန်လမ်းမှာ ငါပြောင်းသွားရင် နင်ငါ့ဆီ နှစ်ပတ်တစ်စောင် စာရေးရမယ် နော်တဲ့။ ငါလည်း မုန့်ဖိုးထဲကနေ စာအိတ်နဲ့ တံဆိတ်ခေါင်းတွေ ဝယ်ပြီး စာရေးခဲ့ပါတယ်။ နင်ဆီက စာတွေ ပြန်လာတိုင်း ငါပျော်တယ်။ ပုံမှန်ဆို ငါ့ဆီကြ စာမရေးဘူး ဆိုပြီး နင် ငါ့ဆီရေးတဲ့ စာကို လုပြီး တတ်နင်း ပြစ်တယ်။ သူကလေ အဲဒီနေ့က ဖိနပ်အသစ်လေး စီးထားတာကို တဖက်သက် ကြွားချင်တာ လည်း ပါတယ်။ အဲဒီ ဖိနပ်ရာလေးနဲ့ စာလည်း ငါခုထိ သိမ်းထားတုန်းပါပဲ။

တစ်ရက်ကပေါ့ နင်ဆီစာ စာရေး ရပ့ါမလား ဆိုပြီး ကျောင်းဆင်းချိန်မှာ ရေနွေးကြမ်းရယ်၊ ချိုကျရယ်၊ ပုံမှန်ရယ်၊ ဘလက်ရယ် ငါကို အုပ်စုလိုက် ဝိုင်းအနိုင်ကျင့် ကြတယ်။ ဗလတောင့်တောင့်၊ ကလန်ကလား ပုံမှန် နဲ့ ဘလက်က ငါကို ချုပ်ထားတုန်း အရပ်ကလေး မမှီတမှီ နဲ့ ချိုကျက ငါ့နားရွက်ကို တံတွေးနဲ့ လုမ်းစွတ်တယ်။ ပြီးတော့ ရက်ရက်စက်စက် ထိုးတယ်။ အဲဒီကောင် ကလိထိုးတာ သိပ်ကြမ်းတယ်ဟ။ ရေနွေးကြမ်းက ဆို နှာချေးနဲ့ တောင်သုတ် သွားသေးတယ်။ အဲလို တွန့်လိမ်ပြီး နံစော်နေတဲ့ ကြားကတောင် နင်ကို ငါသတိရလိုက် ပါသေးတယ်။

ဘယ်တုန်းက ခိုးကြည့်ထားလည်း မသိဘူး ငါဆုထားတဲ့ မုန့်ဖိုးလေး ၅ ကျပ် ကွန်ပါဖူး ထဲထည့်ထားတာ ကိုပါ ရအောင်ယူ သွားသေးတယ်။ အုန်းနို့ခေါက်ဆွဲ နဲ့ အကြော် ဝယ်စားရမယ်တဲ့။ ငတ်ကြီးကို ကျတဲ့ ရေနွေးကြမ်း။ သူတို့ ကပြော သွားကြသေးတယ်။ မင်းကို တစ်ယောက်တည်း မချရဲလို့ ကြည့်နေတာ ကြာပြီ တဲ့။ နောက်တစ်ခါ နင်ဆီ စာရေးတဲ့ အသံကြားရင် ဒီထက် နာမယ်မှတ်တဲ့။ အဲဒါကြောင့် နင်မှာထား ခဲ့သလို ငါ နှစ်ပတ်ကို စာတစ်စောင် နင်ဆီ မရေးဖြစ်ခဲ့တာပါ။

အေးနော်။ လေးထောင့်အခန်းထဲ တမိုးအောက်က နေ့တွေ၊ ကျောက်သင်ပုန်းကြီး တစ်ချက်ထဲကို အတူကြည့်ခဲ့တဲ့ နေ့တွေ၊ စာသင်သံနဲ့ ဆော့ကစားသံတွေ ဆူညံနေတဲ့ စာသင်ခန်းထဲက နေ့တွေ၊ တစ်လမ်းထဲ အတူလျှောက်ခဲ့တဲ့ နေ့တွေ၊ မုန့်အတူ စားခဲ့တဲ့ နေ့တွေ နှင့် ဆင်တဲမြေက ရေတွေ လေတွေနဲ့ အတူရှင်သန်ခဲ့တဲ့ နေ့တွေက ဟိုးအဝေးမှာ ကျန်ခဲ့ပြီနော်။ ခုဆို နင်နဲ့ငါ မတွေ့ရတာ ၁၆ နှစ်တောင်ကြာသွားပြီနော်။ ငယ်ငယ်က ပို့ခဲ့တဲ့ စာလေးတွေထဲက ဓာတ်ပုံတွေ၊ အရွယ်ရောက်လာတော့ အီးမေးလ်ကေ တဆင့်ပို့လိုက်တဲ့ ပုံတွေ နဲ့ အွန်လိုင်းပေါ်မှာ ပြန်တွေ့ရတဲ့ ပုံလေးတွေက လွဲရင် ဒီ ၁၆ နှစ်တာကာလအတွင်းမှာ တို့တွေ တစ်ခါမှ ပြန်မဆုံ ဖြစ်ကြဘူးနော်။ ပြန်ဆုံဖြစ်ဖို့ ကြိုးစားတိုင်း မတိုင်ဆိုင်ခဲ့တဲ့ ကံကြမ္မာကို ပဲ လက်တို့ပြီး ငိုရမလို ဖြစ်နေပြီ။

လာချင်ရင် အနီးလေးပဲ ဆိုပေမယ့် ခုဆို ပိုလို့ဝေးနေတာ ရေခြားမြေခြား တိုင်းတပါးမှာ။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းရယ် ... တို့တွေ ခုလက်ရှိဘဝထဲမှာတော့ ကိုယ်ဘဝနဲ့ကိုယ် စိတ်ထဲမှာ ခုထိ အဖြူရောင် မေတ္တာတွေနဲ့ သတိရ ခိုင်မြဲနေကြတာပဲ။ အပြင်မှာ မတွေ့ရသေးလဲ အွန်လိုင်းမှာ အားတဲ့ အချိန်တွေမှာ တွေ့နေတာပဲ။ ဘာလိုသေးလဲ။ သတိရ နေကြရင် ပြီးတာပဲပေါ့။ ကျန်းမာအောင် နေပြီး စိတ်ချမ်းသာအောင် နေကြတာပေါ့။

ဘာလိုလိုနဲ့ နင့်မွေးနေ့လေး တောင် တစ်ခါပြန်ရောက်လာတော့ မယ်နော်။ နင့်အတွက် မွေးနေ့ ကဗျာလေး စပ်ထားတယ်။ နင်ဖတ် ကြည့်လိုက်ပါဦး။

နင်မွေးနေ့ လေးကနေ နောက်ဆုံး ထွက်သက်ထိ ပေါ့ဟာ .. သူငယ်ချင်း နင် ထာဝရ ပျော်ရွှင်နိုင်ပါစေဟာ။ မွေးနေ့ရောက်တဲ့ နေ့ကြမှ ဖုန်းဆက်လိုက်မယ် သူငယ်ချင်းရေ ...




ဆယ့်တစ်ဂျူလိုင်မွေး
သူငယ်ချင်းရဲ့ မွေးနေ့လေး
ခုထိမမေ့သေး
ရှေ့ရေးကဘယ်မှာ
တွက်ချက်လို့ဖြင့် မသေချာ
မွေးရပ်မြေကစွာ ...

ဖြေမရနေ့စွဲ
ဆယ့်ခြောက်နှစ်ကြာ ဝေးစေလည်း
လွမ်းမိခဲ့ရင်ထဲ ...

ဆင်တဲမှယနေ့
ခင်မင်ခဲ့တာ တို့မမေ့
ခန္ဓာတည်သရွေ့
သစ္စာနဲ့ပွေ့ဖက်
သူငယ်ချင်းမေတ္တာ ပြည့်နက်
ခင်ကြမယ်ရှေ့ဆက် ...

.................................................ဣဣဣ...................................

## အိမ်မက်ချိုလေး




သူ... "သူ" ဆိုတာ ကျွန်တော့ရဲ့ သူ ပေါ့။ ကျွန်တော့ရဲ့ အိမ်မက်လေး လို့ပြောရင်လည်းရတယ်။ မဟုတ်သေးပါဘူး ကျွန်တော့ရဲ့ အိပ်မက်ချိုလေး လို့ပြောရင် ပိုမှန်မယ်။ အိပ်ပျော်သွားတိုင်း အိပ်မက် မမက်ပေမယ့် အိပ်မက်မက်တဲ့ အခါတိုင်း အိပ်မက်ချိုလေးတွေ ရှိသလို အိပ်မက်ခါးလေးတွေ၊ အိပ်မက်ဝါးတားတားလေးတွေ မက်တတ်တာ လူတိုင်းကြုံဖူး ကြမှာပါ။ အိပ်မက်ဆိုတာ နားထောင်တဲ့လူ ရှိရင် ပြောပြလို့ရပေမယ့် လိုက်ကြည့်ချင်တဲ့ သူ့အတွက် လိုက်ပြလို့ ရမှာမဟုတ်ဘူး။ ဒီလိုပါဘဲ ကျွန်တော့ရဲ့ သူ ကိုလည်းလိုက်ပြလို့ ရမှာမဟုတ်ဘူးလေ။ ကျွန်တော် တစ်ယောက်ထဲပဲ ပုံဖော်ကြည့် လို့ရတယ်။ သူက ကျွန်တော့ရဲ့ အိပ်မက်ချိုလေး ဖြစ်နေလို့ပေါ့။

အိပ်မက်ချိုလေး ဆိုလို့ သူ့ကို ကျွန်တော်စတွေ့တာ အိပ်မက်ထဲမှာတော့ မဟုတ်ဘူး။ လမ်ကြားထဲမှာ ထင်လို့လား အဲဒီမှာလည်း မဟုတ်ဘူး။ သူ့ကို ကျွန်တော်စတွေ့တာ ဟိုး...လေလိုင်း ထဲမှာပါ။ ကျွန်တော်တို့က လေလိုင်းထဲမှာ လမ်းလျှောက်တတ် ကြသူတွေပါ။ လမ်းလျှောက်တာ များလာတော့ ခလုတ်တိုက် မိတာပေါ့။ သူနဲ့ ကျွန်တော် ဘယ်သူကဘယ်သူ့ကို စပြီး ခလုတ်တိုက်မိသလဲ ကျွန်တော် မမှတ်မိချင် တော့ပါဘူး။

အဲဒီနေ့ကလေ တိမ်တောက်ချိန် လွန်သွားပေမယ့် သူ့အသံလေးက အရမ်းလှနေတာ ကျွန်တော် ခံစားလို့ရတယ်။ ဒါပေမယ့် အမှတ်တမဲ့ ပါပဲ။ တစ်ယောက်ကို တစ်ယောက်ကျော်တက် သွားတော့လည်း ခံစားချက်က ဗလာဖြစ်သွားတယ်။
ဘဝမှာ မထင်မှတ်တာလေးတွေ ဖြစ်တတ်တယ် မဟုတ်လား။ လေလိုင်းထဲမှာ လမ်းလျှောက်ထွက်ရင်း သူနဲ့အထပ်ထပ် ဆုံမိတော့ ကျွန်တော် ခလုတ်တိုက်မိတဲ့ ဒဏ်ရာလေးက သတိထားမိတဲ့ အချိန်မှာ တော်တော်ရင်းနေပါပြီ။ တိမ်တောက်ချိန်တွေ ကုန်သွားတိုင်း လေလိုင်းထဲမှာ သူနဲ့ကျွန်တော် လမ်းလျှောက်ထွက် ဖြစ်ခဲ့ကြပါတယ်။

ဒီလိုနဲ့ ကျွန်တော်လည်း တိမ်တောက်ချိန်လေးတွေ မြန်မြန်ကုန်စေဖို့ ဆုတောင်း တတ်လာပါတယ်။ လမ်းလျှောက်ထွက်တိုင်း သူ့အသံလေးကြားရဖို့ မျှော်လင့် တတ်လာပါတယ်။ အတူ လမ်းလျှောက်ထွက်ခဲ့တဲ့ အချိန်တိုင်းကို ပြန်လွမ်း တတ်လာပါတယ်။ သူ့အသံလေးတွေ၊ သူ့စကားလုံးလေးတွေက ရိုးရိုးလေးမှန်းသိပေမယ့် အဲဒီရိုးရိုးလေးကိုပဲ ကျွန်တော် စွဲလန်း တတ်လာပါတယ်။ သူ့ကိုပြောပြချင်တဲ့ စကားလုံးတွေ ရင်ထဲမှာ အမြဲတွေး တတ်လာပါတယ်။ တိမ်တောက်ချိန်လေးတွေ ကုန်သွားပြီး သူနဲ့မတွေ့လိုက်ရမှာ စိုးရိမ် တတ်လာပါတယ်။

ရက်တွေ၊ လတွေ ပြောင်းလာပေမယ့် သူ့ကို ငြီးငွေ့သွားတာမျိုး မရှိခဲ့ပါဘူး။ အတူ လမ်းလျှောက်ရတဲ့ အချိန်တိုင်း တကယ်ပျော်ခဲ့ရပါတယ်။ သူ့အသံနဲ့ သူ့စကားလုံးတွေက ကျွန်တော် ဘဝထဲမှာ ပျော်ဝင်ခဲ့သလို ဒီရင်ဘက်ကြီးရဲ့ အနက်ရှိုင်းဆုံးနေရာအထိ တိုးဝင်ခဲ့ပါတယ်။ တစ်နေ့တစ်နေ့ သူ့အကြောင်းတွေ စဉ်းစားရင်း ရင်ဘက်တစ်ခုလုံး လေးလံလာတယ်လို့ ကျွန်တော့ ကိုယ်ကျွန်တော် ခံစားရပါတယ်။ ကျွန်တော့်ရဲ့ အသက်ရှူသံနဲ့ ရင်ခုန်သံကြားထဲမှာ သူ့ကိုနေရာပေးထား မိပါတယ်။ ခလုတ်တိုက်ခဲ့တဲ့ ဒဏ်ရာက ရင်းလွန်းအားကြီးလာတော့ ကျွန်တော့နှလုံးကတောင် ဘာသာမပြန်နိုင်တော့ပါဘူး။

ကျွန်တော်လေ သူနဲ့ဝေးရာ လေလိုင်းရပ်ဝန်းက ရုန်းထွက်ခဲ့ဖူးပါတယ်။ မျိုသိပ်ရင်း မျိုသိပ်ရင်း နဲ့ တိမ်ဝင်ခဲ့ရလို့ပါ။ ကျွန်တော် နလုံးသားက ပိုင်ရှင်ရှာတွေ့ထားပြီးပြီလေ။

သူနဲ့အဝေးဆုံးကို မပြေးနိုင်ခဲ့ပါဘူး။ တည့်တည့်ကြီး ပြန်လှည့်ပြီး လေလိုင်းထဲက သူ့နားကို ပြန်လာခဲ့ပါတယ်။

ဩော်… လေလိုင်းထဲမှာ ချိုလွင်တဲ့အသံလေးတွေရှိသလို မဆုံနိုင်လို့ရတဲ့ ဝေဒနာလေးတွေ ပါရှိနေတယ် ဆိုတာ တဖြည်းဖြည်းသိလာပါတယ်။ လေလိုင်းထဲမှာ သူနဲ့လမ်းလျှောက် ထွက်မိနေတုန်းပါပဲ။ ဘယ်အချိန်ထိ လမ်းလျှောက်ထွက်ဖြစ် မလဲဆိုတာလည်း မသိချင်ပါဘူး။ သူ့စိတ်နဲ့ပြည့်နေတဲ့ ကျွန်တော့မှာ မအိပ်ချင်တဲ့ညတွေနဲ့ မထချင်တဲ့မနက်တွေသာ များလာခဲ့ပါတယ်။

သူနဲ့ လေလိုင်းထဲမှာ လမ်းလျှောက်ထွက်ရတာ အိပ်မက်ချိုလေး မက်နေရသလိုပါဘဲ။ အိပ်ယာကလန့်နိုးတိုင်း အိပ်မက်ချိုလေး ကိုတမ်းတရတာ ရင်မောလှပါပြီ။ တကယ်တော့ အိပ်မက်ဆိုတာ ပြောပြလို့ရပြီး လိုက်ပြလို့မှမရတာ ဘာကြောင့်လဲ။ အိပ်မက်နဲ့ အိပ်မက်ထဲက အသိတွေက ဦးနှောက်သုံးလို့မှ မရတာ ရင်မောရတာ ဘာဆန်းလဲ။ ဘာမှမရှိဘဲ ဆုပ်ကိုင်ပြီး ဖွင့်ကြည့်မှ ဘာမှမရှိတာကို ခံစားနေစရာလား။ အိပ်မက်ဟာအိပ်မက်ပဲ ဘာမှ အံ့ဩစရာမကောင်းပါဘူး။ ဒါကြောင့် အိပ်မက်ကို အိပ်မက်ထဲမှာ ထားပြီး တံခါးပိတ်လိုက်ပါပြီ။ ပိုင်ရှင်ရှာနေတဲ့ ကျွန်တော့ရဲ့နှလုံးသားလေးကို သူ့ဆီပို့ပေးချင် ပါတယ်။ အိပ်မက်တွေဟာ လက်တွေ့ဖြစ်လာဖို့ လမ်းစတွေပါပဲ။ ကျွန်တော် အဲဒီယုံကြည်ချက်ကို ကိုယ်မှာဝတ်ဆင်ပြီး လမ်းစတွေ ရှာတော့မယ်။ လမ်းစတွေရဲ့တဘက်က လက်တွေ့ဘဝထဲမှာ ကျွန်တော့ရဲ့ "သူ" ကို မြင်လိုက်ရရင်…

…………………………………………ဏ္ဏဏ္ဏ…………………………………………………..

အားကို အထူးပဲ ကျေးဇူးတင်ပါတယ်….

**ဆင်တဲကဖေး မိသားစု …**